www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၀၉၇၁၀၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၀၈၃၀၁၁၁

ထုတ်ဝေသူ ♠ ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ် (၂)၊ ချွန်း(၁)လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်။

အတွင်းပုံနှိပ်သူ ♠ ဦးကျင်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

အဖုံးပုံနှိပ်သူ ♠ ဦးကျင်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)
၂၂၅၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ပုံနှိပ်ခြင်း ♠ ပထမအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဇွန်လ။

အုပ်ရေ ♠ ၅၀၀ အုပ်

တန်ဖိုး ♠ ၁၀၀ ကျပ်

ဖြန့်ချိရေး ♠ ဖိုးလပြည့်စာပေ
အမှတ် (၂၂၃)၊ (၃)လွှာ၊ ၃၁ လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
-095163764/ -095162031

"ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း" (CIP)

၈၉၅·၈၃

ချစ်မျှားရှင်
ဘာ ဘာ ဘာမှမဟုတ်ဘူး/ ချစ်မျှားရှင်။
- ရန်ကုန် ၊
ရဲအောင်စာပေ၊ ၂၀၁၀။
(၁၇၀) စာ၊ ၁၃ × ၂၀.၇ စင်တီ။
(၁) ဘာ ဘာ ဘာမှမဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁)

မိုးတွင်းမို့ ဗွက်တွေ ပြည့်လျှံနေသော ရပ်ကွက်လေးအတွင်း အနီရောင်ဆန်နီစူပါဆလွန်းကားလေးတစ်စီး ယိမ်းကာထိုးကာ မောင်း၍ ဝင်လာသည်။ ကားက ဆေးရောင်တောက်ပြောင်လွန်းပြီး ခေတ်မီသဖြင့် ရပ်ကွက်ထဲကလူတွေ အထူးအဆန်းသဘောမျိုးဖြင့် အလျှိုလျှိုကြည့်ကြကုန်သည်။ ကလေးတွေဆို အဆော့ရပ်၍ ကားလေးကို လိုက်ကြည့်ကြသည်။ လမ်းကျဉ်းကျဉ်း ဗွက်ထူထူထဲတွင် ကားလှလှ ပပလေးတစ်စီး ခပ်မြန်မြန်လေးမောင်းနေခြင်းသည် လူတကာအတွက် ပဟေဠိဖြစ်ဖွယ်ရာအတိ။

ရပ်ကွက်လေးက လူတန်းစားပေါင်းစုံနေထိုင်ခြင်းကြောင့် အမြင်အမျိုးမျိုးနှင့် ကားလေးကို ဝိုင်းဝေဖန်ကြသည်။ အားကျခြင်းတွေလည်း အသီးသီးဖြစ်ပေါ်ကုန်ကြသည်။ ရပ်ရှင်ထဲက ထူးဆန်းသော ပြကွက်ကို တွေ့မြင်လိုက်သကဲ့သို့ လမ်းထဲရှိ လူတွေ ခံစားသွားရသည်။

'ကျောင်းဆရာ အငြိမ်းစားဦးလှခင်'

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်းဘုတ်ချိတ်ထားသော သွပ်မိုးပျဉ်ကာ အိမ်လေးရှေ့တွင် ကားလေးက ဝေါခနဲ ထိုးရပ်လိုက်သည်။ အိမ်ရှေ့ရှိ ဗွက်အချို့က ဖျန်းခနဲ ဘေးဘီဝဲယာစင်သွားသည်။ ဘေးအိမ်မှ လူများက စပ်စုသည့် သဘောနှင့် ခေါင်းပြူ၍ထွက်ကြည့်ကြသည်။ ရှေ့ပေါက်မှ ကားတံခါး အရင်ပွင့်လာသည်။ လှပသော ဒေါက်ဖိနပ်လေးတစ်ဖက် ထွက်လာ၏။

မိုးပြာရောင် ဂျင်းဘောင်းဘီဝတ်ဆင်ထား၍ ကာတွန်းရုပ်ပါ စတိုရှပ်တစ်ထည်ဝတ်ထားသော ဆံပင်အနီရောင်နှင့် ကောင်မလေးတစ်ယောက် ဆင်းလာသည်။ ဗွက်တွေကို ခြေမထောက်ရဲစွာဖြင့် ခုန်ဆွဆွ လုပ်နေသည်။

'သဉ္ဇာမ ကြီးကျယ်မနေနဲ့၊ ဒါတာဝတီသာ သွားတဲ့လမ်းမှ မဟုတ်တာ'

နောက်တံခါးဖွင့်၍ ဆင်းလာသော ကောင်မလေးက ခုန်ဆွဆွ ကောင်မလေးကို လှမ်းပြောသည်။ ဤကောင်မလေးက ဆံပင်ရှည် ရှည် မျက်နှာပြည့်ပြည့် အင်္ကျီလက်ဖောင်း ပွတာတာ ဂါဝန်လေးကို ဝတ်ဆင်ထားသည်။

'နှင်းနှင်း... မာဃလုလင်ကို သွားပိုးပြီးမှ လမ်းခင်းပေးရင် ကောင်းမယ်'

နှင်းနှင်းဆိုသော ဆံပင်ရှည်ရှည်ကောင်မလေးက တစ်ချက် ရယ်သည်။ နောက်ထပ်ကောင်မလေးတစ်ယောက် ကားပေါ်က ဆင်း လာပြန်သည်။

'ဟဲ့... ကောင်မတွေ ဆရာနဲ့တွေ့ရဖို့က အရေးကြီးတယ်၊ သွားချေ'

www.burmeseclassic.com

www.burmeseclassic.com



ဤကောင်မလေးက ဆံပင်တိုတို အနည်းငယ်ကောက်ကွေး ခပ်ဖိန့်ဖိန့် မျက်လုံးပြူးပြူးလေးနှင့်။

'ကဲ… ကဲ… ဆရာမကြီး မြတ်မွန်ရေ နင်သာ အရင်ကြွ'

ပတ်ဝန်းကျင်မှ လူတွေမှာ ဤကောင်မလေးသုံးယောက်အား မချီးကျူးဘဲ မနေနိုင်ပေ။

'ဟယ်… ချစ်စရာလေးတွေ'

'မင်းသမီးတွေလား မသိဘူး'

ကောင်မလေးသုံးယောက်က ဘယ်သူ့စကားမှ မကြားဘဲ အိမ်ပေါ်သို့ တက်သွားကြသည်။ ဧည့်ခန်းထဲတွင် ထိုင်နေသော လူ တစ်စုကို တွေ့ရသည်။

'ဆရာ အခြေအနေ ဘယ်လိုရှိလဲ'

သဉ္ဇာကမေးသည်။ စွပ်ကျယ်နှင့်လူတစ်ဦးက

'အဖေ့အခြေအနေက ဆရာဝန်တွေတောင် လက်လျှော့လိုက် ပြီ၊ ညီမလေးတို့ကို အဖေ စောင့်နေတယ်'

ကောင်မလေးသုံးယောက်က သူတို့၏ ဆရာဖြစ်သူ အခန်းထဲ သို့ မဝင်ရဲကြပေ။ ဒီနေရာတွင်တော့ တွန့်ဆုတ်ဆုတ်နိုင်လေသည်။

'လာ… လာ… ကျွန်တော် ပို့ပေးမယ်'

သားဖြစ်သူက ကောင်မလေး သုံးယောက်ကို အခန်းထဲခေါ် သွားသည်။

'ဗွီဒီယိုတွေထဲကလို ခေါင်းခါပြီး ထွက်လာတဲ့ ဆရာဝန်တွေ လည်း မတွေ့ပါလား'

'မြတ်မွန် တိတ်တိတ်နေစမ်း'

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲတွင် အတော်ပိန်ချုံးကျသွားသော ဆရာဖြစ်သူ ဦးခင်လှကို ပက်လက်အနေအထားလေး တွေ့ရသည်။

'အဖေ… အဖေ့တပည့်မလေးတွေ ရောက်နေတယ်'

ဦးခင်လှ မျက်လုံးကလေး ဖြည်းညှင်းစွာ ဖွင့်လိုက်သည်။ ကောင်မလေးသုံးယောက် မျက်နှာချင်းဆုံကာ ဆရာဖြစ်သူကို ကြည့်လိုက်၏။

'သမီးတို့ ရောက်နေကြပြီနော်၊ သမီးတို့ ဆရာ့ဆီမှာ အပ်ထားတဲ့ ပစ္စည်းလေးတွေ ပြန်ယူသွားကြဦး'

'ဒါတွေ မပြောပါနဲ့ ဆရာ၊ ဆရာ အခု သက်သာလား၊ သမီးတို့ ဘာများကူညီပေးရဦးမလဲ'

'ဆရာ့အတွက် မလိုတော့ပါဘူး သမီးတို့ရယ်၊ ဆရာ့အခြေအနေက ဆရာပဲ သိတယ်၊ သမီးတို့လိမ္မာနေရစ်ကြနော်'

'ဟုတ်ကဲ့ပါ ဆရာ'

'စာတွေလည်း များများဖတ်ကြနော်'

ကောင်မလေးသုံးယောက်သည် ဆရာဦးခင်လှ၏ ဆယ်တန်းကျောင်းသူ ဘဝကတည်းက ဆရာအရင်းဖြစ်သော ဆရာဦးခင်လှကို ချစ်လည်းချစ်သည်။ လေးလည်းလေးစားသည်။ ယုံလည်း ယုံကြည်သည်။ ဆရာဖြစ်သူကလည်း တပည့်တွေထဲမှာ ထူးချွန်သော ကောင်မလေးသုံးယောက်ကို ပိုအထင်ကြီးသည်။ ဆရာဦးခင်လှသည် စာဖတ်ဝါသနာပါသူဖြစ်သဖြင့် တပည့်ကျောင်းသားကျောင်းသူများအား စာဖတ် ဝါသနာထုံစေရန် သူကိုယ်တိုင် စာအုပ်ကောင်းတွေ ဝယ်သူ စုဆောင်းထားပြီး ခင်မင်သော မိတ်ဆွေသူငယ်ချင်းများနှင့် ဆွေမျိုးဆက် သစ်လူငယ်လေးများအား စာအုပ်ကောင်းများ လမ်းညွှန်ပြသ၍ ငှား

www.burmeseclassic.com



လေ့ရှိသည်။ လိုချင်သောသူရှိလျှင် အပိုင်ရောင်းတတ်၏။ သူ့အိမ်တွင် စာအုပ်မျိုးစုံလင်စွာ အပြည့်ရှိသည်။ စာအုပ်စာပေနှင့်ပတ်သက်၍ အရမ်းဂရုစိုက် အလေးထားသော ဆရာကောင်းတစ်ဦးဖြစ်လေသည်။

ဆရာဦးခင်လှမှာ စကားပြောရင်းနဲ့ အမောဖောက်လာလေသည်။ အိုမင်းရင့်ရော်နေသော နှုတ်ခမ်းလေးတွင် အပြုံးအချို့ကို တွေ့ရ၏။ တပည့်မသုံးယောက်လည်း ဆရာဖြစ်သူ ဝေဒနာခံစားနေရသောအခါ ရင်ထဲတစ်မျိုးတမည် ခံစားရလေသည်။

'သား… စာအုပ်စင်ထောင့်က သေတ္တာလေးထုတ်လာပြီး ဒီကောင်မလေးတွေရဲ့ ပစ္စည်းတွေကို ပေးလိုက်ပါကွယ်'

သားဖြစ်သူက စာအုပ်စင်နားမှ သေတ္တာလေးကို အရင်ရှာလေသည်။ သေတ္တာလေးတွေ့သောအခါ ဖုန်တွေတက်နေ၍ ဖုန်ခါလိုက်ပြီး ကောင်မလေးသုံးယောက်ရှိရာသို့ ယူလာသည်။ စားပွဲပေါ်သို့ တင်ထားလိုက်သည်။

'အဖေ… ဆေးသောက်ပြီး ခဏနားနေဦးနော်၊ သား ဧည့်သည်တွေကို ဧည့်ခံလိုက်ဦးမယ်'

ဆရာကြီးဦးခင်လှမှာ စကားပြောရတာ မောသွား၍ သက်ပြင်းချကာ ရင့်ဘတ်ပေါ် လက်ကလေးတင်၍ အိပ်ပျော်သွားလေသည်။ ကောင်မလေးသုံးယောက်လည်း ဧည့်ခန်းထဲသို့ ပြန်ထွက်လာကြ၏။ ဆရာကြီး၏ သားဖြစ်သူက…

'ညီမတို့ ကျွန်တော် တစ်ခုခုသွားစီစဉ်လိုက်ဦးမယ်'

သားဖြစ်သူက နောက်ဖေးမီးဖိုချောင်ထဲ ဝင်သွားသည်။

'ဒါက ဆရာကြီးရဲ့ နိုင်ငံခြားရောက်နေတဲ့ သားလား'

www.burmeseclassic.com

www.burmeseclassic.com



'ထင်တာပဲ သဥ္စာရဲ့၊ ဒါတို့ကိစ္စမဟုတ်ပါဘူး၊ ကိစ္စက ဒီသေတ္တာလေး'

'ဆရာကြီးဆီ ငါတို့အပ်ထားတာ သုံးနှစ်ခွဲလောက် ရှိပြီနော်'

'ဆရာကြီးက သေသေချာချာ ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့တာပဲ၊ ကျေးဇူးကြီးမားလှပေတယ်'

'တကယ်ဆို ငါတို့လည်း အသက်အရွယ်ရလာပြီ၊ ဒီသေတ္တာထဲက ပစ္စည်းတွေကို ဖျက်ဆီးပစ်သင့်နေပြီ'

'ငါလည်း အဲဒါပဲ ပြောမလို့ နှင်းနှင်းရဲ့၊ တစ်ချိန်ချိန်မှာ ဒီ ပစ္စည်းတွေဟာ ငါတို့ဘဝအတွက် အန္တရာယ်တွေ ကျိန်းသေပေါက် ဖြစ်လာနိုင်တယ်'

'ငါတို့ ဆယ်ကျော်သက်တုန်းက အပျော်တမ်းပေါက်ကရတွေ လျှောက်လုပ်ခဲ့တာတွေလေ၊ ရယ်တော့ရယ်ရတယ်'

မြတ်မွန်က သူများမကြားအောင် တိုးတိုးလေးရယ်သည်။ သဥ္စာက

'နင်တို့ သော့တွေရော ရှိသေးရဲ့လား'

'ရှိတာပေါ့၊ ကိုယ်နဲ့မကွာ ဆောင်ထားတာ၊ ဒီသော့နဲ့ ဟိုဟာပဲရှိတယ်'

'ကောင်မနော် ပေါက်တက်ကရတွေ လျှောက်မပြောနဲ့'

နှင်းနှင်းက မြတ်မွန်ရဲ့ ပခုံးကို ဖွဖွလေးတစ်ချက်ထုလိုက်သည်။

'ငါပြောတာ မိတ်ကပ်ဗူးကို ပြောတာ'

'သူငယ်ချင်းတို့ရေ သိပ်အချိန်မဆွဲနဲ့တော့၊ တို့တတွေ ပစ္စည်းကိုသော့ဖွင့်ပြီး စစ်ကြည့်ရအောင်'

www.burmeseclassic.com

www.burmeseclassic.com



'အိုကေ ကောင်မ'

နှင်းနှင်းက သော့နှင့်သေတ္တာလေးကို ဂျောက်ခနဲဖွင့်လိုက်သည်။ ကောင်မလေးသုံးယောက်စလုံး လှပသောမျက်ဝန်းလေးများ ပြူးကျယ်ကုန်၏။

'ဟာ'

'ဟင်'

'ဟို'

သေတ္တာကလေးထဲတွင် သူတို့သိမ်းဆည်းထားသော ပစ္စည်းများ မရှိပေ။ ကွန်ပျူတာစာလုံးဖောက်ထားသော စာတစ်စောင်သာ တွေ့ရသည်။

'အလုပ်သမားနေ့က ယူသွားသည်'

ချော့မောလှပသော နုတ်သမီးလေးများ ချက်ချင်းပဲ စုန်းမအို ကြီးအသွင် အမူအရာပြောင်းလဲကုန်သည်။ နှင်းနှင်းက တွေတွေကြီး ထိုင်ကျသွားသည်။ သဉ္ဇာက နံရံကိုမှီလျက် ရှိပြီး မြတ်မွန်က အံကို ကြိတ်ထားသည်။ ဆရာကြီးမှလွဲ၍ ဤသေတ္တာလေး ရှိသည်ကို ဘယ်သူဘယ်ဝါကမှမသိပေ။

တစ်ခုတော့ရှိသည်။ ဆရာကြီးရဲ့ တစ်ဦးတည်းသောသားကို မေးကြည့်မှပဲ ဖြစ်မည်။ နိုင်ငံခြားမှ မနေ့တစ်နေ့က ပြန်ရောက်သော သားဖြစ်သူသည် ဒီသေတ္တာလေးထဲမှ လျှို့ဝှက်ပစ္စည်းများကိစ္စကို သေိနိုင်ပေ။

'ညီမတို့ အအေးသောက်ကြပါဦး'

'မသောက်တော့ပါဘူး အစ်ကို၊ ဒီမှာ ပြဿနာတက်နေပြီ၊ ညွှန့်မတို့ရဲ့ သေတ္တာထဲက ပစ္စည်းတွေ ပျောက်ကုန်ပြီ'

'ဗျာ··· အဲဒါ အဲဒါတွေ အစ်ကို မသိဘူးနော်၊ အဖေက

www.burmeseclassic.com



ကောင်မလေးသုံးယောက်က အဲဒီသေတ္တာကို အပ်နှံထားတာပဲ ပြောခဲ့တာ၊ ကျန်တာတွေ ငါမသိဘူး'

'ညီမတို့က အစ်ကို့ကို စွပ်စွဲတာ မဟုတ်ပါဘူး၊ အစ်ကို နိုင်ငံခြားက မနေ့တစ်နေ့ကမှ ပြန်ရောက်တာ ညီမတို့ သိပြီးသားပါ၊ ညီမတို့က ဒီသေတ္တာလေးကို ဆရာကြီးဆီမှာ လွှန်ခဲ့တဲ့ သုံးနှစ်ခွဲလောက်ကတည်းက အပ်နှံထားခဲ့တာပါ'

သဉ္ဇာက အေးအေးဆေးဆေး ရှင်းပြသည်။

'ဆရာကြီးက သန်မာတုန်းက သူ့တူတစ်ယောက်နဲ့အတူ နေတယ်'

'ဟုတ်ပါတယ်၊ အခု အဲဒီတူတော်မောင် မိန်းမရသွားလို့ အဖေနဲ့ အတူတူမနေတော့ပါဘူး၊ အဖေ နေမကောင်းဖြစ်တော့ ကူဖော်လောင်ဖက်ရအောင် ကောင်လေးတစ်ယောက်ကိုတော့ ငှားပြီးထားတယ်'

'အဲဒီကောင်လေးက'

'လက်ဖက်ရည်ဆိုင် တစ်ဆိုင်မှာ စားပွဲထိုး လုပ်နေတယ်'

'ကောင်လေး ယူသွားတာရော မဖြစ်နိုင်ဘူးလား'

မြတ်မွန်က နဝေတိမ်တောင်နှင့် မေးသည်။

'မဖြစ်နိုင်ဘူး မြတ်မွန်၊ ယူမဲ့ယူ သေတ္တာလေးတစ်ခုလုံး ယူသွားမှာပေါ့၊ သော့ဖွင့်စရာတောင် မလိုဘူး'

နှင်းနှင်းက အချက်ကျကျ ပြန်ရှင်းပြသည်။

'ဒါဆို အခြားတစ်ယောက်က ဝင်မသွားတာပေါ့'

'သဉ္ဇာ နင်သေချာလို့လား'

'ငါလည်း ခန့်မှန်းတွေးကြည့်တာပါဟာ'

www.burmeseclassic.com

www.burmeseclassic.com



'ဆရာကြီးဆီမှာ စာအုပ်ငှားစာရင်း ရှိလား'

'ရှိပါတယ်၊ တစ်ခါတလေ စနေ တနင်္ဂနွေမှာ တပည့်တွေ လာငှားကြရင်း သူက စာရင်းမှတ်လေ့ရှိတယ်'

'အဲဒီစာအုပ်လေးကို ခဏကြည့်ချင်တယ်'

သားဖြစ်သူက စာအုပ်စင်ဘက်သွား၍ စာအုပ်ရှည်တစ်အုပ်ကို ယူလာသည်။

'နင်ကလည်း ဒီလောက်လူအများကြီးထဲက ဟရှားခံရှာမလို့လား'

'တုံးပါ့ သဥ္စာရယ်၊ ဒီမှာ စာရေးထားတာ တွေ့လား၊ အလုပ်သမားနေ့တွင် ယူသွားသည်တဲ့၊ ထပ်သေချာတာက အဲဒီရက်အတွင်း ဆရာကြီးဆေးရုံတက်နေရတယ်လေ'

'အိမ်မှာ လူစောင့်ဆိုလို့ ဟိုကောင် ဖိုးဇော်ပဲရှိတာ'

သားဖြစ်သူက တွေးတွေးဆဆဆိုသည်။

'ဖိုးဇော်က စာအုပ်စာရင်းတွေ မှတ်လား'

'အဖေ မမှတ်ရင် သူမှတ်တယ်'

နှင်းနှင်းက စုံထောက်အသွင်ဖြင့် လက်ပိုက်ကာ

'မြတ်မွန် စာအုပ်ထဲက မေဒေးနေ့မှာ စာအုပ်ငှားတဲ့ လူစာရင်းလိုချင်တယ်၊ ဘယ်သူတွေရှိလဲ'

မြတ်မွန်လည်း သဘောပေါက်သွား၍ စာအုပ်စာရင်းကို ရက်ခွဲအလိုက်ရှာလေသည်။ မေဒေးအလုပ်သမားနေ့တွင် ထူးထူးခြားခြား စာအုပ်ငှားသူ ငါးယောက်ကို တွေ့လိုက်ရသည်။ ငါးယောက်စလုံးသည် တက္ကသိုလ်ကျောင်းသားများ ဖြစ်ကြ၏။

www.burmeseclassic.com

www.burmeseclassic.com



၁။ ကိုဝိုင်စိုး ဒုတိယနှစ်(လော) လင်းယုန်မောင်မောင်၏ သေရွာပြန်စာရင်း

၂။ မျိုးမင်းနောင် ပထမနှစ်(မြန်မာစာ) သခင်တင်မြ၏ ဘုံဘဝမှာဖြင့်

၃။ ဝေယံဇော် ပထမနှစ်(သမိုင်း) ညိုမြ၏ ကုန်းဘောင်ရှာပုံတော်

၄။ သူထက်အောင် ဒုတိယနှစ်(ရုက္ခဗေဒ) ကျော်ဝင်း၏ ကမ္ဘာပြားပြီ

၅။ နေခံဟိန်း ဒုတိယနှစ်(စိတ်ပညာ) ဖေမြင့်၏ ဘောဂီလုံမှာအချမ်းသာဆုံးပုဂ္ဂိုလ်

'ဟ… သကောင့်သားတွေ ငှားထားတဲ့ စာအုပ်တွေကလည်း ကောင်းမှ ညွှန့်မှတွေပါပဲလား၊ လာရောအပ်ပြီလား'

'အပ်ထားတဲ့ နေ့စွဲတော့ မတွေ့သေးဘူး'

သဉ္ဇာက စာအုပ်ကို လှန်ကြည့်ရင်း ရှာသည်။ အချို့ငှားသွားတဲ့သူတွေ ပြန်အပ်လျှင် ရသည့်ရက်စွဲကို ရေးထား၏။

'ဒီကောင်တွေ လက်ချက်ကော ဖြစ်နိုင်ပါ့မလား'

'ဘာပဲဖြစ်ဖြစ် ငါတို့ကတော့ ဖြစ်နိုင်ချေအရှိဆုံး ဒီကောင်တွေကို အရင်စုံစမ်းရမှာပဲ၊ အရေးကြီးတာက ငါတို့ပစ္စည်းတွေ အခြားသူလက်ထဲ မရောက်သွားဖို့ပဲ'

'ဘုရားရေ… ငါတို့သတင်းတွေ ပျံ့လွင့်ကုန်ပြီလား'

'သေချာတာတစ်ခုက ငါတို့အကြောင်းတွေကို ကျောင်းထဲမှာ မသိသေးဘူး၊ သိရင် ငါတို့လည်း ပြန်ကြားမှာပေါ့၊ ကျောင်းထဲမှာ ငါတို့ကို အလစ်အငိုက်ဖမ်းချင်နေတဲ့ကောင်တွေ တပျော်ကြီး'

'ငါ့အထင်တော့ ဒင်းတို့က တစ်ကြိတ်တည်း တစ်ဉာဏ်တည်း ကြိုတင်တိုင်ပင်ပြီး အကွက်ဝင်မှ နှိပ်မှာထင်တယ်၊ ငါတို့ ညာဝေး အသည်းခွဲခဲ့တဲ့ ကောင်တွေ လက်ချက်ပဲ နေမယ်'

သဉ္ဇာက လက်သီးလက်မောင်းတန်း၍ဒေါသထွက်နေသည်။

'ဘာပဲပြောပြော ငါတို့အစစအရာရာ အသွားအလာ အနေ

www.burmeseclassic.com

www.burmeseclassic.com



အထိုင် ဆင်ဆင်ခြင်ခြင်နေမှ ဖြစ်မယ်၊ ငါတို့ပစ္စည်းတွေ တစ်စုံတစ်ယောက်ဆီမှာ လက်ဝယ်ပိုင်ဆိုင်နေမယ်'

နှင်းနှင်းက နှုတ်ခမ်းလေးစူ မေးစေ့လေးပွတ်၍ တွေးနေသည်။ ဆရာကြီး၏သားဖြစ်သူက စပ်စပ်စုစု ဘာမှမလုပ်တော့ဘဲ အဖေရှိရာ အခန်းထဲသို့ ဝင်သွားသည်။ ကောင်မလေးသုံးယောက် ခေတ္တမျှ ငြိမ်သက်သွားကြသည်။ ရှေ့ရေးအတွက် ခေါင်းစားနေကြပြီ။

'တောက်ကွာ ဘဝတစ်လျှောက်လုံး အနိုင်တွေနဲ့ အပေါ်စီးက နေလာရတာ အခုမှ ထိတော့တာပဲ'

'စိတ်မပူပါနဲ့ကွာ၊ ငါတို့ကို သွေးတိုးစမ်းတော့လည်း ငါတို့က ဒင်းတို့သွေးကြောတွေကို ပြန်စမ်းရတာပေါ့၊ ဒီကောင်တွေငါးယောက်ထဲက တစ်ယောက်သေချာရင်တော့ ပွဲသိမ်းပဲ'

'ဒါပေမဲ့ ငါတို့သေချာသွားအောင် ဆရာကြီးအိမ်မှာ နေသွားတဲ့ စားပွဲထိုးလေးကို ရှာရမယ်'

'ဟုတ်တယ်၊ ဒါမှ သဲလွန်စတွေ ရမှာ'

သုံးယောက်သား လက်ဝါးချင်း ထပ်လိုက်ကြသည်။

'ဒင်းတို့တော့ ဘာဖြစ်ချင်သလဲမေးဖြစ်အောင် မေးလိုက်ဦးမယ်'

သဥ္ဇာက အရင်ကြွေးကြော်သည်။

'ငါကလည်း ဘာဖြစ်သွားမယ်ထင်သလဲ မေးမှာ'

နှင်းနှင်းကလည်း အားကျမခံ။

'ငါကတော့ တွေ့တာနဲ့ ဘာတွေဆက်ဖြစ်ချင်သေးလဲ မေးမှာ'

www.burmeseclassic.com

www.burmeseclassic.com



သွေးသောက်ညီအစ်မသုံးဖော်သည် ဆရာကြီးအိမ်တွင် လှူဝှက်သော ပစ္စည်းများ ပျောက်ဆုံးသွားခြင်းကြောင့် ရဲရဲတောက်စစ်ဆင်ရေးတစ်ခုကို ချက်ချင်းပင် တစ်ပြိုင်နက် စီစဉ်လိုက်လေသည်။

ဤ သဉ္ဇာ၊ နှင်းနှင်း၊ မြတ်မွန်တို့ သုံးယောက်စလုံးသည် ဓာတ္တုသိုလ်နယ်မြေတွင် သာလွန်ကွင်းဘွဲ့ ရရှိထားသော နတ်သမီးလေးများ (သို့) အလှဘုရင်မလေးများ ဖြစ်ကြလေသည်။

○

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂)

သာလွန်ကွင်း အမည်ရထားသော ကောင်မလေး သုံးယောက်၏ အတ္ထုပ္ပတ္တိကို သိချင်ပါက သိနိုင်ပါသည်။

## (၁) သဥ္ဇာ၏ ဘိုင်အိုဂရပ်ဖီ

အမည်ရင်းက သဥ္ဇာမိုးမြင့်။ အသက် ၂၃ နှစ်။ ပညာအရည်အချင်း အီးမေဂျာနောက်ဆုံးနှစ်။ အဖေ ဦးမိုးမြင့်၊ အမေ ဒေါ်နွယ်နီ။ မိဘမျိုးရိုးအလုပ်အကိုင် ကုန်သည်။ ထင်ရှားသော အမှတ်အသား အောက်နှုတ်ခမ်းဆွဲဆောင်မှုရှိ၍ အပေါ်နှုတ်ခမ်းတွင် မှဲ့သေးသေးလေး တစ်လုံးရှိ။ အရပ် ၅ ပေ ၈ လက်မ။ သွေးအုပ်စု အေဘီ။ မွေးဇာတိ ရန်ကုန်မြို့ ပုဇွန်တောင်အရပ်။ ဆွေကြီးမျိုးကြီးရှိ။ အဘိုးက ဂျပန်ခေတ်က တိုက်နယ်သူကြီးအဖြစ် ငွေဓားတစ်လက် ချီးမြှင့်ခံရသည်။ ပညာရေးနှင့်ပတ်သက်၍ ၁၀ တန်းဖြေခါနီး ဝမ်းလျှော၍ တစ်နှစ်အောက်လိုက်ရ။ စိတ်ဓာတ်အမူအကျင့် ပြတ်သားမှုမရှိ။ ခဏတွေဝေပြီးဆုံးဖြတ်ချက်ရဲသူ။ မတိုင်ပင်ဘဲ လုပ်တဲ့ကိစ္စတိုင်း လွဲချော်တတ်။ စိတ်ရင်းဖြူစင် စိတ်ဖျားပျော့သူ။ မွေးသက္ကရာဇ် ဩဂုတ်လ ၁၈ ရက်နေ့။ မင်းသားထဲတွင် ချက်လီချက်ပလင် ကြိုက်သူ။ မင်းသမီး

www.burmeseclassic.com

www.burmeseclassic.com



ထဲတွင် မလေးရှားစုန်းမကြိုက်၏။ သွားရောက်လည်ပတ်ချင်သော နိုင်ငံက အာဖဂန်နစ္စတန်။ အကြိုက်ဆုံး အစားအစာ ပြည်ထမင်းသုပ် (တကူးတက သွားစားရမှာမို့ သိပ်မကြိုက်တော့)။ အကြိုက်ဆုံး အရောင် ကောင်းကင်ထဲက ပြာတွေကျလာတဲ့အရောင်။ ခရေဇီအဖြစ်ဆုံး [illegible]စား ဖျူးကြီးမတ်ရာ ဝန်ကြီးအဝတ်အစား။ အလိုချင်ဆုံး ရတနာပစ္စည်း သားသမီးရတနာ ([illegible]ချောင်းမြင်ရန်)။ ဘယ် ဘော်လုံးအသင်းကို အားပေးသလဲ ရပ်ကွက်ကလေးဘောလုံးအသင်း။ မျက်နှာအပြောင်ဆုံး လူရွှင်တော်တစ်ဦး- ရော။ ချစ်သူရှိဖို့ ကြိုးစားနေသလား- မကြိုးစားဘဲ ချစ်သူရှိရင်တောင် စိတ်မဝင်စားပါ။ အမြဲ တမ်းပြောနေသော လက်သုံးစကား-ဘာဖြစ်ချင်သလဲ။

ဘဝခံယူချက်- အလှမာနထက် ဘဝမာနက ပိုကောင်းတယ်။ ဘဝလှရင် လှလုံးလှမယ်။

ဘဝတစ်လျှောက်လုံး ထူးခြားသော ဒုက္ခပေးမှုများ

(က) ၁၀ တန်းကျောင်းသူဘဝက လိုက်စသော ကျောင်းသားတစ်ယောက်အား အုတ်ခဲနှင့် ကောက်ထုရာ အုတ်ခဲတစ်ခြမ်းက ကျောင်းသားပခုံးကိုထိ၍ တစ်ခြမ်းက မိမိခြေထောက်ပေါ် ကျကာ တစ်ပတ်ကျောင်းမတတ်နိုင်။

(ခ) ပထမနှစ်ကျောင်းသူဘဝက အတန်းထဲတွင် ဆရာသိပ်လုပ်ချင်သော မှန်ကြောင်မအား ဘော်လီတစ်စုံလက်ဆောင်ပို့၍ ဘော်လီထဲတွင် ငရုပ်သီးပွတ်လိုက်ခြင်း။

(ဂ) ပထမနှစ်တွင် လိုက်ကြောင်သော ကျောင်းသားအများစုအား စာအိတ်တစ်အိတ်စီ ပြန်ပေး၍ စာအိတ်ထဲတွင် ကြက်ချေးတွေ ထည့်ပေးခြင်း။

www.burmeseclassic.com

www.burmeseclassic.com



(ဃ) မိဘသဘောတူထားသော သင်္ဘောသားတစ်ယောက်အား ဟက်ပီးဝေါအလည်ခေါ်သွားရာမှ ရေကန်တွင်း ခြေနင်းလှေ စီးကြစဉ် သင်္ဘောသားအား ရေကန်တွင်း တွန်းချခဲ့ခြင်း။

(င) ဒုတိယနှစ်တွင် သူဌေးသားတစ်ယောက်မှ အသည်းအသန် လိုက်ကြိုက်ရာ အခွင့်အခါစောင့်၍ သူ့အိတ်ထဲသို့ ဖား၊ တီကောင်၊ ပိုးဟပ်အကောင်ပေါင်းစုံ ထည့်ပေးခဲ့ခြင်း

၂။ မြတ်မွန်၏ ဘိုင်အိုဂရပ်ဖီ

အမည်ရင်း မြတ်မွန်အောင်။ အသက် ၂၂ နှစ်။ ပညာအရည်အချင်း ရှုးနောက်ဆုံးနှစ်။ အဖေ ဦးသိန်းအောင်၊ အမေ ဒေါ်အေးသန်း မိဘအလုပ်အကိုင် ကုမ္ပဏီများတွင် ရှယ်ယာထည့်ဝင်ထားသည်။ ထင်ရှားသော အမှတ်အသား- မျက်ဝန်းနက်၍ မျက်တောင်ကော့ အသားဖြူ။ နှုတ်ခမ်းလှ မျက်ခုံးဘယ်ဘက်ထောင့်တွင် မှဲ့ရှိ။ အရပ် ၅ ပေ ၇ လက်မ။ သွေးအုပ်စု အောဘီ။ မွေးဇာတိ မွန်ပြည်နယ် ကျိုက်ထို။ ရှာလုံးကျွတ်ဆွေမျိုးများ။ အဘိုးက ဂျပန်ခေတ်တွင် တော်လှန်ရေးတပ်သားအဖြစ် တာဝန်ထမ်းဆောင်ဖူး။ ပညာရေးနှင့် ပတ်သက်၍ ကျူရှင်တက်လေ့တက်ထ မရှိ။ ဆယ်တန်းဖြေခါနီး ၂၄ နာရီတွင် ၄ နာရီသာနား၍ ၂၀ နာရီတွင် ဂိမ်းဆော့သည်။ စိတ်ဓာတ်အမူအကျင့်- လူတကာကို ခင်မင်တတ်သည်။ အားနာတတ်သည်။ ပညာပေးတတ်သည်။ ပညာပေးရာတွင် အသေးစိတ်ကျ၍ ထောင့်စေ့သည်။ သူ့ကိုထိလျှင် တေးထားတတ်သူ။ မွေးသက္ကရာဇ် မေလ ၃၀ ရက်။ မင်းသားထဲတွင် ဂျက်ကီချန်း။ မင်းသမီးထဲတွင် အင်ဂျလီနာ ဂျိုလီ ကြိုက်သည်။ သွားရောက်လည်ပတ်ချင်သောနိုင်ငံ ပကော့တလန်။

www.burmeseclassic.com

www.burmeseclassic.com



အကြိုက်ဆုံးအစားအစာ- ရေခဲမုန့်(တစ်ခါစားလျှင် သုံးခွက်)။ အကြိုက်ဆုံးအရောင်- Sun Set နေဝင်ချိန်နှင့် ကြက်ဥနှစ်ရောင်။ ခရေဇီ အဖြစ်ဆုံး အဝတ်အစား- ရေသည်မိန်းမဖက်ရှင်။ အလိုချင်ဆုံး ရတနာပစ္စည်း- ပုလဲ (ရိုးရိုးပုလဲမဟုတ်၊ ရေငုပ်ပြီးမှရသော ပုလဲ)။ ဘယ်သောလုံးအသင်းကို အားပေးသလဲ- ဒိုင်လူကြီးဘက် မလိုက်တဲ့အသင်း။ မျက်နှာအပြောင်ဆုံးလူရှင်တော် ဂျင်ကာရေး။ ချစ်သူ့ရှိဖို့ ကြိုးစားနေသလား- ဒင်းတို့ကို ဆုံးမဖို့ပဲ အချိန်ပြည့် ကြိုးစားနေတယ်။ အမြဲတမ်းပြောသော လက်သုံးစကား- ဘာတွေ ဆက်ဖြစ်ချင်သေးသလဲ။

ဘဝခံယူချက်-ကိုယ်ကောင်းရင် ခေါင်းမရှော့ဘူး။ ကိုယ့်အကြောင်း သူများပြောရင် ခေါင်းစောင်းမကြည့်နဲ့။ ကိုယ့်ကောင်းတောတွေပါ ပြောင်းလဲသွားမယ်။

ဘဝတစ်လျှောက်လုံး ထူးခြားသော ဒုက္ခမပေးမှုများ

(က) ရှစ်တန်းကျောင်းသူဘဝက မိဘတွေ နတ်ကန္တားပေးစဉ် ဝက်သားတုတ်ထိုးသည်များ အိမ်ရောက်လာအောင် ကြိုတင်ကြံစည်၍ အကွက်ကျကျ ပြုလုပ်ခြင်း။

(ခ) ဆယ်တန်းစတက်စဉ် ကျူရှင်မတက်ဘဲ ကျူရှင်ဆရာအား မတွေ့တွေ့အောင် စောင့်၍ မေးခွန်းစပေါ့တောင်းခြင်း။

(ဂ) ရပ်ကွက်ထဲတွင်ရှိသော သူဌေးလင်မယားမှ အလှူပေးမည်ကြေညာ၍ လူအများသွားကြသောအခါ လူကုံထံအသိုင်းအဝိုင်း၏ ကြွေးမြီးရှင်းတမ်းနှင့် မဖြစ်ညစ်ကျယ် ပါတီပွဲဖြစ်နေသဖြင့် ရပ်ကွက်ထဲက လူများ ပွစိပွစိဖြစ်ခြင်း။

(ဃ) ဒုတိယနှစ်တက်စဉ်က ချစ်ခွင့်ပန်သူကောင်တစ်ကောင်အား

www.burmeseclassic.com

www.burmeseclassic.com



မျက်မမြင်ပုံစံဖြင့် လမ်းလျှောက်နိုင်ပြီး မြောင်းထဲတွန်းချပစ်ခြင်း။

(င) ထိုနှစ်တွင်ပင် မောက်မာသော မေဂျာကွင်းအား စလင်းဘက်အိတ်ထဲတွင် ရုပ်ရှင်ထဲ၌ သုံးလေ့ရှိသော မစင်တုများ ဖောဖောသီသီထည့်ပေးထားခြင်း

**၃။ နှင်းနှင်း၏ ဘိုင်အိုဂရပ်ဖီ**

အမည်ရင်း နှင်းနှင်းအောင်။ အသက် ၂၂ နှစ်။ ပညာအရည်အချင်း ဓာတုဗေဒ နောက်ဆုံးနှစ်။ အဖေ ဦးအောင်ငြိမ်း။ အမေ ဒေါ်ရွှေရည်။ မိဘအလုပ်အကိုင်- အဖေက ကုမ္ပဏီမန်နေဂျာ၊ အမေက ကျောင်းဆရာမ။ ထင်ရှားသော အမှတ်အသား- နှာတံဖြောင့်စင်း အသားညို မေးစေ့အောက်တွင် မှဲ့သေးသေးရှိ။ အရပ် ၅ ပေ ၇ လက်မ။ သွေးအုပ်စု အေဘီ။ မွေးဇာတိ ဝမ်းတွင်းရပ်၊ မန္တလေးမြို့။ အဘိုးက တိုက်နယ်သူကြီးအဖြစ် ဂျပန်ခေတ်တွင် တာဝန်ထမ်းဆောင်ဖူး။ ပညာရေးနှင့်ပတ်သက်၍ သင်္ချာညံ့သည်။ ပေါင်းနှုတ်မြှောက်စား ရေရေလည်လည် မကျွမ်းကျင်။ စိတ်ဓာတ်အမူအကျင့် လူတကာနှင့် လိုက်လျောညီထွေ နေတတ်ထိုင်တတ်သည်။ စကားအပိုအလိုမရှိ။ လိုရင်းကိုသာ ပြောတတ်ပြီး ရွှတ်နောက်နောက်နှင့် ဥပမာလေးတွေ ပေးတတ်သည်။ မွေးသက္ကရာဇ် စက်တင်ဘာ ၂၂ ရက်။ မင်းသားထဲတွင် ချောင်ယွန်ဖတ်၊ မင်းသမီးထဲတွင် ကိတ်ဝင်းစလက်ကြိုက်သည်။ သွားရောက်လည်ပတ်ချင်သော နိုင်ငံ- အီတလီနိုင်ငံ ရောမမြို့။ အကြိုက်ဆုံးအစားအစာ အုန်းနို့ခေါက်ဆွဲ။ အကြိုက်ဆုံးအရောင်- ရွှေအိုရောင်။ ခရေစီအဖြစ်ဆုံး အဝတ်အစား ပင်နီအင်္ကျီ

www.burmeseclassic.com

www.burmeseclassic.com



ယောထမီ။ အလိုချင်ဆုံး ရတနာပစ္စည်း- သန္တာကျောက်။ ဘယ်ဘောလုံးအသင်းကို အားပေးသလဲ- မောရင်ဟိုနည်းပြလုပ်တဲ့အသင်း။ မျက်နှာအပြောင်ဆုံး လူရွှင်တော်- အကုန်လုံးပြောင်ပါတယ်။ ချစ်သူရှိဖို့ ကြိုးစားနေသလား- ချစ်သူရရင် နှိပ်စက်ဖို့ နည်းတွေ နာဇီတွေဆီမှာ သွားသင်ထားမလို့။

အမြဲတမ်းပြောသော လက်သုံးစကား- ဘာတွေဖြစ်လာနိုင်မလဲ။ ဘဝခံယူချက်- အားနာတတ်လျှင် လူရာမဝင်ပါ။ အားကိုးတိုင်းပညာမပြပါနှင့်။ အားနည်းသူကို ညှာတာပါ။

ဘဝတစ်လျှောက်လုံး ထူးခြားသော ဒုက္ခပေးမှုများ

(က) ငယ်ငယ်က အဒေါ်ဖြစ်သူအား ပိုးနေသော လူပျိုကြီးတစ်ဦးအား ဖျော်ရည်ထဲ ဝမ်းနုတ်ဆေးထည့်၍ ပညာပေးခြင်း။

(ခ) တက္ကသိုလ်ကျောင်းသူပထမနှစ်တွင် ကြည့်မရသောကျောင်းသူတစ်သိုက်အား ကင်တင်းတွင် အရူးတစ်ယောက်ကို မြှောက်ပေး၍ လိုက်ရိုက်ခိုင်းခြင်း။

(ဂ) ချစ်ခွင့်ပန်သောကောင်အား ကျောင်းထဲရှိ သစ်ပင်တစ်ပင်ပေါ်တက်ပြခိုင်းသဖြင့် အဲဒီကောင်မှာ သစ်ပင်ပေါ်မှ ပြန်မဆင်းတတ်ခြင်း။

(ဃ) ဆက်ဆံရေး မပြေပြစ်သော လက်ဖက်ရည်ဆိုင်အား ဝင်ထိုင်၍ အသင့်ယူလာသော ငါးရှဉ့်မြီးများအား သွန်ချခြင်း။

ဤသည်ကား ရာဇဝင်တွင်သည့် ကောင်မလေးသုံးယောက်၏ အပေါ်ယံ ကိုယ်ရေးအကျဉ်းနှင့် ဒုက္ခပေးခြင်းများ။

အခု သူတို့သုံးယောက် မျောက်မီးခဲကိုင်မိသလို ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူများတွေကို ဒုက္ခပေးထား၍ ဝင်ငွေလည်ခြင်းဟုလည်း ပြောရပေမည်။ သူတို့နှစ်ပေါင်းများစွာ ထိန်းသိမ်းလာသော လျှို့ဝှက်ရတနာပစ္စည်းတွေ ပျောက်ဆုံးသွားခဲ့ချေပြီ။ တရားခံများအား ပိုက်စိတ်တိုက်ရှာဖွေ၍ မကောင်းသတင်းများ ပျံ့နှံ့မသွားရန် အချိန်မီ ထိန်းချုပ်ထားနိုင်ရမည်။

သေတ္တာလေးထဲရှိ ရတနာကဲ့သို့ အဖိုးတန်ပစ္စည်းများမှာ...

(က) သုံးယောက်စလုံး၏ ကိုယ်ရေးအကျဉ်းများ၊ ဓာတ်ပုံများ၊ (ဗလွတ်ရွတ်တပေါက်ကရ ရေးသားထားသော ကိုယ်ရေးများ ပေါချာချာ ရိုက်ကူးထားသော ဓာတ်ပုံများ)

(ခ) သုံးယောက်စလုံးချစ်သူမထားရှိရေး အိမ်ထောင်မပြုရေး သဘောတူစာချုပ်တစ်ခု။

(ဂ) သုံးယောက်စလုံး၏ ဓာတ်ပုံများအား ထည့်သွင်းထားသော စီဒီတစ်ချပ်။

(ဃ) မည်သူမှမသိထားသော သုံးယောက်စလုံး၏ ငယ်ဘဝမှ ချို့ယွင်းချက်များ၊ အားနည်းချက်များ

(င) အသည်းခွဲခဲ့သော ပုရိသယောကျ်ားများ၏ စာရင်းများ။

သူတို့အတွက်တော့ တန်ဖိုးကြီးသော အဖိုးတန်ပစ္စည်းများပင်။

၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၃)

သဥ္ဇာတို့သုံးယောက် ခနော်နီခနော်နဲ့ လက်ဖက်ရည်ဆိုင်ထဲ ခပ်တည်တည်နှင့် ဝင်ထိုင်ကြသည်။ သူတို့တွေ့ချင်သော စားပွဲထိုးကို ရှာဖို့ ကောင်တာမှ မန်နေဂျာကို အရင်မေးရလေမည်။ မန်နေဂျာက တစ်ချက်တစ်ချက် ငိုက်မြည်းနေ၏။

'သဥ္ဇာ နင်ပဲ မန်နေဂျာကို သွားမေးပါလား'

'မသွားချင်ဘူး၊ သူ အိပ်ပျော်နေတာ'

'စားပွဲထိုးတွေလည်း တစ်ယောက်မှ မတွေ့ဘူး၊ ဘယ်လို လုပ်မလဲ'

နှင်းနှင်းက ဟိုဒီကြည့်နေသည်။ မြတ်မွန်က ရုတ်တရက် ထသွားကာ ကောင်တာဘေးရှိ ကက်ဆက်ခလုတ်ကို သွားဖွင့်လိုက်သည်။

*'စီလိုက်××× မြန်မြန်စီလိုက်××× ဆွဲစီလိုက်စမ်း×××'*

သီချင်းသံက ဘောက်နှစ်လုံးမှ ဟိန်းထွက်လာသည်။ မန်နေဂျာလည်း ဖြန်းခနဲ ပြူးတူးပြဲတဲဖြင့် အိပ်မှုန်စုံမွှားထကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘယ်သူဖွင့်တာလဲကွ၊ ကက်ဆက်ကို'

'ကျွန်မတို့ ဖွင့်တာ'

နှင်းနှင်းတို့သုံးယောက်က မတ်တပ်ထရပ်လိုက်လေသည်။

'ဒီဆိုင်မှာ ဘယ်သူမှ မရှိတော့ဘူးလား'

'ဟော့ကောင်တွေ လာကြစမ်း၊ ဒီမှာ ဆေးဖူးတွေလိုက်ရောင်းနေတဲ့ ကောင်မလေးတွေ လာနေတယ်၊ ထုံးစံအတိုင်း'

'ဘာ'

စိတ်မြန်လက်မြန် သဉ္ဇာက လှစ်ခနဲ ကောင်တာရှေ့ ရောက်သွားသည်။

'ရှင် ဘာပြောတယ်၊ ကျွန်မတို့ ရုပ်တွေကိုလည်း သေချာကြည့်ထားဦး၊ အရုပ်တကာလှည့်ရောင်းနေတဲ့ ဝန်ထမ်းတွေ မဟုတ်ဘူး၊ ဒီဆိုင်ကို လာတာ ကိစ္စရှိလို့၊ စကားကို ပြန်ပြင်ပြောစမ်း၊ ရှင်ရော ရှင့်ဆိုင်တစ်ခုလုံး ဘာဖြစ်ချင်သလဲ'

'ဩော်… မသိလို့နော်၊ ဟဲ… ဟဲ… တစ်မျိုးမထင်ပါနဲ့ ညီမလေးတို့ ဘာစားမလဲ၊ ဘာသောက်မလဲ'

'ရှင်တို့ဆိုင်လို ပေစုတ်စုတ်ကို လာချင်လို့လာတာမဟုတ်ဘူး၊ ဒီဆိုင်က စားပွဲထိုးတစ်ယောက်ကို လာရှာတာ'

'ဘယ်သူလဲ'

'ရန်နိုင်ထွန်းဆိုတဲ့ စားပွဲထိုးပဲ'

'ဒီကောင် မရှိတော့ဘူး၊ ဟိုတစ်နေ့ကပဲ မိန်းမခိုးပြေးသွားပြီ'

'ဘယ်သူ့ကိုလဲ၊ ရှင့်သမီးလား'

'ဘာဗျ၊ ကျုပ်က လူပျိုကြီးဗျ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါကြောင့် ဆိုင်က ဖြိုလရမ်းဖြစ်နေတာကိုး၊ အကွပ်မရှိတဲ့ ကြမ်း ပရမ်းပတာဆိုသလိုပေါ့၊ ဒီကောင်လေးကို တွေ့မှဖြစ်မယ်၊ သူ့လိပ်စာကို သိသလား'

'မသိဘူး၊ ဟိုဘက်ရပ်ကွက်ထဲမှာ နေတယ်လို့ ပြောတာပဲ'

'ဒုက္ခပါပဲ၊ သဲလွန်စတွေ ပျောက်ကုန်ပြီ'

သဥ္ဇာက ခေါင်းကုတ်နေသည်။ နှင်းနှင်းနှင့် မြတ်မွန်လည်း စိတ်ဓာတ်ကျသွားကာ နည်းလမ်းတစ်ခုခုကို ရှာကြံစဉ်းစားနေသည်။

'ဒါပေမဲ့ တစ်ခုတော့ ရှိတယ်'

မန်နေဂျာက ရုတ်တရက်ဆိုသလို တွေးမိသွားပုံရသည်။

'သူခိုးပြေးသွားတဲ့ ကောင်မလေးက ဟိုဘက်ရပ်ကွက်က အကြော်ဆိုင်ကပဲ၊ အဲဒီကို လိုက်သွားရင် တွေ့နိုင်မယ်'

'မတတ်နိုင်ဘူး၊ လိုက်ရမှာပဲ၊ အကြော်ဆိုင်တွေက အများကြီးရှိမှာ'

'ဒေါ်စိန် အကြော်ဆိုင်ဆိုရင် ရပ်ကွက်ထဲက လူတွေ သိပါတယ်'

'ကျေးဇူးပဲ၊ ဪ... တစ်ခုမှာရဦးမယ်၊ ရှင့်ဆိုင်က ဒီပုံစံနဲ့ ရေရှည်မလွယ်ဘူး၊ ပြုတ်ပြုတ်ပြုန်းလိမ့်မယ်၊ အဲဒါ စေတနာနဲ့ သတိပေးလိုက်တာ၊ သွားမယ်၊ ဆက်အိပ်နေလိုက်ဦး'

သဥ္ဇာက သွားခါနီး ဘုပြော၍ ထွက်သွားသည်။ မန်နေဂျာမှာ ကြောင်အမ်းအမ်းနှင့် ကျန်ရစ်ခဲ့လေသည်။ သုံးယောက်သား နေပူစပ်ခါးတွင် လမ်းလျှောက်ရပေဦးတော့မည်။ ဒေါ်စိန်အကြော်ဆိုင်ကို အာပေါက်မတတ် မေးလာ၍ ဒေါ်စိန်အကြော်ဆိုင်ရှေ့သို့ ဆိုက်ဆိုက် မြိုက်မြိုက် ရောက်သွားခဲ့သည်။ အကြော်ဆိုင်တွင် အကြော်ကြော်နေ

www.burmeseclassic.com

www.burmeseclassic.com



သော ကောင်မလေးတစ်ယောက်နှင့် ထင်းခွဲနေသော ကောင်လေး တစ်ယောက်ကို တွေ့ရသည်။ အကြော်စားသူများကို မတွေ့ရပေ။ အကြော်ဆိုင် ဖွင့်စနှင့်တူသည်။

'အစ်မတို့ ဘာကြော်စားမလဲ'

ကောင်မလေးက အကြော်တွေကို ဒယ်အိုးထဲမှ ဆယ်ရင်း မေးသည်။

'ဘူးသီးကြော် တစ်ပွဲပေးပါ၊ ညီမလေးတစ်ခုလောက် မေးချင်လို့ပါ၊ ရန်နိုင်ထွန်းဆိုတာ သိသလား'

စိတ်မရှည်လှစွာသော နှင်းနှင်းက ခရီးရောက်မဆိုက် မေးသည်။

'ခင်ဗျာ… ကျွန်တော်ပါပဲ'

ထင်းခွဲနေသော ကောင်လေးက ရှေ့ထွက်လာသည်။ ကောင်မလေးက ဘာမှန်းမသိလိုက် ကြည့်နေသည်။

'ဪ… အစ်မတို့က ကိစ္စရှိလို့ လာတာပါ၊ မောင်လေး ဦးခင်လှတို့အိမ်မှာ အလုပ်လုပ်ဖူးခဲ့တယ် မဟုတ်လား'

'ဟုတ်ပါတယ်၊ ဘာများဖြစ်လို့လဲ'

'မဟုတ်ပါဘူး၊ အစ်မတို့ သိချင်တာလေးတစ်ခုကို မေးချင်လို့ပါ၊ မောင်လေး အရင်မှတ်မိအောင် စဉ်းစားကြည့်ပေးပါ၊ ဦးခင်လှတို့အိမ်မှာ စာအုပ်ငှားသူတွေ အဝင်အထွက်ရှိသလား'

'ရှိပါတယ်၊ ဒါပေမဲ့ တစ်ခါတလေပါပဲ'

'ဒါဆိုရင် မေဒေးအလုပ်သမားနေ့က စာအုပ်ငှားသူ စာရင်းမှာ လူငါးယောက်တွေ့တယ်၊ အဲဒီလူငါးယောက် ယူသွားတဲ့ စာအုပ်တွေကို မောင်လေးပဲ စာရင်းမှတ်ပေးလိုက်တယ် မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက သေသေချာချာ ပြန်စဉ်းစားသည်။

'မှတ်မိပြီ အစ်မ၊ အဲဒီနေ့က ကောင်လေးငါးယောက် စာအုပ်လာငှားတယ်'

'သူတို့ပုံပန်းသဏ္ဌာန်တွေကို သိချင်လို့ပါ'

သဥ္ဇာက အလောတကြီးမေးသည်။ နှင်းနှင်းက ဖြည်းဖြည်းမေးရန် လက်ကာပြသည့် သဘောမျိုး လုပ်ပြသည်။

'မောင်လေး သေချာစဉ်းစားပြီးမှ ဖြေပါ'

မြတ်မွန်က တီဗွီအစီအစဉ်မှ ပဟေဠိကဏ္ဍ တင်ဆက်သော မော်ဒယ်ပမာ အသေးစိတ်စဉ်းစားခိုင်းသည်။

'သူတို့ငါးယောက်စလုံးက တစ်ချိန်တည်း လာကြတာလား'

'မဟုတ်ဘူး၊ တစ်ယောက်ချင်းစီ၊ အဲဒီနေ့က တစ်ယောက်ချင်းစီ စာအုပ်တစ်အုပ်စီ ငှားသွားကြတယ်၊ တစ်ယောက်ဆို ညမှောင်ရီဖြိုးပျအချိန်မှာ ရောက်လာတာ'

'မောင်လေး မှတ်မိသလောက် ပြောပြပေးပါလား'

ကောင်လေးက ခဏစဉ်းစားပြန်သည်။

'သူတို့က ဆရာကြီးရှိမယ် အထင်နဲ့ လာခဲ့ကြတာ၊ ကျွန်တော် နာမည်တွေတော့ မမှတ်မိတော့ဘူး'

'ကိစ္စမရှိပါဘူး၊ အစ်မတို့ကို မှတ်မိသလောက် ပုံပန်းသဏ္ဌာန်ကိုသာ ပြောပါ'

'မနက် ၉း၃၀ လောက်လာတဲ့ သူကတော့ နည်းနည်းခေတ်ဆန်တယ်၊ ဝတ်စားလာတာကလည်း ကိုရီးယားနဲ့၊ သူက စာအုပ်ငှားပြီး ကျွန်တော်နဲ့ စကားထိုင်ပြောနေသေးတယ်၊ ဘာတွေပြောမှန်းလည်းမသိဘူး၊ သူ သိချင်းဆိုတာတွေ ဝါသနာပါကြောင်း၊ စီးရီးထုတ်

www.burmeseclassic.com

www.burmeseclassic.com



ပေးမယ့် ပရိဂျူဆာတွေရှိကြောင်း ပြောတယ်၊ သူပြန်သွားပြီး သိပ်မကြာခင် ဆရာကြီးအတွက် မုန့်တွေဝယ်လာတဲ့ လူတစ်ယောက် ထပ်ရောက်လာတယ်၊ ဆရာကြီး မရှိတော့ မုန့်တွေထားခဲ့ပြီး စာအုပ်တစ်အုပ် ငှားသွားတယ်၊ သူကျတော့ တစ်မျိုးပဲ၊ ထူထူထိုင်းထိုင်းနဲ့ ဘာစကားမှ သိပ်မပြောဘူး၊ စာအုပ်တစ်အုပ်တောင် ထိုင်ဖတ်သွားသေးတယ်၊ သူပြန်သွားပြီး တော်တော်လေးကြာတော့ ထောင့်မကျိုးတဲ့ လူတစ်ယောက် ရောက်လာတယ်၊ စာအုပ်တွေရွေးပြီး ဖွသွားတယ်၊ သူလိုချင်တာရတော့ ချက်ချင်းပြန်သွားတယ်၊ ဂင်တိုတို ပုပြတ်ပြတ်ပဲ၊ ညနေပိုင်းကျတော့ ရုပ်ခပ်ချောချောနဲ့ ကောင်တစ်ကောင်ရောက်လာတယ်၊ သူကတော့ သူတွဲခဲ့တဲ့ ကောင်မလေးတွေအကြောင်း လျှောက်ပြောတယ်၊ ကျွန်တော် နားငြီးလို့ မနည်းပြန်လွှတ်လိုက်ရတယ်၊ ညနေစောင်းသွားတော့ အာပေါင်အာရင်းသန်သန် ကောင်လေးတစ်ယောက် ရောက်လာတယ်၊ စာအုပ်ငှားပြီး လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ သူနဲ့ခဏထွက်ထိုင်သေးတယ်၊ ဒီကောင်လေးက လူလည်လေး၊ သူသည်တာတွေပဲ ကြွားပြောနေတာ'

ကောင်လေး ပြောသမျှကို သဉ္ဇာတို့သုံးယောက် မှတ်ရင်းနဲ့ တွေးနေကြသည်။

'ကျေးဇူးတင်တယ် မောင်လေး၊ အစ်မတို့က အဲဒီငါးယောက်ရဲ့ ပုံပန်းသဏ္ဌာန်တွေကို သိချင်လို့ပါ၊ ခုလို မောင်လေး မှတ်မိသလောက် အစ်မတို့ကို ပြောပြတာ အရမ်းကျေးဇူးတင်ပါတယ်'

ကောင်လေးက အူကြောင်ကြောင်နဲ့ ခေါင်းညိတ်သည်။

'အစ်မတို့နဲ့ အဲဒီလူတွေက'

'ကိစ္စလေးရှိလို့ပါကွယ်၊ မောင်လေးနဲ့လည်း ဘာမှမဆိုင်ပါ

www.burmeseclassic.com

www.burmeseclassic.com



သူ့ ဆရာကြီးနဲ့လည်း ဘာမှမပတ်သက်ပါဘူး၊ အစ်မတို့ရဲ့ ကိုယ်ရေးကိုယ်တာ ကိစ္စတစ်ခုကြောင့်ပါ'

နှင်းနှင်းက လိမ္မာပါးနပ်စွာ ရှင်းပြသည်။ သူတို့သိချင်သော အချက်အလက်တွေကို သိရှိပြီးဖြစ်၍ ကျောင်းဖွင့်လျှင် အတန်းတွေမှာ သိပ်ပြင်ပြင်ပန်းပန်း ရှာဖွေစရာမလိုပေ။ တစ်ယောက်ချင်းစီ၏ ဇစ်မြစ်ကို ရိပ်ဖမ်းသံဖမ်း သိရှိခဲ့ရပြီ။

'မေးနေတာနဲ့ အကြော်တွေတောင် အေးကုန်ပြီ'

မြတ်မွန်က အကြော်တစ်ခု ကောက်ဝါးသည် သုံးယောက်သား ကောင်လေးတို့ အသစ်စက်စက် လင်မယားနှင့် အာလာပ သလ္လာပ စကားစမြည် ထိုင်ပြောနေကြသည်။ အကြော်ဆိုင်ကလည်း နေ့မှ လူကျလှသည်။ ကောင်မလေးမှာလည်း အကြော်တွေ လက်လည်အောင် ကြော်နေရသည်။ ညနေစောင်းသွားတော့မှ သဉ္ဇာ၊ နှင်းနှင်းနှင့် မြတ်မွန်တို့သုံးယောက် ကောင်လေးတို့လင်မယားကို နှုတ်ဆက်၍ ပြန်ခဲ့ကြသည်။

သုံးယောက်သား တိုင်ပင်ပြီး ရန်သူတွေကို ချဉ်းကပ်၍ တရားခံကို ရှာဖွေရတော့မည်။ တရားခံသည် ခန့်မှန်းချက်အရ တစ်ဦးတည်းသာလျှင် ဖြစ်နိုင်သည်။ ဘာရည်ရွယ်ချက်ဖြင့်ဘာကြောင့်ခုလို သူတို့ သေတ္တာလေးအား သယ်ဆောင်သွားခြင်းဆိုတာကို တွေး၍မရပေ။ တစ်ချိန်ချိန်တွင် သူတို့သုံးယောက်စလုံး၏ အရှက်နှင့်သိက္ခာကို ကောင်းကောင်းကြီး ထိခိုက်အောင် ဒုက္ခပေးတော့မည်။ မီးဆိုတာ မလောင်ခင်က တားရပေမည်။

နှင်းနှင်းတို့ သုံးယောက် တရားခံရှာဖွေရေး အဖွဲ့သုံးဆင့် သတ်မှတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



(ဃ) ငါးယောက်စလုံး၏ နောက်ကြောင်းရာဇဝင်၊ အကျင့်စရိုက်နှင့် ကိုယ်ရေးအချက်အလက်များအား အမိအရ စုံစမ်းရန်။
(ခ) တစ်ယောက်ချင်းစီအား ဝင်ချဉ်းကပ်၍ တစ်ဆင့်ချင်းစီ ရှာဖွေဖော်ထုတ်ရန်။
(ဂ) သုံးယောက်တိုင်ပင်ပြီးမှ တရားခံထင်ရသူ ငါးယောက်စလုံး၏ ကိစ္စအဝဝအား ဆုံးဖြတ်အတည်ပြုရန်။

နှင်းနှင်း၊ သဉ္ဇာ၊ မြတ်မွန်တို့ သုံးယောက်စလုံး၏ ဘဝနှင့်ရင်း၍ တရားခံအား ပိုက်စိပ်တိုက် အမိအရ ရှာဖွေရပေတော့မည်။

☞

ကျောင်းဝန်းထဲတွင် အရောင်အသွေး စုံလင်စွာ လှပဖူးဝေနေကြသော မျိုးဆက်သစ် လူငယ်လေးများ လှုပ်ရှားသွားလာနေကြသည်။ လူငယ်များထဲတွင် သာလွန်ကွင်းဘွဲ့ရ ကောင်မလေးသုံးယောက်သည် Law အဆောင်သို့ ဦးတည်၍ လျှောက်လာကြသည်။ သေရှာပြန်စာရင်းပါသွားသူ ကိုပိုင်စိုးဆိုသည့် တရားခံထင်ရသူအား ရှာဖွေရန်ဖြစ်၏။ ရန်နိုင်ထွန်း ပြောပြသော ပုံပန်းသဏ္ဌာန်အရ Law အဆောင်ရှေ့ရှိ ကင်တင်းတွင် အရင်ဆုံး ရှာဖွေရမည်။

'ဒီ ပိုင်စိုးဆိုတဲ့ လူရဲ့ ပုံပန်းက ခေတ်ဆန်မယ်၊ ရှုးသွပ်မယ်၊ ရာဇာနေဝင်းလို ထင်ထင်ပေါ်ပေါ် ရှိမယ်၊ အားလုံးထက်တော့ အနည်းငယ် ထူးခြားမဲ့ပုံစံရှိတယ်၊ အတန်းနားချိန် ကန်တင်းမှာ သူငယ်ချင်းတွေနဲ့ ဝိုင်းဖွဲ့ထိုင်တတ်မှာပဲ'

သဉ္ဇာက သူ့ထင်မြင်ချက်ကို ကောက်ချက်ချသည်။ စည်ကားလှသော ကန်တင်းထဲသို့ သုံးယောက်သား ကောက်ကောင်ကာ

www.burmeseclassic.com

www.burmeseclassic.com



ဝင်လိုက်ကြ၏။ အလယ်ခေါင်စားပွဲတစ်ပွဲမှာ ဝင်ထိုက်လိုက်ကြသည်။ စားပွဲထိုးလာသောအခါ လက်ဖက်ရည်သုံးခွက် မှာလိုက်ကြ၏။

'လူတွေကတော့ အများကြီး၊ ငါတို့ခန့်မှန်းကြည့်ရအောင်'

နှင်းနှင်းက မျက်စိကစားကြည့်လိုက်သည်။ ထောင့်တစ်ထောင့်က တစ်ဝိုင်းတွင် လူငယ်တစ်စု ထိုင်နေကြသည်။ တစ်ယောက်သော လူငယ်က ကျန်သော သူငယ်ချင်းများကို လေသွားလေလာဖြင့် ချုပ်ထားသည်။ အဲဒီလူငယ်အသွင်အပြင်က ရန်နိုင်ထွန်း ပြောတဲ့ ပုံစံအတိုင်း ဖြစ်နေသည်။

'ဟဲ့… ရုပ်ကတော့ ခပ်ဖြောင့်ဖြောင့်ပဲ'

'တွင်းဝင်လည်း ဖြောင့်မဲ့သဘောပဲနော်၊ ပုံစံကြည့်ရတာ ပါးရည်နပ်ရည် ရှိမဲ့သဘောပဲ၊ ဘာပဲပြောပြော ငါတို့ရန်သူကို လျော့မတွက်တာ ကောင်းမယ်'

'သေချာအောင် ငါတို့လုပ်ရဦးမယ်၊ ဝေဖန်တာတွေ ခဏထား'

သုံးယောက်သား နည်းလမ်းကောင်းတစ်ခုကို စဉ်းစားကြသည်။ နှင်းနှင်းက ရုတ်တရက် ထသွား၍…

'ဟေ့… ငါ သူတို့နားမှာ မယောင်မလည်နဲ့ လိမ့်သွားမယ်၊ ဒီလူက ပိုင်စိုးဆိုတာ ကျိန်းသေရင် ငါလက်မထောင်ပြလိုက်မယ်၊ သူတို့ပြောတဲ့ အကြောင်းအရာတွေနဲ့ ဆက်စပ်တဲ့ ကိစ္စတွေကို အစရင်းခံပြီး စကားရောဖောရော ဝင်ရောမယ်၊ ဘယ်လိုလဲ'

'အိုကေ နှင်းနှင်း၊ နင့်ဘရိန်းက ကွာလတီမြင့်ပဲ'

သဉ္ဇာက နှင်းနှင်းကို ချီးကျူးလိုက်သေးသည်။ နှင်းနှင်းမှာ ယောင်ပေပေနှင့် သူတို့ဝိုင်းနားမှ ဖြတ်လျှောက်သွား၏။ သဉ္ဇာနှင့်

www.burmeseclassic.com

www.burmeseclassic.com



မြတ်မွန်မှာ အသက်ရှူရပ်မတတ် နှင်းနှင်းအား အကဲခတ်ကြည့်နေကြသည်။ သိပ်မကြာခင် နှင်းနှင်းက လက်မလေး ထောင်ပြသည်။ သဉ္ဇာတို့လည်း ရင်ထဲ၌ အလုံးကြီးလျှောကျသွားသည်။ သားကောင်တစ်ကောင်တော့ တွေ့ပြီ။

○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၄)

နှင်းနှင်းတစ်ယောက် သဉ္ဇာတို့ဆီ ပြန်လျှောက်လာသည်။

'သူငယ်ချင်းတို့ ဖြစ်နိုင်ချေ အများကြီးရှိတယ်၊ သူက ပိုင်စိုး ဆိုတဲ့ Law ကျောင်းသားပဲ၊ ရန်နိုင်ထွန်းပြောတာတွေနဲ့လည်း ကိုက်ညီတယ်၊ သူက အဆိုတော်ရှူး၊ ကောင်မလေးတွေရဲ့ အကြောင်းကို သီချင်းစပ်ဆိုဖို့ သိပ်ဝါသနာထုံတဲ့လူ၊ ငါတို့လျှို့ဝှက်ချက်တွေကို ခိုးသွားတဲ့သူ ဖြစ်နိုင်ချေ ရှိတယ်၊ သူက သူ့အတွက် အသစ်အဆန်းမှန်သမျှ စိတ်ဝင်စားသူ၊ ကျောင်းရဲ့အဆောင်တွေမှာလည်း သူသီချင်းတွေ လိုက်ဆိုလေ့ရှိတယ်'

'ဒီတော့ ငါတို့ ဘာဆက်လုပ်ကြမလဲ'

'ဒီကောင် တာဝန်ကို ငါယူမယ်၊ သဉ္ဇာနဲ့ မြတ်မွန် နင်တို့နှစ်ယောက်က ကျန်တဲ့ကောင်တွေ ကိစ္စ ဆက်လက်စုံစမ်းချေ'

'ဖြစ်ပါ့မလား၊ ငါတို့အကူအညီတွေ နင်လိုမယ်နော်'

'လိုအပ်ရင်တော့ ငါ စစ်ကူတောင်းမှာပေါ့၊ သူရဲ့ကောင်းဆိုတာ အရင်ဆုံး တစ်ကိုယ်တော် စွန့်စားရတယ်'

နှင်းနှင်းက သူ့ကိုယ်သူ အာမခံလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဒီကောင် ပြောနေတဲ့ စကားတွေကို လေ့လာကြည့်ရင် အဆို တော်ဖြစ်ချင်ပြီး သီချင်းရေးချင်နေတဲ့ ကောင်ပဲ၊ ခေတ်ဆန်ပြီး ခေတ် အမြင်ရှိတယ်၊ ငါထင်တာ မလွဲရင်တော့ တရားခံက ဒီကောင် သို့ မဟုတ် ဒီကောင်နောက်က ငါတို့အကြောင်း သိတဲ့ကောင်ပဲ'

နှင်းနှင်းက ထောင့်စေ့ အကွက်စေ့ ကောက်ချက်ချလေ သည်။

'ငါတို့ တစ်ခုတော့ စီစဉ်ရမယ်၊ နာမည်ဝှက်တွေ သူတို့ကို ပေးထားမယ်၊ နှင်းနှင်း နင့်လူကို ဘယ်လိုပေးမလဲ'

'ဘာ ငါ့လူလဲ၊ ငါဖွဲ့မဲ့လူ၊ သူ့ကိုလား လွယ်ပါတယ်၊ ဘီယာ ဆိုင်ထဲက အမြည်းတွေနာမည်ပေးတာပေါ့၊ ဒီပိုင်စိုးဆိုတဲ့ လူကို ဆလပ်ဆော့စ်လို့ နာမည်ပေးလိုက်မယ်'

'ကောင်းသားပဲ၊ နှင်းနှင်း နင်က ဆလပ်ဆော့နဲ့ ပတ်သက် ပြီး တာဝန်ယူသွားတော့ ကျန်တဲ့လေးယောက်ကို ငါတို့က တာဝန်ယူ ရမှာလား'

'ဒီလိုလည်း မဟုတ်ဘူးလေ မိသဥ္စာရဲ့၊ ငါက နင်တို့နဲ့ ညှိတာတပဲ လုပ်ချင်တာ၊ ကျန်လေးယောက်ကိစ္စမှာ ငါလည်း တစ်ခန်း တစ်ကဏ္ဍက ပါဝင်မှာပဲ၊ ငါတို့က လူနည်းစု ညီညီညွတ်ညွတ်ရှိမှ ဖြစ်မယ်၊ ကျေးရူးရှင်တွေက တစ်နေရာ တစ်နယ်က သိုင်းသမား တွေလေ၊ သူ့အစွမ်းနဲ့သူတော့ ရှိကြမှာပဲ၊ ကိုယ်တတွေဘက်က တစ် ချက်မှ အမှားခံလို့ မရဘူး၊ စစ်မှန်သော တရားခံကတော့ ဘွားခနဲ ထွက်ပေါ်လာမှာပဲ'

'နှင်းနှင်း နင်က ဆလပ်ဆော့စ်ကို ဘယ်လိုချဉ်းကပ်မှာလဲ'

'ဒါက ငါ့သမိုင်းလေဟာ၊ နင် မစပ်စုပါနဲ့ မြတ်မွန်၊ အခု

www.burmeseclassic.com

www.burmeseclassic.com



သူ ထသွားရင် ငါပါလိုက်ထမယ်၊ သိပ်အချိန်မဆွဲတော့ဘူး'

နှင်းနှင်းက မော်ကြွားကြွားလေး လုပ်ပြနေသည်။

'ဟော့ကောင်… ကွန်ပျူတာ ပေပေါ၊ ပွဲစား ပေပေါ'

သဉ္ဇာတို့ ဝိုင်းမှ လူတစ်ဦးက ကင်တင်းအပြင်ဘက်ကို လှမ်းအော်သည်။ သဉ္ဇာတို့ သုံးယောက် စိတ်ဝင်စားသွားပြီး အပြင်သို့ လှမ်းကြည့်သည်။ နဖူးပြောင်ကာစ လူတစ်ယောက် ဆိုင်တွင်းသို့ ဝင်လာ၏။ နဖူးပြောင်နေသော်လည်း လူငယ်ကလေးသာ ဖြစ်သည်။

'မင်း ဟိုနေ့က ဘယ်လောက်ခိုင်သွားလဲ၊ ပွဲစားလုပ်တာ'

'မခိုင်ပါဘူးကွာ၊ ငါ့မှာ အာပေါက်တာပဲ အဖတ်တင်တယ်'

'မင်းကလည်း အချင်းချင်းတွေ လျှိုနေပြန်ပြီ၊ မင်းနာမည် နေဇံဟိန်းကနေ နေဇံခိုင်လို့သာ ပြောင်းလိုက်တော့၊ ငါမသိတာကျနေတာပဲ'

'ဟဲ… ဟဲ… ဟဲ… ဟဲ'

သူ့ရယ်သံလေးသည် မထိတထိ ကလိသော ရယ်သံမျိုးလေးပင်။ သဉ္ဇာတို့ သုံးယောက် နေဇံဟိန်းဆိုသော နာမည်ကြောင့် နားထင်ကြောများ ထောင်သွားမတတ် ဝမ်းသာသွားသည်။ မတိုင်ဆိုင်ဘဲ သိုင်းသမားတစ်ယောက် တွေ့ပြန်ပြီ။ နေဇံဟိန်းဆိုသော လူရည်လည်ပြောင်ကို သေချာအကဲခတ်နေသည်။

'သူ့ကိုလည်း နာမည်တစ်ခု ပေးထားရအောင်'

'ဘယ်လိုပေးမှာလဲ'

'မြေအိုးမြီးရှည်လေ၊ တော်တော်လေလည်း ရှည်မဲ့ပုံပဲ'

သဉ္ဇာက သူပေးသော နာမည်ကို သူ သဘောကျ၍ ရယ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'နင်တို့ ခဏနေဦး၊ သူတို့ပြောတဲ့ စကားတွေကို သဲလွန်စ ရမရ နားထောင်ဦး'

နှင်းနှင်းက အသေးစိတ်ကျသူပီပီ ပတ်ဝန်းကျင်ကို အရှမ်းစူးစမ်းသည်။ တစ်ဘက်မှ မြေအိုးဖြီးရှည်က သူ့ဘော်ဒါနှင့် စကားပြောနေသည်။

'ငါက အင်တာနက်ထဲထိ တင်မလို့ စိတ်ကူးထားတာ'

'သူများကိစ္စတွေကို ဝင်မစွက်ဖက်ချင်စမ်းပါနဲ့ကွာ'

သဥ္ဇာတို့ သုံးယောက် နားစွန်နားဖျားကြားသော စကားကြောင့် မျက်လုံးပြူးသွားကြတာတော့ အမှန်ပင်။ သူတို့နှစ်ယောက် ထပ်မံတီးတိုးစွာ ပြောသော စကားများကို ထပ်မကြားရတော့ပေ။ သုံးယောက်သား ရင်ထဲ ကလိကလိနှင့် ဖြစ်နေသည်။ သဥ္ဇာက တိုးတိုးလေး အသံထွက်လာသည်။

'သူ့ကို ဘယ်သူတာဝန်ယူမလဲ'

'သူ့ကိုတော့ သုံးယောက်စလုံး တာဝန်ယူမှ ဖြစ်မယ်၊ ဒင်းက လူရှည်လည်တယ်၊ စုံစမ်းရခက်မယ်၊ အခြေအနေပေါ် ကြည့်ပြီး မီးစင်ကြည့် ကရမှာပဲ၊ တော်ရုံတန်ရုံ လျှော့တွက်လို့ မရဘူး'

မြတ်မွန်က ရှင်းပြသည်။ ထိုစဉ် ကင်တင်းထဲသို့ စုံတွဲတစ်တွဲ ဝင်လာသည်။ ကောင်မလေးက စိတ်ကောက်နေသဖြင့် ကောင်လေးက အတင်းချော့မော့ခေါ်လာဟန် ရှိသည်။ ဘာစားမလဲ မေးရာ ကောင်မလေးက တွင်တွင်ငြင်းဆန်နေသည်။

'မင်း ဘာတွေ စိတ်ဆိုးနေတာလဲ ဥမ္မာ'

'သွား... လာမပြောနဲ့၊ ရှင် ဟိုနေ့က ဘယ်ကောင်မနဲ့ ဘယ်သွားလဲဆိုတာ ဥမ္မာ သိတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟာ… ကြားစကားတွေပါကွာ၊ မယုံစမ်းပါနဲ့'

'ရှင် အပိုတွေ ပြောမနေနဲ့'

'ထားလိုက်ပါကွာ၊ ကောလဟာလတွေလို့ သဘောထားလိုက်နော်၊ တစ်ခုခုသောက်၊ တစ်ခုခုစားပါကွာ၊ အသည်းကလည်း…'

'မသောက်ဘူး၊ ခုမှလာချော့မနေနဲ့'

ကောင်လေးက ကောင်မလေးကို တကူးတက အတင်းချော့နေ၏။

'ဥမ္မာကလည်းကွာ၊ မျက်နှာကြီး ဒီလိုမနေပါနဲ့၊ ကိုယ်မနေတတ်လို့ပါကွာ၊ ဥမ္မာ့ကို ကိုယ် ဘယ်လောက်ချစ်သလဲဆိုတာ ဥမ္မာအသိဆုံးပါ၊ တကယ်ပါ ဥမ္မာရယ်၊ အမျှားထင်နေတာက ကမ္ဘာကြီးကလုံးတယ်တဲ့၊ တကယ်တော့ ကမ္ဘာကြီးက ပြားနေတာ ဥမ္မာရယ် ကိုယ် မနေတတ်အောင် စိတ်မဆိုးပါနဲ့ကွာ'

သမီးရည်းစား နှစ်ယောက် အချီအချပြောနေခြင်းကို သဇ္ဇာတို့သုံးယောက်က အတိတ်ကောက်နေသည်။ မြတ်မွန်က…

'ကျိန်းသေပြီ၊ ရန်နိုင်ထွန်း ပြောတာနဲ့လည်း ကွက်စတိပဲ၊ ဒါ သူထက်အောင် ဆိုတဲ့ အကောင်ပဲ၊ မိန်းမ ရှုပ်တယ်၊ ငါတို့အထူးသတိထားရမယ်'

'သေချာတယ်၊ ဒီကောင့်ကို နာမည်ပေးရမယ်၊ အာလူးကင်လို့'

'သူ့ကိုတော့ ချဉ်းကပ်ရတာ လွယ်ကူမှာပါ'

'မထင်နဲ့နော်၊ တစ်ခါတလေကျရင် အချို့ကိစ္စတွေက လွယ်မယောင်နဲ့ခက်၊ တိမ်မယောင်နဲ့ နက်တယ်ဟ'

သဇ္ဇာက သတိပေးသည်။ အာလူးကင်ဟု နာမည်ပေးထား

www.burmeseclassic.com

www.burmeseclassic.com



သော ကောင်လေးက ခုနက စိတ်ကောက်နေသော ကောင်မလေးကို ဘယ်လိုဘယ်ပုံ ချော့လိုက်သလဲ မသိပေ။ ကောင်မလေးမှာ တဟီဟီ တဟားဟား ဖြစ်နေပြီ။

'တွေ့မဲ့တွေ့တော့လည်း လူစုံတက်စုံပါပဲလား၊ နောက်နှစ် ယောက်ကိုလည်း ဒီမှာပဲ စ,စောင့်နေရင် ကောင်းမယ်'

'အဲဒီလောက်ထိတော့ မတိုက်ဆိုင်ပါဘူး မယ်တော်ရယ်၊ လာ... ငါတို့အပြင်ထွက်ရအောင်'

'ဟုတ်တယ် အဆောင်တွေဘက် သွားမယ်'

သုံးယောက်သား ကျသင့်ငွေ ရှင်းပြီး ထထွက်လာကြသည်။ ဆလပ်ဆော့စ်က အာပေါင်အာရင်းသန်သန် ပွားနေဆဲ။ မြေအိုးမြီးရှည် ဘတော့ တစ်စုံတစ်ခုကို တီးတိုးပြောနေရဲ့။ အာလူးကင်ကတော့ ချစ်သူလေးရှေ့တွင် တွတ်တီးတွတ်တာ ရိုက်နေသည်။ ထိုအချိန်တွင် သဥ္စာက ဒေါက်ဖိနပ်စီးထားသူဖြစ်၍ ဆိုင်လှူရှပ်ချိန်တွင် ထွက်တာ ကြောင့် ဒေါက်ဖိနပ်အစွန်းက ကျောင်းသားတစ်ယောက်ရဲ့ ခြေမျက်စိ ကို ရှပ်တိုက်၍ ပွတ်ထိသွားသည်။

'ဗွပ်'

'အား... ခင်ဗျား ဘယ်လိုလုပ်လိုက်တာလဲ'

သဥ္စာအား ရန်တွေ့သူက ဘုကျကျ ဂင်တိုတို မှန်ကြောင်နဲ့

'မတော်လို့ ဖြစ်တာပဲ၊ ရှင်ကလည်း'

'မတော်တာတွေ တော်တာတွေ လာမပြောနဲ့၊ ဒီမှာ နာသွား ပြီ၊ ဘယ်လိုမိန်းကလေးတွေလဲ မသိဘူး၊ ရှပ်ပြာပြာနဲ့'

ဂျပုက ဒဲ့ဒိုးကို ဘုတောနေပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ထဲ… ထဲ… ဒီလောက်မကျေနပ်ရင်လည်း ကျွန်မ ဘာ သုပ်ပေးရမလဲ'

'အောင်မလေး ကျေးဇူးတင်ပါတယ်၊ အဝေးဆုံးမှာ သွားနေ ကြပါ၊ မိန်းကလေးတစ်ယောက်ရဲ့ အကူအညီကို ယူတတ်တဲ့ကောင် မဟုတ်ဘူး'

'ရှင့်ကိုလည်း ဘယ်သူက အကူအညီပေးနေလို့လဲ'

သဉ္ဇာကလည်း တစ်ခွန်းမခံ ဆတ်ဆတ်ထိမခံပင်။

'တော်ပါတော့ သဉ္ဇာရယ်၊ ရန်ဖြစ်မနေပါနဲ့'

နှင်းနှင်းနှင့် မြတ်မွန်က ဝိုင်းဝန်းတောင်းပန်ကြသည်။ အရပ် ပုပု ဖဲ့တ သဉ္ဇာတို့ကို ဘုရိုးရိုး၍ ဘောက်ဆတ်ဆတ်ထွက်သွားရဲ့။

'ဒီလူက ငါးယောက်ထဲက တစ်ယောက်ဖြစ်နေမလားပဲ'

မြတ်မွန်က စဉ်းစဉ်းစားစား ပြောသည်။

'ဝေယံဇော်ဆိုတဲ့ ထောင့်မကျိုးတဲ့ကောင် ဖြစ်မယ်'

ဂျူပုက ခပ်လှမ်းလှမ်းမှာပဲ ရှိသေးသည်။

'ဟုတ်မဟုတ် စမ်းသပ်ကြည့်ရအောင်'

နှင်းနှင်းက အသံကျယ်သူပီပီ လှမ်းအော်သည်။

'ဝေယံဇော်'

ဂျူပုက ပြူးတူးတူးဖြင့် လှည့်ကြည့်လေသည်။ ဘယ်သူ ခေါ်မှန်းလည်း မသိ။ နှင်းနှင်းတို့ သုံးယောက်က သစ်ပင်တစ်ပင်နား တွင် ပုန်းအောင်း၍ ကြည့်နေသည်။ သေချာသွားပါပြီ။ ဒီဂျူပုသည် လည်း တရားခံထင်ရသော စာရင်းဝင်တစ်ယောက်ဖြစ်ပါသည်။

'သူ့ကို နာမည်ဝှက်ပေးရမယ်၊ ဂဏန်းချဉ်လို့'

'ဒီဘုဂလန့် လူ့ပွစာကို ဘယ်လိုချဉ်းကပ်ပြီး ဖော်ထုတ်ရမလဲ မသိဘူး'

www.burmeseclassic.com

www.burmeseclassic.com



နှင်းနှင်းက စိတ်ညစ်နေပုံရသည်။

'ဒါဆို ငါတို့တစ်ယောက်ပဲ စုံစမ်းဖို့ ကျန်တော့တာပေါ့'

'အဟုတ်ပေါ့ဟာ၊ ငါးယောက်စလုံး တွေ့သွားရင်တော့ ငါတို့အားလုံး တိုင်ပင်ကြတာပေါ့၊ နှင်းနှင်းက ဆလပ်ဆော့စ်ကို တာဝန်ယူထားတော့ ကျန်တဲ့လေးယောက်ကို ငါတို့နှစ်ယောက်က ခွဲဝေရမှာသား'

'ဒါတော့ မဖြစ်နိုင်ဘူး'

မြတ်မွန်က ကန့်ကွက်သည်။

'မဟုတ်သေးဘူးဟာ၊ နင်တို့ကလည်း ငါက ဆလပ်ဆော့စ်ကို ဖော်ထုတ်မှာ တစ်ယောက်တည်းသွားလို့ ဘယ်ရမလဲ၊ နင်တို့အကူအညီတွေလည်း လိုသေးတာပေါ့'

'တရားခံငါးယောက်ကို ငါတို့သုံးယောက်က ခွဲတမ်းချမနေနဲ့၊ ငါတို့ခုချိန်မှာ စည်းလုံးနေမှဖြစ်မယ်'

သဉ္ဇာက တိုင်တိုင်ပင်ပင် ဆက်လက်ဆွေးနွေးရန် အဆိုပြုသည်။

'တော်ပြီဟာ၊ ဘာမှခေါင်းထဲတွေးမနေနဲ့တော့၊ အခုလောလောဆယ် ငါတို့လျှို့ဝှက်ချက်တွေကို ဘယ်သူမှ မဖွကြသေးဘူး၊ ဓပေါက်ကြားသေးဘူး၊ တကယ်လုပ်ချင်တဲ့ကောင်တွေက Online ပေါ် ပစ်တင်လိုက်ပြီပေါ့'

'နောက်ထပ် ပြစ်ဒဏ်တွေ ရှိမရှိ ထပ်စောင့်နေတာ ဖြစ်လိမ့်မယ်'

'သေတ္တာထဲမှာ တွေ့တဲ့စာအရဆိုရင်တော့ ငါတို့သုံးယောက်ကို ပညာစမ်းတဲ့သဘောလည်း သက်ရောက်နိုင်တယ်၊ ဘာပဲဖြစ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ဟာ၊ ငါတို့ ဒီငါးယောက်ကို သေသေချာချာ စောင့်ကြည့်ပြီး တိဘိကျကျ အဓိဖမ်းရမယ်'

'အခုလေးယောက်ရဲ့ စရိုက်တွေကို ပေါ်ပေါ်လွင်လွင် သိပြီမဟုတ်လား၊ တစ်ယောက်နဲ့တစ်ယောက် အမျိုးအစားချင်း မတူကြဘူး၊ ဒါတွေထဲက အစစ်အမှန်တရားခံကို ရှာဖို့က ကောက်ရိုးပုံထဲ အပ်ပျောက်ရှာသလို ဖြစ်နေမယ်'

သုံးယောက်စလုံးက မလှုံးသာ မလွှဲနိုင်သာ ရှိနေ၏။ ကျောင်းတော်ထဲမှာ အရှက်ကွဲရင်လည်း ဘဝတစ်လျှောက်လုံး စုန်းစုန်းမြုပ်ပြီ။ ပေါက်တဲ့နဖူး မထူးမဲ့အတူတူ မှတ်လောက်သားလောက်အောင် တရားခံတွေကို ပညာပေးရမည်။

'ငါးယောက်စလုံးက တစ်ယောက်တစ်မျိုးစီနော်၊ သေသေချာချာ အကဲခတ်နိုင်မှ တော်မယ်၊ နို့မို့ဆိုရင် ငါတို့တစ်ရက်စာနေ နှစ်ရက်တွေဖြစ်ကုန်မယ်၊ တစ်ယောက်တည်း ချွန်ပြီး သူ့ရဲကောင်း မလုပ်နဲ့၊ အားလုံးအခက်အခဲရှိရင် တိုင်တိုင်ပင်ပင် ဆက်သွားကြမယ်'

သဥ္ဇာက သွက်သွက်လက်လက် ပြောသည်။ မြတ်မွန်နှင့် နှင်းနှင်းက အားတက်သရော ခေါင်းညိတ်ထောက်ခံကြကုန်သည်။

'တရားခံကတော့ တစ်ယောက်တည်းပဲ ရှိမယ်၊ ဘယ်သူလဲဆိုတာ သိအောင် အမြန်ကြိုးစားရမယ်၊ တစ်ခုဖြစ်နိုင်တယ်၊ နောက်ကွယ်ကနေ တစ်စုံတစ်ရာက ကြိုးကိုင်နေတာလည်း ဖြစ်နိုင်တယ်'

နှင်းနှင်းက သူထင်သည့်အတိုင်း ချပြသည်။

'သိပ်သေချာတာပေါ့၊ ဒီတော့ ငါတို့က သူတို့ရဲ့ အားနည်းချက်နဲ့ ပျော့ကွက်တွေကို နှင်းရမယ်၊ ကိုယ့်ဘက်ပါအောင် ဆွဲဆောင်

www.burmeseclassic.com

www.burmeseclassic.com



သိမ်းသွင်းပြီးမှ လိုရာပုံသွင်းမယ်၊ ငါတို့ရဲ့ အသေးအဖွဲကိစ္စလေးတွေ အပေါ် ဒင်းတို့အာရုံစိုက်နိုင်အောင် လုပ်ရမယ်၊ ငါတို့တတ်မြောက် ထားတဲ့ မာယာထောင်ချောက်ဆင်နည်း ပရိယာယ်တွေနဲ့ စွမ်းဆောင် အကောင်အထည်ဖော်ရမယ်၊ ဟား… ဟား'

မြတ်မွန်က ခန္ဓာကိုယ်နဲ့မလိုက်အောင် စစ်သူရဲကောင်းမကြီး လို ကြွေးကြော်သည်။

သုံးယောက်စလုံး ဝင်္ဂလည်မှာကို စိုးကြောက်နေချေပြီ။

o

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

မြတ်မွန်က သူ့အမူအကျင့်အတိုင်း တစ်စုံတစ်ခုအတွက် နောက်ကျလျှင် ရှပ်တီးရှပ်ပြာ နိုင်လှသည်။ ဒီနေ့တက်ရမဲ့ အတန်းချိန်သည် အရေးကြီးသော သင်ခန်းစာများ ပါဝင်သဖြင့် ကျောင်းသို့ အတန်းချိန်မီအောင် သွားရမည်။ နောက်ပြီး ဘော်ဒါနှစ်ယောက်နှင့် စစ်ဆင်ရေးကိစ္စတွေ ဆင်နွဲဖို့ တိုင်ပင်ရဦးမည်။ သဉ္ဇာနှင့် နှင်းနှင်းက တော့ လည်ပင်းညောင်ရေအိုးမက ဖြစ်နေလောက်ပြီ။

နာရီတကြည့်ကြည့်နှင့် ကျောင်းသို့သွားနေရသော မြတ်မွန် ပတ်ဝန်းကျင်မှ ကိစ္စတွေကို မမြင်ပေ။ ကံကောင်းထောက်မ၍ လမ်းဖြတ်ကူးစဉ် ယာဉ်တိုက်မခံရ။ ဘယ်သူ့ကိုမှလည်း ပခုံးချင်းဝင်မတိုက်မိ။ ဘယ်သူ့ကိုမှလည်း မနင်းမိ။ ကျောင်းဝင်းထဲ ရောက်ခါနီးလေပြီ။ ခြေလှမ်းက မြန်လာလေ၏။ ဒါပေမဲ့ မြတ်မွန်တစ်ယောက် အက်နေသော ကျောက်ပြားတစ်ချပ်ကို တက်နင်းမိ၍ မြောင်းပေါက်ထဲ ခြေတစ်ဖက် ကျွံကျသွားသည်။ သူ့တင်မကဘဲ အဲဒီကျောက်ပြားအနီး ရှေ့တည့်တည့်မှ နင်းမိသော လူတစ်ယောက်လည်း သူနဲ့အတူတူ ကျွံကျခဲ့လေသည်။ သိပ်ထိခိုက် ပွန်းပဲ့မှုတော့ မရှိပေ။ မြောင်းအောက်

www.burmeseclassic.com

www.burmeseclassic.com



ထဲအထိ မရောက်ပေ။ ကျွံနေသော ခြေထောက်များကို နှစ်ယောက်သား အသီးသီး ဆွဲထုတ်လိုက်ကြသည်။

'ကျောက်ပြားကို ဘယ်သူအရင်တက်နင်းတာလဲ'

'ကျွန်တော်ပါ၊ အစ်မက အပေါ်ကို ကြည့်ပြီးလျှောက်လာပေမဲ့ ကျောက်ပြားရဲ့ အစွန်းကို အရင်ဆုံးတက်နင်းမိတာ ကျွန်တော်ပါ'

ကောင်လေးက ပိန်ပိန်ညှောင်ညှောင် ရည်ရည်မွန်မွန်လေး ဆင်ပါသည်။ စကားပြောရတာ နာကျင်မှုအသံတစ်ဝက် စွက်နေသည်။

'အား... နောက်ကျနေပါတယ်ဆို၊ သေပါပြီ၊ ခြေထောက် ထောက်လို့ရပါ့မလား မသိဘူး'

မြတ်မွန်က သူ့ခြေထောက်နုနုလေးကို ပွတ်ကြည့်၍ မျက်နှာ ရှုံ့မဲ့နေသည်။ ကောင်လေးက ဒူးခေါင်းပွန်း၍ သွေးအချို့ထွက်လာသည်။

'ဆေးခန်းသွားပြမှ ဖြစ်မယ်၊ သွေးတွေသိပ်ထွက်နေတယ်'

'အတန်းချိန် နောက်ကျနေပြီ'

မြတ်မွန်က ကောင်လေးကို သေချာကြည့်တော့ ပါဝါမျက်မှန် ကြောင်လေးဖြစ်နေသည်။ ရုပ်ရည်က ဖြူဖတ်ဖြူရော်နှင့် အရောင် အဆင်း သိပ်မရှိ။ ရိုးသားမှု အရိပ်အယောင်လေးလည်း ရှိသည်။

'အစ်မရယ်... ဆေးခန်းသွားပြပါလား'

'ရပါတယ်'

'မရနဲ့ အစ်မ၊ ဒဏ်ရာသေးသေးလေးဆိုပြီး ပေါ့ဆလို့မရဘူး၊ ဆေးခန်းသွားပြတာ အကောင်းဆုံးပဲ၊ ဒါနဲ့ အစ်မက ဘယ်နေရာ တလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဖူးမေဂျာကပါ'

'ဩော်… ဖူးကလား၊ ကိစ္စမရှိပါဘူး၊ အဲဒီမှာ ကျွန်တော့် အသိတစ်ယောက်ရှိပါတယ်၊ အစ်မ မတက်မိတဲ့အတန်းချိန်ကစာတွေ ပြန်ကူးပေါ့'

တမင်သက်သက် ဘလိုင်းကြီး လာဝင်ရောတာတော့ မဖြစ် နိုင်ပေ။ တကယ်စေတနာသန့်သန့်နဲ့ ဆေးခန်းသွားရအောင် တိုက်တွန်း ပြောဆိုခြင်းပင်။ ခြေထောက်က နာလာတာမို့ မြတ်မွန်လည်း အတန်း မတက်ရဘဲ နီးစပ်ရာ ဆေးခန်းတစ်ခုကို ပြေးရသည်။ မှန်ကြောင် ကလည်း သူ့ဒဏ်ရာကို ဆေးထည့်ပါသည်။ ဆရာဝန်က ခြေထောက် ကို ပတ်တီးစည်းပေးလိုက်သည်။

'ဒါနဲ့ ရှင်က ဘယ်မေဂျာကလဲ'

'မြန်မာစာ ပထမနှစ်ပါ'

'တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်မနာမည်က မြတ်မွန် အောင်ပါ၊ ခုလို ကျွန်မကို ဂရုတစိုက် ကူညီပေးခဲ့တဲ့အတွက် ကျေးဇူး တင်ပါတယ်၊ ဒါနဲ့ ရှင့် Name ကရော'

'ကျွန်တော့်နာမည် မျိုးမင်းနောင်ပါ'

မြတ်မွန် ဝမ်းသာဝမ်းနည်း ဖြစ်သွားရဲ့။ ဝမ်းသာတာက သူ တွေ့ချင်နေသော တရားခံတစ်ဦးဖြစ်နေပြီး ဝမ်းနည်းတာက သူ့ကို ကူညီခဲ့သော ကောင်လေးတစ်ယောက်ဖြစ်နေသောကြောင့်ပင်။ မတတ် နိုင်ပေ။ ကမ္ဘာမီးလောင်လျှင် သားကောင်ချနင်းသင့် နင်းရမည်ပဲ။ ရေခဲတွေအရည်ပျော်ချိန် ရေခဲရေတစ်ခွက် ငါးဆယ်ဖြစ်ချင်လည်းဖြစ် မှာပဲ။ မြတ်မွန် စိတ်ထဲ ဒင်းလေးကို ရိုးသားသူတစ်ယောက်ဟု ထင်မြင်ယူခဲ့သမျှ သဲထဲရေသွန်ဖြစ်သွားရချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



'တွေ့ရတာ ဝမ်းသာပါတယ်၊ ခုချိန်ကစပြီး ရှင်နဲ့ကျွန်မ မိတ်ဆွေဖြစ်သွားပြီပေါ့'

'ဟုတ်ကဲ့၊ ပိုဝမ်းသာပါတယ်၊ ကျွန်တော့်မှာ မိန်းကလေး မိတ်ဆွေမရှိတော့ ပိုအဆင်ပြေပါတယ်'

မြတ်မွန် စိတ်ထဲက တွေးနေပါပြီ။

'မသင်္ကာစရာတွေကတော့ စကားထဲမှာ တစ်စွန်းတစ်စတွေ ပါလာပြီ၊ မခုတ်တတ်တဲ့ ကြောင်ကို သတိကြီးကြီး ထားရမယ်၊ ငါ့ဆီကို ချဉ်းကပ်ပုံရတယ်'

'သွားတူနေတယ်၊ ကျွန်မလည်း ယောက်ျားလေး သူငယ်ချင်း မရှိဘူး'

'ဟုတ်ကဲ့ ကျွန်တော် သွားဦးမယ်နော်'

'မိတ်ဖြစ် ဆွေဖြစ် တစ်ခုခု သွားစားရအောင်လေ'

မြတ်မွန်က ခုကတည်းက ဆွဲချုပ်ထားလေသည်။

'ဟင့်အင်း… ကျွန်တော်တို့ နောက်မှပဲ ထပ်ဆုံကြတာပေါ့'

မှန်ကြောင်လေးက မြတ်မွန်ကို နှုတ်ဆက်၍ ထော့နဲ့ထော့နဲ့နှင့် ထွက်သွားသည်။ မြတ်မွန်ကတော့ သူ့နောက်ကျောကိုကြည့်၍

'သူ့မျက်လုံးတွေကတော့ ဉာဏ်နီဉာဏ်နက်ထုတ်မယ့် အရိပ်အယောင်တွေ မရှိဘူး၊ ဒါပေမဲ့ သူ့အပြုအမူတွေကို သေသေချာချာ စောင့်ကြည့်ရမယ်'

မြတ်မွန်လည်း ခြေထောက်ဒဏ်ရာကို ဂရုမထားနိုင်တော့ဘဲ မြင်းနှင်းနှင့် သဥ္ဇာရှိရာ ကင်တင်းသို့ ထွက်လာခဲ့ရသည်။ လမ်း၌ ကျောင်းသားတွေက မြတ်မွန် ထော့နင်းထော့နင်းဖြစ်နေသည်ကို လှမ်းကြည့်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟော့… ရာမပစ်တဲ့ လေးထိသွား မယ်ဂမ္ဘီ သမင်မလေး လား'

'ဟုတ်ပါဘူးကွ၊ ဓော်ဂျီတောင်ဝှေးမိသွားတဲ့ သူယောင်မယ် လေးပါ'

မြတ်မွန် ဒေါသထွက်သော်လည်း ချုပ်တည်း၍ မသိချင် ယောင်ဆောင်နေရသည်။

'ဟဲ့… ကောင်မရယ် ဘယ်လိုဖြစ်လာတာလဲ၊ ခြေထောက် မှာလည်း ပတ်တီးနဲ့ ဘောလုံးဝင်ကန်လာသလား'

'ဖြစ်ကြောင်းကုန်စင်ကို ဇာက်စုံခင်းရအောင်လည်း တစ် ထောင့်တစ်ညပုံပြင်တွေလို ဂရိတ်ဝေါတံတိုင်းတစ်လျှောက် သုံးရာ သုံးဆယ့်သုံးကြိမ်မြောက် ပြောရသလိုပါပဲ'

'ရှည်ပ၊ မြတ်မွန်ရယ်၊ ငါတို့က သံပြတ်ပဲ ကြိုက်တယ်၊ ပြောစေလိုရင်း'

သဥ္ဇာက ဝှေလည့်ကြောင်ပတ်လုပ်နေသော မြတ်မွန်ကို အပြစ်တင်သည်။

'ငါ့အဖြစ်က ကံဆိုးကံကောင်းပါပဲဟာ၊ ကံကောင်းချင်တော့ မှော်ဘီမှာ အမွေရကိန်းရှိလို့ မှော်ဘီကိုသွားတယ်၊ ကံဆိုးချင်တော့ ကားပေါ်မှာ အိပ်ပျော်ပြီး တိုက်ကြီးအထိ ပါသွားတယ်၊ ကံကောင်း ချင်တော့ အသိကားတစ်စီး ရန်ကုန်ပြန်မဲ့ကားကြုံနဲ့တိုးတယ်၊ ကံဆိုးချင် တော့ မြောင်းတကာနားမှာ ကားပျက်နေတယ်၊ ကံကောင်းချင်တော့ စိန်ကုလားကွမ်းယာဆိုင်မှာ အလုပ်လုပ်နေတဲ့ ငယ်ရည်းစားဟောင်းနဲ့ ပြန်ဆုံတယ်၊ ကံဆိုးချင်တော့ သူ့မှာ ကာမပိုင်ယောကျ်ားနဲ့ ကံကောင်း ချင်တော့ ရည်းစားဟောင်းရဲ့ ယောကျ်ားဆိုင်ကယ်နဲ့ မှော်ဘီပါသွား

www.burmeseclassic.com

www.burmeseclassic.com



ဘယ်၊ ကံဆိုးချင်တော့ ဆိုင်ကယ်က လမ်းမှာမှောက်တယ်၊ ကံကောင်းချင်တော့ ရည်းစားဟောင်းယောက်ျားက ပွဲချင်းပြီးပဲ၊ ကံဆိုးချင်တော့ သူလည်း ခေါင်းထိပြီး ရူးသွားတယ်'

'နှင့်ကံဆိုး ကံကောင်းက ပြီးဦးမလား'

'အလကားပါဟာ၊ ပျော်စရာတွေ လျှောက်ပြောနေတာပါ၊ ပဲ့အဖြစ်က ဒီလိုဟ'

မြတ်မွန်က သူ့အကြောင်းတွေကို အစအဆုံး ပြောပြသည်။

'ဟာ... ဒါဆိုရင် နင်က ငါတို့ထက်တောင် ပိုသာသွားတာပေါ့၊ ငါတို့က အမြင်နဲ့ပဲ သိသေးတယ်၊ နင်က အတွေ့နဲ့ပဲ ထိသွားပြီ၊ ဒီကောင့်ကို နင်ပဲနာမည်ပေးပြီး နင်ပဲ တာဝန်ယူလိုက်တော့'

သဥ္ဇာက ဝမ်းသာအားရနှင့် မြတ်မွန်အပေါ် တာဝန်ပေးသည်။ နှင်းနှင်းက...

'နင်တော့ ဒီတစ်ခါ ခြေထောက်မိဘဲ ခေါင်းထိမှာပဲ ဟိ'

'ဘာပဲဖြစ်ဖြစ်လေ၊ ငါကတော့ သူ့ကိုနာမည်ပေးရမှာပဲ'

'ဘယ်လိုပေးမလဲ'

'နံရိုးမီးတောက်လို့ ပေးမယ်'

'ကောင်းတယ်၊ အခု နှင့်လိုပဲ နှင်းနှင်းကလည်း အခြေအနေကောက်နေပြီ'

'အံမယ် နှင်းနှင်း၊ နင်က ဆလပ်ခေါ်စကို ဘယ်လိုတို့စိတ်သလဲ'

'အချဉ်တောင် သုံးစရာမလိုဘူး၊ ငါ ဟိုကောင်နဲ့ အပြင်မှာတွေ့ထဲတယ်'

'နေရာ၊ အချိန်အဝတ်အကျနဲ့ ဖြစ်စဉ်အကျဉ်း'

www.burmeseclassic.com

www.burmeseclassic.com



'ဖြည်းဖြည်းပေါ့ဟာ၊ ငါလည်း ဘယ်ရမလဲ၊ မိန်းမတို့မာယာတွေကို တစ်ကွက်ချင်း သုံးလိုက်တယ်'

'မာယာရထားလား၊ မာယာလန်ချားလား'

'ဟား… ဟား… တစ်ခုမှ မဟုတ်ဘူး၊ မာယာအဝေးထိန်းမောင်းသူမဲ့ လေယာဉ်ပျံ'

'ဟုတ်လှချည်လား၊ ပစ်မှတ် ဘယ်နေရာကို ထိသလဲ'

'ချက်ကောင်းမဟုတ်ပေမဲ့ ချက်ကောင်းကို လိုက်စားမဲ့ နေရာကို ထိသွားတယ် ထင်တာပဲ'

နှင်းနှင်း၏ ပြောပြချက်။ တွေ့ဆုံသည့်နေရာ။ အထူးယာဉ်တစ်စီးပေါ်။

☞

နှင်းနှင်းသည် ငွေနှစ်ရာ အဲလွယ်တကူရှိသဖြင့် အထူးကားတစ်စီးပေါ် တက်လိုက်သည်။ ထိုင်စီးခရီးသည်သာ တင်ဆောင်သောကားဖြစ်သော်လည်း ရပ်စီးခရီးသည် ၂၀ ဦးခန့် ပါရှိသည်။ တစ်ယောက်ကတော့ ဇတ်လိုက်ကြီး ဆလပ်ဆော့စ်ပင်။ သူက မတ်တပ်ရပ်စီးရသည်ကို ကျေနပ်ဟန်မတူပေ။

'မှားပါတယ်၊ ထိုင်စီးချင်လို့ ဒီကားစီးတာ'

ခဏခဏ ပွစိပွစိ ပြောနေတော့ စပယ်ယာလည်း မတတ်သာဘဲ ထိုင်ခုံပုလေး နှစ်လုံး ထုတ်လာ၍…

'ကဲ… အစ်ကို ဒီခုံလေးနဲ့ အလယ်ခေါင်မှာ ထိုင်စီးပါလား၊ သိပ်မကြာခင် အချို့ခရီးသည်တွေ ထတော့မှာပါ'

'တော်တော်ဇိမ်ကြောင်တဲ့ ကောင်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



နှင်းနှင်းက စိတ်ထဲမှ ရေရွတ်မိသည်။ ကားက ရှေ့မှတ်တိုင်တွင် ဆင်းမည့်သူတစ်ယောက်ရှိ၍ ရပ်ပေးရာ တက်မည့်သူ သုံးယောက်လောက် တက်လာ၏။ ဆလပ်ဆော့စ်ကား ဝေးသွား၍ ထိုင်ခုံသို့ မလှမ်းနိုင်။ အခြားတက်လာသူတွေက အသီးသီးထိုင်နေရသည်။ သိပ်မကြာခင် နှင်းနှင်းအပါအဝင် အကုန်လုံး ထိုင်ခုံရသွားကြသည်။ စပယ်ယာက ပြုံးစိစိဖြစ်နေသည်။

အဲဒီမှာ နှင်းနှင်းက သူ့အခန်းကဏ္ဍအတွက် ပြောက်ကျားမလေးတစ်ယောက်လို လှုပ်ရှားရလေပြီ။ စပယ်ယာကို နှင်းနှင်းက…

'စပယ်ယာ အဲဒီလူကို ဒီထိုင်ခုံမှာ လာထိုင်ချေလို့ ပြောပေးပါ'

စပယ်ယာကလည်း ကြောင်အမ်းအမ်းနှင့် ပြောရနိုး မပြောရနိုး ဖြစ်နေသည်။

'ပြောပါ၊ ကျွန်မ ပြောခိုင်းတယ်လို့'

'ကျွန်တော် မပြောရဲဘူး'

'အောင်မလေး စပယ်ယာရယ်၊ ဒါမျိုးကျ သတ္တိမရှိဘူး'

'ဟိုအနောက်က အစ်ကိုကြီး ဒီမှာ လာထိုင်ပါရှင့်၊ အစ်ကိုကြီးက နာမည်ကြီး အဆိုတော်တစ်ဦးဆိုတာ ကျွန်မ သိပါတယ်'

တစ်ကားလုံးက လူတွေက ဆလပ်ဆော့စ်ကို ဝိုင်းကြည့်ကြသည်။ ဆလပ်ဆော့စ်မှာ ရှဥ့်မျက်နှာပလာယာနဲ့ ညှပ်ထားသလို တွန့်သိမ်သွားသည်။ ထပ်ကံဆိုးချင်တော့ ဘေးတွင် မာမီနှစ်ဦးရှိနေရာ

'ဟယ်… ဟုတ်တာပေါ့၊ ဒါ အဆိုတော်အသစ်လေးလေ၊ လာ… လာ… ကောင်လေး ဒီမှာ လာထိုင်ချေ'

မာမီတစ်ဦးက သွက်လက်စွာ သူ့နေရာကို ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆလပ်ဆော့စ်လည်း ယောင်တောင်တောင်နဲ့ ဝင်ထိုင်လေသည်။

'ဟယ်… ချစ်စရာလေးနော်၊ You ကို တို့ တွေ့ဖူးတယ်'

'တို့ကို သိလား'

မာမီတွေက အတင်းဝင်ရောလေသည်။ ဆလပ်ဆော့စ်မှာ အလိုလိုနေရင်း ပျော့ဖတ်နွမ်းနယ်နေပြီ။ သူတို့နှစ်ဦးကြားတွင် ငါးပါး မှောက်ရုံတင်မက ဆားနဲ့ဖါ အသိပ်ခံရမည့်ကိန်း မြင်သည်။

နှင်းနှင်းက ဆလပ်ဆော့စ်နား လျှောက်သွားသည်။

'ရှင် တော်တော်မျက်နှာများတဲ့ သူပဲ၊ တွေ့မယ်၊ အခု ရှင် ကျွန်မနောက် လိုက်ခဲ့'

နဂိုကမှ နှာပွပွဖြစ်ချင်နေသော ဆလပ်ဆော့စ်သည် ဘုမသိ ဘမသိဖြင့် မိန်းမချောလေးတစ်ယောက် ခေါ်ရာနောက်သို့ ရွဲ့တိရွဲ့ စောင်းနှင့် လိုက်ပါသွားရသည်။ စပယ်ယာက အုကြောင်ကြောင်နှင့် ရှေ့မှတ်တိုင် ဆင်းမည်ဖြစ်ကြောင်း ဒရိုင်ဘာကို အော်ပြောရသည်။ နှင်းနှင်းက အရင်ဆင်းသွားပြီး ဆလပ်ဆော့စ်က နောက်မှလိုက်ဆင်းရ၏။

'ရှင်… ကျွန်မကို သိသလား'

'ဟီး… မြင်တော့ မြင်ဖူးသလိုပဲ၊ မင်းအမေနဲ့ ငါနဲ့များ သိကျွမ်းခဲ့သလား မသိဘူး၊ မင်းအမေက ဟိုအီလက်ထရွန်နစ် ကုမ္ပဏီ တစ်ခုမှာ မန်နေဂျာမဟုတ်လား'

'ဘာတွေပြောနေတာလဲ၊ ကျွန်မ အမေက ဆိုက်ကားနင်းတာ ရှင့်'

'ဟမ်… ဪ… လူမှားသွားတာ ထင်တယ်၊ မင်းကိုတော့ ငါ မြင်ဖူးသလိုပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ရှင် ကျွန်မကို တကယ် မမှတ်မိဘူးလား'

နှင်းနှင်းက မခို့တရိလေး မေးသည်။

'မိန်းကလေး မိတ်ဆွေရင်းတွေက များတော့ ဘယ်သူဘယ်ဝါမှန်း သဲသဲကွဲကွဲ မသိဘူးဖြစ်နေတယ်'

'ရှင် တကယ်မသိဘူးလား'

ဆလပ်ဆော့စ်က မျက်လုံးကြီးပြူး၍ စဉ်းစားနေပြန်သည်။ စိတ်ထဲမှာတော့ ကောင်မလေးတစ်ယောက် ပေါ်တင်ကြီး လာနွယ်နေပြီထင်နေပုံရသည်။

'ရှင့်ရဲ့ အောင်မြင်မှုတွေကို အရိပ်တကြည့်ကြည့် လိုက်နေတဲ့ ကောင်မလေးတစ်ယောက်လေ'

ဆလပ်ဆော့စ် ပို၍ စိတ်ဝင်စားသွားသည်။ ချော်လဲရောထိုင်သဘောဖြင့်...

'ဪ... မှတ်မိပြီ၊ ကျောင်းထဲက မေဂျာတစ်ခုက မဟုတ်လား'

'ရှင် ဖြီးမနေနဲ့၊ ကျွန်မက ရှင် ဘာတွေလုပ်တတ်သလဲဆိုတာ အမြဲစောင့်ကြည့်နေတဲ့ လူပဲ'

'ခင်ဗျာ'

ဆလပ်ဆော့စ်တစ်ယောက် ရှုံးချင်သလို ဖြစ်နေသည်။

'ကဲ... ကဲ... လမ်းပေါ်မှာ ရပ်ပြောနေတာ မကောင်းဘူး၊ အအေးဆိုင်တစ်ခုခုမှာ အအေးသောက်ရင်း သွားပြောရအောင်'

*'ကောင်းတာပေါ့'*

ဆလပ်ဆော့စ် စိတ်ထဲမှာ ထောင့်စေ့အောင် တွေးနေသည်။

'ဒီကောင်မလေးက ငါ့ကို တိုက်ရိုက်ကို နွယ်နေပါလား၊

www.burmeseclassic.com

www.burmeseclassic.com



ငါ့ရဲ့ အရှိန်အဝါကို ခုံမင်တဲ့ စိတ်နဲ့ ဝင်လာတာဆိုတော့ ငါ့ဘက်က အလွတ်ခံလို့ မဖြစ်ဘူး၊ လွတ်တဲ့ငါး ကြီးသွားမယ်၊ ဟဲ… ဟဲ… လက်ရှိအနေအထားအရ ကိုယ့်ဘက်ကို ၇၅ ရာခိုင်နှုန်းလောက် တိမ်းစောင်းနေပြီ၊ ကောင်မလေးက ရည်ရည်မွန်မွန်လေးနဲ့ ချစ်စရာလေးပဲ'

နှစ်ယောက်သား အအေးဆိုင်ထဲ ဝင်လာကြသည်။ နှင်းနှင်းက စတော်ဘယ်ရီဖျော်ရည်တစ်ခွက် မှာလိုက်သည်။ ဆလပ်ဆော့စ်က လည်း အားကျမခံ စတော်ဘယ်ရီဖျော်ရည်တစ်ခွက်ပဲ မှာလေ၏။ နှစ်ယောက်ချင်း အကြည့်လည်း ဆုံသွားကြသည်။ နှင်းနှင်းက လျှာလေးထုတ်ပြ၏။

'ကိုယ့်နာမည်က ပိုင်စိုးပါ'

'သိသားပဲ၊ ကျွန်မ နာမည်ကို ရှင်သိရဲ့လား'

'ဘယ်သိမလဲ၊ ဒီကကောင်မလေးပြောမှ သိရမှာပေါ့'

'ရှင်ဘာသာရှင် သိအောင်စုံစမ်းပါလား'

'ဟာ… အလုပ်တစ်ခုအနေနဲ့ စုံစမ်းရဦးမှာလား'

ဆလပ်ဆော့စ်က နဂိုကမှ တစ်ကိုယ်ကောင်းသမားပီပီ စုံစမ်းရမှာ ပျင်းသလိုလိုဖြစ်နေသည်။

'ကျွန်မ နာမည် မှတ်ထား ပရမတ်သမုဒ္ဒါန်မပြတ်ချုပ်ပြန် သဖြင့် ဓာတ်ရပ်နာမ်တို့သာ စိတ်ကစေလိုက်တော့၊ အနိစ္စသဘော မှချမလွတ်ကြပါ၍ ဥမ္မာဒန္တီချော့စွ တစ်ပင်စကားဝါအဖူးရယ်ကြောင့် ဘုံကြာမှန်စီမနော်မယ ပလ္လင်ရတနာဦးမှာလ၊ တောင်ကျရေနွားနှစ်ကောင် မဝသလိုနဲ့၊ မောင်ဘဖေ ငါးထောင်ရတာကြောင့်၊ ဓမ္မာဒီပါ လက်ယာတောင်ကျွန်း ဩဘာနိမိတ်ထွန်းလို့ ရွှေမဒုံကြာအချပ်ဖိုလ၊ လေအဟုန်လာ၍ ခတ်စဉ်က၊ မျှော်လင့်တုန်း ကြော့ဆုံးလာမည်တဲ့၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ကျွန်မ နာမည်ပဲ၊ အဲဒီစာသားတွေထဲမှာ ကျွန်မ နာမည်ပါတယ်'

'မင်း တော်တော်နောက်ပါလား'

'ရှင် စိတ်မဝင်စားရင် ကျွန်မနာမည် မသိဘူးပေါ့'

'ခုနစာသားတွေမှ အလွတ်မရတာ'

'သေချာတော့ မှတ်မထားဘဲနဲ့၊ ကျွန်မ နောက်တစ်ခေါက် ထပ်ရွတ်ပြမယ်'

နှင်းနှင်းက အသံနေအသံထားဖြင့် ထပ်မံရွတ်ပြပြန်သည်။

'စာသားတွေကလည်း ရှည်လိုက်တာ'

ဆလပ်ဆော့စ် စိတ်ညစ်သွားပြန်သည်။

'ရှင်က ကျွန်မထင်သလောက်တောင် ဖွံ့မရှိပါလား၊ ရှင့်အတွက် အောင်မြင်တဲ့ အဆိုတော်တစ်ယောက်ဖြစ်ဖို့ ဒီလောက်လေးမှ ဖွံ့မရှိရင် ရှင် သူများနောက် ကျန်ရစ်ခဲ့မှာပေါ့'

နှင်းနှင်းက အသားကုန် စွတ်ပြောက်သည်။ ဆလပ်ဆော့စ်လည်း ထောင်းခနဲ ယောကျ်ားမာန ဒေါသထွက်သွားသော်လည်း နှင်းနှင်း၏ စပ်ဖြီးဖြီးအပြုအမူကြောင့် ရေထိသော ကြွက်စုတ်ကဲ့သို့ ငြိမ်သက်သွားချေသည်။

'နာမည်လေးတစ်ခုရဖို့ စဉ်းစားရမှာပေါ့ဗျာ'

'ရှင့်အတွက် ခန့်မှန်းနာမည်အလုံး ၁၀လုံး ပေးမယ်၊ အဲဒီ ၁၀ လုံးထဲမှာမှ မမှန်ရင် ရှင် ကျွန်မကို ဒံပေါက်အဝကျွေးရမယ်၊ ဘယ်လိုလဲ'

'ကောင်းပါပြီဗျာ'

'ခုနက စာသားတွေကို မှတ်မိတယ်နော်'

'မှတ်မိသွားပါပြီ၊ နာမည်ကို အစရွေးရမလား'

www.burmeseclassic.com

www.burmeseclassic.com



'အိမ်ပြန် အေးအေးဆေးဆေး စဉ်းစားပြီးမှ ရွေးပေါ့'

နှင်းနှင်းက တစ်ရက်အချိန်ပေးသည်။ ဆလပ်ဆော့စ်ကတော့ ခေါင်းကုတ်နေပြီ။

'ရှင့်အတွက် မနစ်နာစေရပါဘူး၊ ကျွန်မနာမည် မှန်သွားရင်တော့ ရှင့်ကို ကျွန်မ ပရိဂျူဆာတစ်ယောက်နဲ့ မိတ်ဆက်ပေးမယ်'

'တကယ်လား'

'မယုံလို့လား၊ လက်တွေ့မှ ယုံမှာလား'

'မယုံလို့ မဟုတ်ပါဘူး၊ ထူးဆန်းသွားလို့ပါ'

'အံ့မယ် ထူးဆန်းတယ်ဆိုတော့ တို့ကို အထင်သေးတဲ့သဘောလား'

နှင်းနှင်းက နှုတ်ခမ်းလေးစူ၍ စိတ်ကောက်သည်။

'အလကားပြောတာပါ စကားဝါရယ်၊ စကားကလည်း တတ်ပ'

'ရှင်… ရှင်… ကျွန်မကို ဘယ်လိုခေါ်လိုက်တာလဲ'

'ဩော်… ယောင်ပြီးထွက်သွားတာပါ၊ ခုနစာသားထဲက စကားဝါဆိုတာကို'

'ဟာ… ရှင် တော်တော်တော်တဲ့သူပဲ၊ ချီးကျူးပါတယ်၊ ကျွန်မ နာမည်ရင်းက စကားဝါပဲ၊ ရှင် ဟုတ်နေပါလား'

နှင်းနှင်းက ချက်ချင်းဆိုသလို ချော်လဲရောထိုင်ဖြင့် ဆလပ်ဆော့စ် ရမ်းပြောမိသော နာမည်ကို ကွက်တိအတည်ယူပစ်လိုက်သည်။

'ရှင်က တကယ်တော့ ကျွန်မထင်တာထက်တောင် ပိုပြီး လူရည်လည် ဉာဏ်ပြေးတဲ့သူပဲ၊ ချီးကျူးပါတယ်'

ဆလပ်ဆော့စ်မှာ တမူထူးခြားစွာ ဆန့်ကျင်ဘက်လိုင်တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက်၏ ပြောင်မြောက်သော ချီးကျူးမှုကြောင့် ရင်ထဲဗွေ့ဗွေ့ခုန်သွားသည်။ ကောင်မလေးနာမည်ကိုလည်း စကားဝါအဖြစ် သိရှိလိုက်ရလေသည်။ ရင်ထဲစီးဆင်းသွားသော မြစ်တစ်စင်းပေါ့။

'စကားဝါ... မင်းနာမည်ရင်းက စကားဝါ ဟုတ်ပါတယ်နော်'

'ကျိန်းသေပါတယ် ကိုပိုင်စိုး ဒီနေ့ကစပြီး ရှင်နဲ့ကျွန်မဟာအသိအမှတ်ပြု တံဆိပ်ခတ်နှိပ်ပြီးသား ဖြစ်သွားပြီ၊ ရှင်နဲ့ကျွန်မ နှစ်ဦးပူးပေါင်းပြီး ဂီတလောကမှာ မှတ်တိုင်တစ်တိုင် စိုက်ထူလို့ရပြီ'

နှင်းနှင်းက လူကြီးဆန်ဆန် ဣန္ဒြေရရလေး ပြော၏။ ဆလပ်ဆော့စ် ရင်ထဲမှာ ပန်းတွေချာလည်ရိုက်၍ ပွင့်သွားသကဲ့သို့ ခံစားချက်တွေ ဖွာလန်ကျဲသွားသည်။

'အခု အအေးဖိုးတွေကို စကားဝါပဲ ရှင်းလိုက်မယ်'

'ဘယ် မဟုတ်တာ၊ ကိုယ်ရှင်းလိုက်ပါ့မယ်'

'ဒါဆိုရင် ပူစီကိတ်မုန့်တစ်ပွဲလောက် ထပ်မှာချင်လို့'

'ရပါတယ်၊ မှာပေါ့ စကားဝါရယ်'

ဆလပ်ဆော့စ်ကား နှင်းနှင်းကို မမှိတ်မသုန် ဘီလူးကြည့်ကြည့်နေသည်။

ဝ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

'စကားဝါ ဟုတ်လား၊ ပိရိပ ကောင်မရယ်'

သဉ္ဇာက မှတ်ချက်ချသည်။ နှင်းနှင်းက သူ ဆလပ်ဆော့စ်ကို ဘယ်လိုချုပ်ခဲ့သလဲဆိုတာကို ရွှန်းရွှန်းဝေ ရှင်းလင်းချက်လုပ်သည်။

'ဟဲ့… နှင်းနှင်း သူ့ကို ဘယ်လိုအကဲခတ်မိလဲ'

'ငါ့အထင်တော့ ဆလပ်ဆော့စ်က ငါတို့ပစ္စည်းကို တိုက်ရိုက်ပတ်သက်တဲ့သူလို့ မယူဆနိုင်ဘူး'

'ဘယ်ပြောလို့ရမလဲဟ၊ နင် စကားဝါမှန်း ဟန်ဆောင်ထားပေမဲ့ သူသိချင် သိနေမှာပေါ့၊ ဒါက တရားသေတွက်လို့မရဘူး'

သဉ္ဇာက သူ့ထင်မြင်ချက်ကို ချပြသည်။

'အေးပေါ့လေ၊ သူကလည်း ကိုယ့်အခြေအနေ ဘာလဲ စောင့်ကြည့်ချင် ကြည့်မှာပေါ့၊ ကိုယ်ကလည်း မျက်ခြေမပြတ်စောင့်ကြည့်ရမှာပဲ၊ ဒီပညာတွေက ငါ့အတွက်တော့ ထုံးလိုချေ ရေလိုနှောက် ဆီပျောက်မီးပျောက်ပဲ'

နှင်းနှင်းက ငါ့စွဲလေသံလေးစွက်၍ ပြောသည်။ တစ်နိုင်လုံး ငြိမ်၍ နားထောင်နေသော မြတ်မွန်က တစ်စခန်း ထလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါတော့ဟာ နံရိုးမီးတောက်ကို စုံစမ်းရမှာ စိတ်ကုန်သလိုပဲ'

'ဘာဖြစ်လို့'

'ဒီကောင်က ထူထူထိုင်းထိုင်း အူတူတူ အတတန့်'

'အဲဒါဆို သိပ်မပင်ပန်းဘူးပေါ့ဟာ၊ မြတ်မွန်ကလည်း အဓိကက ငါတို့ပစ္စည်းတွေ ပြန်ရဖို့လိုတယ်'

'ပြန်ရမှာထက် ပျံ့နှံ့မသွားဖို့က အဓိကကျတယ်'

'ဟုတ်တယ် နှင်းနှင်း၊ ဒီအချိန်ကလေးတွေဟာ ငါတို့အတွက် အရေးကြီးတဲ့ အချိန်တွေပဲ၊ အခု ငါတို့ဆင်ထားတဲ့ ဌင်ထဲ ဆလပ် ဆော့စ်နဲ့ နံရိုးမီးတောက်က အလိုအလျောက် ရောက်လာပြီ၊ ကျန်တဲ့ သုံးယောက်ကိုလည်း ငါတို့လွှတ်ထားလို့ မရဘူး၊ မသင်္ကာစရာအချက် တွေက တဒင်္ဂအပေါ်ယံခန့်မှန်းရုံနဲ့ အတွင်းထဲထိ ပေါက်သွားအောင် မတွေ့ရဘူး၊ မြေအိုးမြီးရှည်က လူလည်ဖွေ ပွေကြီးနော်၊ သူ့ကိုလည်း သတိကြီးကြီးထားရမယ်၊ ကဏန်းချဉ်က လူ့ဌစာ လူ့ကန့်လန့် သူ့ ဘဝက ဘာလဲမသိဘူး၊ အာလူးကင်က လေဒီဖတ်ခရေဓိ၊ တစ် ယောက်ယောက်က ထပ်ဆင့်အသုံးချတာမျိုး ဖြစ်နိုင်တယ်၊ ဒီသုံး ယောက်ရဲ့ ဇစ်မြစ်တွေကို ငါတစ်ယောက်တည်း စုံစမ်းမယ်'

သဉ္ဇာက ရဲဝံ့လှသော ကျားသစ်မလေးနှယ်။ မြတ်မွန်နဲ့ နှင်းနှင်းမျက်လုံးပြူး၍ ပခုံးလေးတွန့်ခါသွားသည်။

'ဖြစ်ပါ့မလား သဉ္ဇာ'

'သဉ္ဇာ့ရာဇဝင်မှာ တွေးကြောက်ပြီး ဘေးရောက်တာမျိုး မရှိ သေးဘူး'

သဉ္ဇာတစ်ယောက်တော့ ဒီတစ်ခါဆုံးဖြတ်ချက် ရဲရဲဝံ့ဝံ့ချ နိုင်သူပေါ့။ မြတ်မွန်က. . .

www.burmeseclassic.com

www.burmeseclassic.com



'နင်တို့နှစ်ယောက်ကို ငါ ပုံပြင်လေးတစ်ပုဒ် ပြောပြချင်တယ်၊ ပညာပေးကတော့ ကိုယ့်အတတ် ကိုယ်စူး ကိုယ်ရှုံးကိုယ် မပတ်စေဖို့ပဲ'

'နင်ကိုယ်တိုင် ပြန်ဆန်းသစ်ထားတဲ့ ပုံပြင်လား'

သဉ္ဇာက အကျင့်ကို သိနေသော မြတ်မွန်အား မေးလေ၏။

'သေချာတာပေါ့၊ တစ်ခါက ရွာတစ်ရွာမှာ စာဖတ်ဝါသနာပါတဲ့ ကိုမိုးဆိုတဲ့ လူတစ်ယောက်ရှိတယ်၊ သူက တစ်နေ့မှာ ရှေးဟောင်း ကျမ်းစာအုပ်တစ်အုပ်ကို စိတ်ဝင်စားစွာနဲ့ သဲကြီးမဲကြီးဖတ်နေတယ်၊ သူဖတ်နေတုန်း နေအိမ်အပြင်ဘက် တစ်နေရာမှာ ရွာထဲက ဆိုးပေတို့ကလေးတစ်သိုက် ဆူညံပွက်လောရိုက် သောင်းကျန်းရင်း သူ့အိမ်ဆီကို လာနေကြတယ်၊ သူ စာဖတ်တာ အနှောင့်အယှက်ဖြစ်တော့မှာကို ကိုမိုး သိသွားတယ်၊ သူလည်း အိမ်ဝကနေပြီး'

'ဟေ့... ကလေးတွေ ရွာထိပ်က ဈေးကို မြန်မြန်ပြေးကြစမ်း၊ အဲဒီမှာ ရုပ်ရှင်မင်းသမီးချောစု သူကြီးသားကို လာတောင်းရမ်းဖို့ ရောက်နေတယ်၊ မြန်မြန်သွားကြည့်ချေ'

ကလေးတွေ အပြေးအလွှား ထွက်သွားကြသဖြင့် ကိုမိုးလည်း စိတ်ချမ်းသာစွာနဲ့ သူ့ရဲ့စာအုပ်ကို ပြန်ဖတ်နေတယ်။

'ဟင်း... ဒီကလေးတွေအပေါ် ငါ လှည့်စားလိုက်တာ ဆရာကျပါလား'

သိပ်မကြာခင် ပြေးလွှားနေတဲ့ ခြေသံတွေ ထပ်ကြားရပြန်တယ်။

'ဟေ့... ခင်ဗျားတို့ ဘယ်နေရာကို ပြေးလွှားနေကြတာလဲ'

'ဈေးကို သွားနေကြတာဗျ၊ အဲဒီမှာ ရုပ်ရှင်မင်းသမီးချောစု

www.burmeseclassic.com

www.burmeseclassic.com



ထ သူကြီးသားကို လာတောင်းရမ်းဖို့ ရောက်နေတယ်လေ၊ ခင်ဗျား မကြားမိဘူးလား'

ကိုမိုးလည်း သူနောက်ပြောင်ပြီး ပြောဆိုလိုက်တဲ့ ကိစ္စကို တွေးမိပြီး အားရပါးရ ရယ်မောလိုက်မိတာပေါ့။ ပြီးမှ သူ စာအုပ်ကို ဆက်ဖတ်နေလိုက်တယ်။ စာအုပ်ထဲ အာရုံပြန်ဝင်စားနေချိန်မှာပဲ အပြင်ဘက်က အုတ်အုတ်ကျက်ကျက်အသံတွေ ကြားရပြန်တယ်။ တစ်ရွာလုံး အမျိုးသားတွေရော အမျိုးသမီးတွေပါမကျန် ပြေးလွှားနေကြတာ၊ ကိုမိုးက မေးတော့ ရွာသားတွေက ဇရပ်ဆီကိုသာ အတင်းပြေးလွှားသွားနေကြတာ၊ ရွာသားတွေထဲမှာ ဝတ်ကောင်းစားလှဝတ်ဆင်ထားတဲ့ သူကြီး သူကြီးကတော်နဲ့ သူကြီးသားတို့ကိုပါ တွေ့လိုက်ရတယ်'

'ဟာ… ဘုရားရေ… သူကြီးရော သူကြီးသားပါ ပါနေပါလား၊ ဒါဆိုရင် တစ်ခုခုဖြစ်ရမယ်၊ တကယ်ဖြစ်နေပြီလား မသိဘူး'

ကိုမိုးလည်း ဘာမှဆက်မတွေးတော့ဘဲ သူကိုယ်ကိုင် ရွာထိပ် ဇရပ်ဆီကို အသက်ရှုမှားလောက်အောင် အပြေးအလွှား လိုက်ပါသွားတော့တယ်။

ပုံပြင်လေးအဆုံးတွင် သူငယ်ချင်းသုံးယောက်သား သဘောကျ၍ တဟားဟားနဲ့ ရယ်မောကြလေသည်။

မြတ်မွန်၊ သဉ္ဇာနှင့် နှင်းနှင်းတို့သည် အေးအေးလူလူ အကြော်ဆိုင်တစ်ဆိုင်တွင် အကြော်စားနေကြသည်။ တရားခံထင်ရသူ ငါးယောက်၏ အကြောင်းတွေကို ခန့်မှန်းခြေဖြင့် တွက်ချက်နေကြ၏။ ထိုစဉ် အကြော်ဆိုင်အတွင်းသို့ အဘိုးကြီးတစ်ဦး ဝင်လာသည်။ လွယ်

www.burmeseclassic.com

www.burmeseclassic.com



အိတ်ကြီးတစ်လုံး၊ တောင်ဝှေးတစ်ချောင်းနှင့် ဂန္ဓာရီ လှည့်နေသော ဘိုးတော်ကြီးလို။ နှင်းနှင်းတို့က အမှတ်မထင် သတိထားမိသွားသလို သူကလည်း နှင်းနှင်းတို့ကို စူးစူးစိုက်စိုက် ကြည့်၍ ပြုံးစိစိဖြင့် နှင်းနှင်း တို့ဆီသို့ လျှောက်လာသည်။ ဘာမှန်းလဲ မသိပေ။

'သမီးတို့ အဘာ ခဏထိုင်မယ်နော်'

'ထိုင်ပါ အဘာ၊ ဘာကိစ္စများ ရှိလို့လဲ'

'အကြောင်းတိုက်ဆိုင်လို့ အဘာနဲ့ သမီးတို့ ပဋ္ဌာန်းဆက်တွေမို့ ခုလိုဆုံးဆည်းရတာပဲ'

'ရှင်'

'ဟာ'

မြတ်မွန်တို့သုံးယောက်စလုံး မျက်လုံးပြူးသွားသည်။

'သမီးတို့ သုံးယောက်က အရမ်းချစ်ကြတဲ့ သူငယ်ချင်းတွေ ထင်ပါတယ်၊ အဘာ သမီးတို့ကို မေးစရာရှိလို့ပါ'

'ရှင် ဘာများမေးမလို့လဲ'

'ခက်ခက်ခဲခဲတွေ မဟုတ်ပါဘူး သမီးတို့ရယ်၊ သမီးတို့မှာ အခုဖြစ်နေတဲ့ အခက်အခဲတွေအတွက် လမ်းပွင့်သွားစေမဲ့ နည်းလမ်း ကောင်းတွေပါ'

မြတ်မွန်တို့တတွေ ပဟေဠိဝင်ကပါထဲ ရောက်နေပြီလား။

'အခု အဘာမေးတဲ့ မေးခွန်းက ပေါ့ပေါ့ပါးပါး မေးခွန်းလေး ပါ၊ သမီးတို့ကိုယ်တိုင် သတိမထားမိဘဲ သည်းခံချုပ်တိန်းနေရတဲ့ အရာက ဘာလဲဆိုတာကို ဖော်ထုတ်ပေးတဲ့ စမ်းသပ်ချက်လေးပါ၊ လူတွေနဲ့ ဆက်ဆံရာမှာ ဘယ်လိုဆက်ဆံသင့်သလဲဆိုတာ သမီးတို့ ဆုံးဖြတ်လာနိုင်မှာပါ'

www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား စိတ်ဝင်စားစွာ နားထောင်နေကြသည်။ အာဘက ရေနွေးတစ်ခွက်ကို သောက်လိုက်သေး၏။

'သမီးတို့ ရှေ့မှာ နိုင်ငံခြားက ပေးပို့လိုက်တဲ့ သေတ္တာကြီး တစ်လုံး ရောက်လာပါတယ်၊ အထဲမှာ တစ်ခုခုလှုပ်ရှားနေတဲ့ အသံ ကြားရတဲ့အတွက် တိရစ္ဆာန်တစ်ကောင် ရှိမယ်လို့ ထင်ရပါတယ်၊ အဲဒီ တိရစ္ဆာန်တွေက ဘာကောင်ဖြစ်မလဲ၊ ခြင်္သေ့ရယ်၊ ကြက်တူရွေး ရယ်၊ ပန်ဒါဝက်ဝံရယ်၊ တောက်တဲ့အကြီးစားရယ်၊ ချိန်ပန်စီရယ်၊ သမီးတို့ထင်တဲ့ တိရစ္ဆာန်တစ်ကောင်စီကို ပြောပါ'

သူမျှားထက် သွက်လက်ချက်ချာသော မြတ်မွန်က အရင်ဖြေ သည်။

'ကြက်တူရွေး'

သဉ္ဇာကလည်း အားကျမခံ အမြန်ပြောသည်။

'ချိန်ပန်စီဖြစ်နိုင်တယ်'

'သေချာတာက ပန်ဒါ လေးဖြစ်နိုင်တယ်'

နှင်းနှင်းကလည်း တွေ့က်ဆမိတာကို ပြောသည်။

'ဟုတ်ပြီ သမီးတို့၊ အာဘာတစ်ခုချင်းစီရဲ့ အဖြေကိုပြောပါ့ မယ်'

သုံးယောက်သား အသက်တောင် မရှူဝံ့ဘဲ နားထောင်နေကြ သည်။

'ပထမသမီးလေးရွေးတဲ့ အကောင်က ကြက်တူရွေးနော်၊ ဒါကို ရွေးချယ်တဲ့ သူက သမီးဟာ ကိုယ့်ကိုယ်ကိုယ် ရှိသေလေးစား တန်ဖိုးထားစိတ် ပြင်းထန်သူဖြစ်တယ်၊ ပတ်ဝန်းကျင်ရဲ့ စကား တွေ အပြုအမူတွေကြောင့် စိတ်ထိခိုက်ဒဏ်ရာရဖို့လည်း လွယ်ကူသူ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်၊ စိတ်ဒဏ်ရာရမှာ စိုးရိမ်တာနဲ့ တကယ့်ခံစားချက် အစစ်အမှန်တွေကို ထုတ်ဖော်ပြောဆိုဖို့ မကြိုးစားဘဲ ရင်ထဲမှာ သိမ်းထားသူဖြစ်တယ်၊ ဒီတော့ သမီးက ဘယ်လိုဆက်ဆံရေးတွေနဲ့ ဆက်ဆံရင် အဆင်ပြေပြေနဲ့ စိတ်ဒဏ်ရာမရဘဲ ဆက်ဆံနိုင်မလဲဆိုတာကို စဉ်းစားပြီး ပါးပါးနပ်နပ် ဆက်ဆံဖို့ ကြိုးစားပါ၊ ဒါမှ စိတ်ဖိစီးမှုနည်းပြီး လွတ်လပ်စွာ ပျော်ရွှင်နိုင်မယ်'

'ဟုတ်ကဲ့'

မြတ်မွန်က အဖြေကိုတစ်လှာချင်း စဉ်းစားနေမိသည်။

'ဒုတိယသမီးထင်တဲ့ အကောင်းက ချန့်ပန်စီနော်၊ ဟာ… သမီးက ဘဝကို စွမ်းအားပါဝါအပြည့်နဲ့ နေထိုင်တတ်သူပဲ၊ သမီးပိုင်ဆိုင်တဲ့ စွမ်းအင်တွေကို ကျွမ်းကျင်လိမ္မာစွာ ထုတ်သုံးတတ်ချိန်နဲ့ အဲဒီစွမ်းအင်ကို လွဲမှားစွာ အသုံးချပြီး ကြမ်းကြမ်းရမ်းရမ်း လုပ်တတ်တဲ့ အချိန်မျိုးတွေကြုံရတတ်တယ်၊ သမီးပိုင်ဆိုင်ထားတဲ့ စွမ်းအားကို အကျိုးရှိရှိ အသုံးချနိုင်ဖို့ သေသေချာချာ ထိန်းချုပ်တတ်ဖို့ လိုတယ်နော်၊ ဒါမှ သမီးကို ပတ်ဝန်းကျင်က ချစ်ခင်လေးစားလာလိမ့်မယ်'

သဉ္ဇာကလည်း ဘိုးတော်တွက်ချက်မှုကြောင့် ခေါင်းကုတ်သွားသည်။

'နင် လျှပ်စစ်ပစ္စည်းအရောင်းဆိုင်မှာ တစ်ခါဝန်ထမ်းလုပ်ခဲ့ဖူးတာ ဘိုးတော် သိနေတယ်'

မြတ်မွန်က အရွှန်းဖောက်သည်။ ဘိုးတော်တွက်ပြတာတွေသည် အထိုက်အလျောက် မှန်သင့်သလောက် မှန်လေသည်။

'ပန်ဒါရွေးတဲ့ သမီးလေးကတော့ ပတ်ဝန်းကျင်ရဲ့ ယုယုယယ ကြင်ကြင်နာနာ ဆက်ဆံမှုကို အလွန်လိုလားသူဖြစ်ပြီး အဲဒီစိတ်

www.burmeseclassic.com

www.burmeseclassic.com



ဆန္ဒ မပြည့်စုံဘူးလို့ ဖော်ပြနေပါတယ်၊ သမီးဟာ ကလေးဆန်တတ်သူ၊ အထီးကျန်ရမှာ ကြောက်သူဖြစ်နေပေမဲ့ အဲဒီခံစားချက်ကိုဘယ်လို ဖော်ပြရမလဲ မသိဘဲ လူမသိအောင် ထိန်းချုပ်ထားပါတယ်၊ အရင်ဆုံး ကိုယ့်ကို အလိုလိုက် အကြိုက်ဆောင်ပေးနိုင်သူတွေကို ရှာပါ၊ ဒါပေမဲ့ နော် စည်းကမ်းမရှိဘဲ အလိုလိုက်ခံရတာမျိုး မဖြစ်စေဘဲ ကိုယ့်အတွက် အကျိုးရှိမဲ့ အလိုလိုက်မှုမျိုး ကလေးဆန်မှုမျိုးသာ ဖြစ်ဖို့ သတိပြုပါ၊ ဒါလေးတော့ မှတ်ထားရမယ်နော်'

'ဟုတ်ကဲ့'

နှင်းနှင်းလည်း ခေါင်းညိတ်အသိအမှတ်ပြုသည်။

'အဘက ဘယ်ကလာတာလဲ'

'အဘနေရပ်ကို မမေးပါနဲ့ကွယ်၊ အဘက သမီးတို့နဲ့ ဒီနေရာ ဒီအချိန်မှာ ပဋ္ဌာန်းဆက်ရှိလို့ လာဆုံတွေ့တယ်လို့ပဲ သဘောထားပါ၊ သမီးတို့ကို အဘ စာအိတ်လေးသုံးအိတ် ပေးခဲ့မယ်၊ သမီးတို့ အခုဖြစ်နေတဲ့ လက်ရှိအခက်အခဲတွေအားလုံး ကင်းစင်ပပျောက်သွားပါလိမ့်မယ်'

အဘက သူလွယ်အိတ်ညိုကြီးထဲမှ စာအိတ်သုံးအိတ် ထုတ်ပေးသည်။

နှင်းနှင်းတို့ သုံးယောက်လည်း ရိုသေစွာ လှမ်းယူလိုက်လေသည်။

'ကဲ… အဘ သွားတော့မယ်၊ ပဋ္ဌာန်းဆက်ရှိရင် ထပ်ဆုံကြဦးမပေါ့'

အဘက လွယ်အိတ်ကြီးကို လွယ်၍ တစ်လှမ်းချင်း ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့… သဉ္ဇာ ဖွင့်ကြည့်ရအောင်'

'အေး… ဘာတွေရေးထားလဲ မသိဘူး'

စိတ်မြန်လက်မြန် မြတ်မွန်က စာအိတ်ကို အရင်ဖောက်လိုက်သည်။

'ဟာ… စာတွေရေးထားတာဟ'

'ဖတ်စမ်းဟဲ့'

'ဂျပန်က ပုလဲဆိပ်ကမ်းကို ဗုံးကြဲဖို့ ကြိုတင်မကြေညာဘူး၊ အခု ကြေညာချင်တာက မင်းတို့တတွေရဲ့ လျှို့ဝှက်အပ်သော အကြောင်းအရာများအား ဒီလကုန်သောအခါ တစ်လောကလုံးသိအောင် ကြေညာပါမည်။ အချိန်ရှိပါသေးသည်။ တရားခံ မည်သူဆိုတာကို ဖော်ထုတ်ပါလေ။ တွေဝေနေမယ်ဆိုရင်တော့ ကိုယ့်ကံကြမ္မာ ကိုယ် အင်လျားကန်ထဲ မျှောပစ်ပေတော့။ တစ်ချိန်က မရည်ရွယ်ဘဲ ရန်စထားခဲ့သူ။

'ဟာ… ဒါ… ဒါ… ငါတို့ဟာတွေ ခိုးသွားတဲ့ကောင်ပေါ့'

နှင်းနှင်းနှင့် သဉ္ဇာလည်း ကိုယ်စီကိုယ်င စာအိတ်တွေကို ဖွင့်ဖောက်ရာ စာမှာ မြတ်မွန်စာထဲက ရေးထားသကဲ့သို့ပင်…။

'ဟာ… ငါတို့ကို တစ်စုံတစ်ယောက်က စောင့်ကြည့်နေပြီ'

'အချိန်ကလည်း သိပ်မရှိတော့ဘူး၊ ဘယ်လိုလုပ်မလဲ'

သုံးယောက်စလုံး အနည်းငယ်တုန်လှုပ်သွားပြီ။

'ဒီဘိုးတော်က ဘာလဲ၊ ငါတို့ကို ခြိမ်းခြောက်စာပေးတာတောင် ရိုးရိုးတမ်း မပေးဘူး၊ ဗေဒင်တွက်သွားသေးတယ်'

'ငါတို့တော့ ချည်ပြီးတုပ်ပြီး ထောင်ချောက်ထဲ ရောက်နေပြီလား'

www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်ဘူး၊ ငါတို့အမြန်ဆုံးကို တရားခံရှာရတော့မယ်'

သဉ္ဇာက နှိုးဆော်လေသည်။

'ငါတို့တော့ ခုမှ ဝင်္ဂလည်တာပဲဟေ့'

မြတ်မွန်က မရယ်ချင် ရယ်ချင်နဲ့ သေးသေးလေး ညည်းတွားလိုက်သည်။

'ခက်တာက ငါတို့ကို ဟိုငါးယောက်ကို တရားခံစစ်ပုလိပ်စစ်လည်း လုပ်လို့မရဘူး၊ အလိမ္မာနည်းနဲ့ အပျော့ဆွဲသုံးပြီး စုံစမ်းရတာ အလောတကြီးလုပ်လို့ မရဘူး၊ ပါးရည်နပ်ရည်နဲ့ မရရအောင် ဖော်ထုတ်ရမှာပဲ'

'ဘာပဲဖြစ်ဖြစ်နေ၊ အချိန်သိပ်မဆွဲကြနဲ့တော့၊ ဖြစ်နိုင်ရင် ငါတို့လူစုခွဲပြီး လှုပ်ရှားကြတာ ကောင်းမယ်၊ ဒါမှ ငါတို့နောက်ကို လိုက်ကြည့်နေတဲ့ကောင်လည်း ရှုံသွားမယ်'

'ဒါ မှန်တယ်'

'ညလာပ်ဆော့စ်နဲ့ နံရိုးမီးတောက်က နောက်တစ်ဆင့်လောက် ထပ်တက်လိုက်ရင် ပွဲသိမ်းပဲ၊ ဟိုသုံးကောင်ကိုလည်း ခံစစ်ပြန်ဖွင့်ရမယ်၊ သေသေချာချာ ဗျူဟာချမယ်၊ တွေ့ကြပြီပေါ့'

သဉ္ဇာက ကြုံးဝါးလိုက်သည်။

၀

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၇)

စောင့်နေတာတော့ မဟုတ်။ တိုက်ဆိုင်မှုတစ်ခုနဲ့ ပက်ပင်းတိုးချင်တဲ့ သဘောကို နှင်းနှင်းလိုချင်သည်။ အတန်းရှေ့ကနေ ထွက်ရနိုးနိုး၊ စောင့်ရနိုးနိုးဖြင့် ဂူခြေလေး နည်းနည်းချွတ်ချော်နေ၏။ ဖြတ်သွားဖြတ်လာ ကျောင်းသူကျောင်းသားတွေကို မျှော်ရနိုး၊ ကြည့်ရနိုးတွေလည်း များပြီ။ အဝေးမှ စောင်းငမ်း စောင်းငမ်းနဲ့ လျှောက်လာသော ဆလပ်ဆော့စ်ကို ကိုးရိုးကားယား တွေ့လိုက်ရ၏။ နှင်းနှင်းလည်း သူလာမဲ့ လမ်းကြောင်းကို မှန်း၍ အလျှင်စလို ပုံစံနဲ့ အတန်းထဲမှ ရုတ်တရက် ထွက်လိုက်သည်။ မတိုက်ဆိုင်ဘဲ ဆုံမိသည့်သဘော သက်ရောက်သွား၏။

'ဟာ… မင်း… ဟို စကားဝါ'

ဆလပ်ဆော့စ်က တွေ့တွေ့ချင်း အာလုပ်သံထွက်ပေါ်လာသည်။

'ရှင် ကျွန်မကို လာရှာနေတာ မဟုတ်လား'

'ဟာ… ကိုယ် စကားဝါတို့ မေဂျာက ဘော်ဒါတစ်ယောက်ကို လာရှာတာပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဟွန်း... ကျွန်မကတော့ ရှင်လာရှာတယ်ထင်လို့ ဝမ်းသာနေတာ'

ဆလပ်ဆော့စ်က ခေါင်းကုတ်နေသည်။

'ကိုယ် ခုလို စကားဝါနဲ့တွေ့တော့လည်း ဝမ်းသာရတာပဲ'

'ဝမ်းသာရင် တစ်ခုခုလိုက်ကျွေးလေ၊ စကားဝါ ဘာမှမစားရသေးဘူး'

'အကောင်းဆုံးပေါ့ စကားဝါရယ်၊ ကိုယ်လည်း စကားဝါကို မုန့်ကျွေးချင်နေတာနဲ့'

'အထိမ်းအမှတ်တစ်ခုခုတော့ ရှိရမယ်'

နှင်းနှင်းက ဆလပ်ဆော့စ်မျက်နှာကို သေချာကြည့်ရင်း ပြောသည်။

'ရှိတာပေါ့၊ ဆုံးပြီထင်ထားတဲ့ ငွေတွေ ပြန်ရလို့'

'ဟယ် စကားဝါထင်တာနဲ့ သွားတူနေတယ်၊ စကားဝါက ရှင် ဆုံးသွားတဲ့ ဘကြီး အမှတ်တရ မုန့်ကျွေးမယ်ထင်တာ'

'ဘာပဲပြောပြော စကားဝါရယ်၊ စကားဝါနဲ့ တွေ့ရတာ ကိုယ်အရမ်းပျော်တယ်'

'ဗိုက်ဆာနေပြီ'

နှင်းနှင်းက တန်တင်းထဲ ဝင်သွားသည်။ ဝင်ဝင်ချင်း စားပွဲထိုးလက်ကို ဆွဲ၍ ဆီချက်ခေါက်ဆွဲတစ်ပွဲမှာလိုက်သည်။ ဆလပ်ဆော့စ်နှင့်အတူ တစ်ဝိုင်းတည်း ဝင်ထိုင်သည်။

'ရှင် သိလား၊ စကားဝါ ဒီနေ့ စိတ်မကောင်းစရာတစ်ခုဖြစ်နေတာ'

'ဘာများလဲ စကားဝါရဲ့'

www.burmeseclassic.com

www.burmeseclassic.com



'စကားဝါ သူငယ်ချင်းတစ်ယောက်ပေါ့'

'သူက စကားဝါကို ဘာလုပ်လို့လဲ'

'ဘာမှမလုပ်ဘူး၊ သူ့ရဲ့ ပြဿနာတစ်ခုအတွက် စကားဝါကို တိုင်ပင်တာ၊ သူ့နာမည်က ခတ္တာတဲ့၊ သနားစရာကောင်းတဲ့ သူငယ်ချင်းလေး၊ သူ့အတွက် စကားဝါတောင် ရင်လေးတယ်'

'ဩော်'

ဆလပ်ဆော့စ် ရင်ထဲ မကောင်းဟန်ဆောင်လိုက်၏။ ဘာမှ မသိတဲ့ ကိစ္စအတွက် သံယောင်လိုက်ခြင်းပင်။

'စကားဝါ သူငယ်ချင်းမှာ ချစ်သူတစ်ယောက်ရှိတယ်၊ သူ့ ကောင်လေးက သူ့အကြောင်းတွေကို သိထားတယ်၊ တစ်နေ့မှာ သူတို့ ချစ်သူနှစ်ဦးကို ခြိမ်းခြောက်မဲ့ မသမာသူတွေ ပေါ်လာတယ်၊ သူတို့ ချစ်သူနှစ်ဦးရဲ့ အတိတ်ဘဝက လူသိမခံဝံ့တဲ့၊ မိသားစု ပြဿနာတွေ နဲ့ အရှက်တွေကို ပတ်ဝန်းကျင်သိအောင် ဖော်ထုတ်ပစ်မယ်တဲ့'

'ဟာ… ဒါ မစားရတဲ့အမဲ သဲနဲ့ပတ်တဲ့ သဘောပဲ၊ တော် တော်အကြံပက်စက်တဲ့ကောင်တွေပဲ'

'သူငယ်ချင်းက အခုမစားနိုင် မသောက်နိုင် တမှိုင်မှိုင် တွေ တွေနဲ့ စိတ်ထောင်းလို့ ကိုယ်ကြေ သွားလည်း ဒီစိတ်အိပ်လည်း ဒီစိတ် အနေမှလှအခြေမလှနဲ့ တော်တော့်ကို စိတ်ဆင်းရဲလှပြီ'

'ကျွတ်… ကျွတ်'

ဆလပ်ဆော့စ်က သနားစာတတ်ခံရှိသဖြင့် သနားသွားသည်။

'အခု သူတို့ရည်းစားနှစ်ဦး ကြံရာမရတဲ့အခ်ိုး'

'ဟာ… ဘာတွေလုပ်ကြသလဲ၊ မကြံကောင်းစည်ရာတွေ လုပ်ကြပြီလား'

www.burmeseclassic.com

www.burmeseclassic.com



'စကားဝါကို လာတိုင်ပင်ကြတယ်လေ၊ စကားဝါလည်း သင့်တင့်လျောက်ပတ်တဲ့ အကြံကို ပေးလိုက်ရတယ်၊ ပေးသာပေးလိုက်ရတာ၊ အသုံးမကျည့်ဘူး ထင်ပါရဲ့'

'စကားဝါက ဘာအကြံပေးလိုက်သလဲ'

ဆလပ်ဆော့စ်က သိချင်ဇောဖြင့် မေးသည်။

'လွယ်ပါတယ်၊ ချစ်သူနှစ်ဦးကို လမ်းခွဲစေပြီး နောက်ရည်းစားတစ်ယောက်စီ ရှာဖို့ အကြံပေးလိုက်တယ်'

'သူတို့က လက်ခံပါ့မလား'

'ပထမတော့ အင်တင်တင်လုပ်နေသေးတယ်၊ နောက်မှ နည်းနည်းလေးစီ စဉ်းစားပြီးချက်ချင်းပဲ ဆိုင်းမဆင့် ဘုံမဆင့် လမ်းခွဲလိုက်ကြတယ်'

'ဟောဗျာ... သိပ်ချစ်ကြတဲ့ ချစ်သူတွေဆို'

'ချစ်လွန်းလို့ ခုလိုဖြစ်သွားတာပေါ့'

နှင်းနှင်းက ဂုဏ်ယူစွံကြွားစွာ ပြော၏။

'တတ်လည်းတတ်နိုင်ပါပေ့ဗျာ၊ ဘယ်နှယ်...'

'သူတို့အဲဒီလို လုပ်လိုက်တာ မှန်သွားတယ်၊ ဘာလို့လဲဆိုတော့ နှစ်ယောက်စလုံးစီ ဘယ်ခြိမ်းခြောက်စာမှ ရောက်မလာတော့ဘူး၊ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ် ဖြစ်သွားကြပြီ'

'သူတို့နှစ်ယောက်ကို မပေါင်းစေချင်တဲ့ သဘောပေါ့၊ ဒါပဲနေမှာ'

'မဆိုးဘူး၊ ရှင်တွက်တာ စကားဝါ ခန့်မှန်းချက်နဲ့ ကွက်တိပဲ။ အခုဆို ခတ္တာလည်း စိတ်ချမ်းသာသွားပြီ'

နှင်းနှင်းက သူငယ်ချင်းအတွက် ဝမ်းသာအားရပြုံးနေပုံပင်။

www.burmeseclassic.com

www.burmeseclassic.com



ဘေးမှနားထောင်သမား ဆလပ်ဆော့စ်ကတော့ ခေါင်းတညိတ်ညိတ်နဲ့ စိတ်ဝင်စားနေသလို နေပြရသည်။

'စကားဝါ… ကိုယ် စကားနည်းနည်း ပြောချင်တယ်'

'ပြောပါ၊ နည်းနည်းလေး မပြောပါနဲ့၊ တစ်လှေကြီး ပြောလည်းရပါတယ်'

နှင်းနှင်းက တစ်ချက်ရယ်၍ ပြောသည်။

'ကိုယ်လေ သွယ်ဝိုက်မနေတော့ဘူး၊ ဒဲ့ဒိုးပဲ ပြောချလိုက်တော့မယ်၊ စကားဝါ့မှာ ချစ်သူတွေ ဘာတွေရှိသလား'

'ဟာ… ဘာကြီးလဲ၊ ရှိတာပေါ့၊ စကားဝါမှာ အသက်ထက်ဆုံး ချစ်ရသူ ရှိတယ်'

ဆလပ်ဆော့စ် ပုစွန်မျက်လုံးပမာ ပြူးသွားသည်။

'တကယ်လား'

'ဟုတ်တယ်လေ၊ အဖေနဲ့အမေပေါ့၊ သူတို့ကို မချစ်ရင် စကားဝါ ခုလို ကျောင်းတက်နိုင်မှာတောင် မဟုတ်ဘူး'

'ဩော်… ဒါတော့ ဟုတ်တာပေါ့၊ ကိုယ်ပြောချင်တဲ့ အဓိပ္ပာယ်က…'

'ဟိုးထား ဆရာ၊ စကားဝါ သိတယ်၊ စကားဝါမှာ ရည်းစား ရှိသလား၊ မေးချင်တာပေါ့၊ စကားဝါမှာ ကြိုက်တဲ့သူတွေ အများကြီးပဲ၊ ကောင်လေးချောချောလေးတွေဆို ရင်ခုန်တတ်တယ်'

ဆလပ်ဆော့စ် သဝန်တိုသလိုလို ဖြစ်သွားပြီး စိတ်လျှော့ထားလိုက်သည်။

'ရှင့်မျက်နှာကြီးက ဘာဖြစ်သွားတာလဲ'

'ဘာမှမဖြစ်ပါဘူး၊ ရည်းစားတစ်ထောင် လင်အောင်တစ်ယောက်ဆိုတဲ့ စကားကို သွားတွေးမိလို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ဟင့်အင်း… အဲဒီစကားပုံကို ပြင်ရမယ်၊ ရည်းစားတစ်သောင်း လင်ပြောင်းနိုင်တဲ့လေ၊ ဟင်း… ဟင်း'

နှင်းနှင်းက သူ့စကားသူ သဘောကျ၍ ဟက်ဟက်ပက်ပက် ရယ်မောသည်။ ဆလပ်ဆော့စ်က မျက်နှာကြီး ရှုသိုးသိုးဖြစ်နေသည်။

'အလကား စတာပါ၊ ရှင်ကလည်း စကားဝါက ခုချိန်ထိ ရိုးရိုးသားသားလေးပဲ ရှိသေးတာ၊ မရိုးမသားရှိနေတဲ့ သူတွေကို သနားတယ်၊ သူတို့ဝန် သူတို့ပိနေကြတာ၊ ဒုက္ခတစ်မျိုးပဲ၊ ဩော်… ရှင့်ကိုလည်း တစ်ခုမေးရဦးမယ်'

'မေး… ဘာမေးမှာလဲ'

'ရှင် ဖွင့်ပြောတတ်လား'

ဆလပ်ဆော့စ် ကြောင်အမ်းအမ်းဖြစ်သွားသည်။

'ဘယ်လိုလဲ၊ ဖွင့်ပြောတတ်တယ်ဆိုတော့ ဘာကိုဖွင့်ပြောတာလဲ'

'ရှင် ဖွင့်ပြောတတ်သလား၊ ဒါကိုပဲ မေးတာ'

'ပြောတတ်တာပေါ့'

'အဲဒါဆို စကားဝါကို ဟိုနားက ဘယာကြော်ကုလားမကြီးကို သွားဖွင့်ပြောပါလား၊ ဟိုနော် ပေါကရတွေ မတွေးနဲ့၊ ကုလားမကြီးကို ဘယာကြော်တရာဖိုးရောင်းပါ မပြောခင် ရှေ့မှာ ဖွင့်ပြောချင်လို့ဆိုတာ ထည့်ပြော၊ ရှင့်အရည်အချင်းကို ကြည့်မယ်'

ဖြုန်းခနဲဆိုလျှင်တော့ လွယ်မယ်ထင်သည်။ ဆလပ်ဆော့စ်က စကားဝါ ပေါ့ပေါ့ပါးပါး ပညာစမ်းတယ်သဘောထားပြီး ကုလားမကြီးကို ဖွင့်ပြောရန် ကတိပေးလိုက်သည်။ တင်တင်းမှထ၍ ဆလပ်ဆော့စ် ရင်ကော့စွာ ဘယာကြော်ဆိုင်သို့ လျှောက်သွား၏။ စကားဝါ

www.burmeseclassic.com

www.burmeseclassic.com



လည်း နောက်မှလိုက်ပါသွား၏။ ဆလပ်ဆော့စ်က ကိုယ်လေးရှိ့ကျိုး၍…

'အစ်မကြီး တစ်ခုဖွင့်ပြောချင်လို့ပါ'

ကုလားမကြီး မျက်လုံးပြူးသွားသည်။ ဆယ်နေသော ဘယာကြော်တွေကို ပြန်နှစ်ထားလိုက်သည်။

'ကန်ကလေး ဘာတွေလာပြောနေတာလဲ၊ အစ်မမှာ ယောကျ်ားရှိတယ်နော်၊ ကလေးတောင် သုံးယောက်လေ'

ဆလပ်ဆော့စ် ခုမှ ကိုယ့်စကားက ဘယ်အခြေအနေအထိ ရောက်သွားသလဲဆိုတာကို ရိပ်မိသွားသည်။ သွားပြီ။ နှုတ်ကျွံလျှင် နုတ်ရေပေ။

'ဟာ… ဟိုလေ… ကျွန်တော် ဖွင့်ပြောချင်တဲ့ အဓိပ္ပာယ်က အဲဒီလို မဟုတ်ပါဘူး'

'ဟာ… ကန်ကလေး ငရဲကြီးမယ်နော်၊ စိတ်ကိုထိန်းပါ၊ အစ်မနော် ကောင်းရောင်းကောင်းဝယ် ဘယာကြော်သည် လုပ်စားတာပါ'

ရှင်းလေ ရှုပ်လေ ဖြစ်ကုန်သည်။

'ဟာ… အစ်မကြီး မှားကုန်ပြီ၊ ကျွန်တော်ဖွင့်ပြောမယ်ဆိုတာက…'

'ကန်ကလေး နင် တအားကြီးလွန်နေပြီနော်။ ငါ သည်းမခံနိုင်တော့ဘူး၊ ကန်ကလေး နင် မျက်နှာပြောင်တိုက်ပြီး ဟိရိဩတ္တပ္ပ တရားကို မရှိဘူး၊ ဘယ်လို ကန်ကလေးလဲ'

'မဟုတ်ဘူး၊ ကျွန်တော်ဖွင့်ပြောမှာက ဘယာကြော် ဝယ်ချင်လို့'

www.burmeseclassic.com

www.burmeseclassic.com



'ကန်ကလေး နင် စကားကို လျှောမချနဲ့၊ ခုမှ ရမလားဆိုပြီး စမ်းကြည့်တာပေါ့၊ မရဘူးနော်၊ ကုလားမနော် သမ္မာအာဇီဝလုပ်တာနော်၊ ဘုရားကြိုက်တယ်၊ နတ်ကြိုက်တယ်၊ သမ္မာဒေဝနတ်ကောင်း နတ်မြတ်တွေ ကြည့်ရှုစောင့်ရှောက်တယ်နော်၊ ကန်ကလေးနော်၊ ဒုသနသောနဲ့ ကာမေသုကံ ရောသမမွှေပြီး ပြစ်မှားတယ်နော်၊ သိကြားမင်းက နင့်ကို ခွေးသရေပိုက်နဲ့ မှတ်ပြီး ငရဲရှစ်ထပ်ပို့မှာ'

'ဟာ… ဒုက္ခပဲဗျာ၊ လိုရင်းမရောက်တော့ဘူး၊ တော်ပြီ၊ သွားမယ်'

ဆလပ်ဆော့စ်လည်း ဘာမှရှင်းမပြတော့ဘဲ ဘောက်ဆတ်ဘောက်ဆတ်နှင့် ထွက်သွားသည်။ စကားဝါ (ခေါ်) နှင်းနှင်းရဲ့ အရိပ်အယောင်ကို မတွေ့ရတော့။ လှည့်စားခြင်းကို ခံလိုက်ရပြီ။

'စကားဝါ… စကားဝါ… တော်တော်လည်ပါလား၊ ငါ့နှယ်နော်၊ ကိုယ်ပြောတဲ့စကား ဘယ်ရောက်နေသလဲ မခန့်မှန်းတတ်တဲ့ ကောင် ကြောင်ပဲ'

ဆလပ်ဆော့စ်လည်း သူ့ကိုယ်သူ ခံပြင်းနေသည်။ နှင်းနှင်းကတော့ ခုချိန်မှာ အိမ်ပြန်ရောက်နေလောက်ပြီ။

၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

မြတ်မွန်သည် နံ့ရိုးမီးတောက်နှင့် ထပ်မံတွေ့ရန် ဖန်တီးခဲ့သည်။ ကံကောင်းထောက်မစွာဖြင့် နံ့ရိုးမီးတောက်တို့ မေဂျာရှေ့ရှိ ကင်တင်းတွင် နံ့ရိုးမီးတောက်တစ်ယောက်တည်း ထိုင်နေသည်ကို တွေ့ရ၏။ မြတ်မွန်လည်း ဆိုင်ထဲဝင်သွား၍ နံ့ရိုးမီးတောက်တို့ ဝိုင်းသို့ ဝင်ထိုင်လိုက်သည်။

'ဟော့… တို့ကို မှတ်မိလား'

'ဩော်… ဟိုအစ်မပဲ၊ အစ်မ ခြေထောက်က ဒဏ်ရာ သက်သာရဲ့လား'

'ကျေးနိုင်ဆန့်နိုင်တော့ လုပ်လို့ရသွားပါပြီ'

မြတ်မွန်က အူတူတူနိုင်သော နံ့ရိုးမီးတောက်ကို တစ်ခုခုမြဲ ထားသည်ထင်၏။

'ရှင့်ကို တစ်ခုလောက် မေးချင်တယ်'

'မေးပါ၊ ဘာများသိချင်လို့လဲ'

'ရှင် စာဖတ်ဝါသနာပါသလား'

'ဝါသနာ ပါတယ်၊ အဲဒါ ကျွန်တော့်ရဲ့ ခရေစ်အဖြစ်ဆုံး ဝါသနာတစ်ရပ်ပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ရှင် ဘယ်စာရေးဆရာတွေကို ကြိုက်သလဲ'

'အဲဒီလို အစွဲမျိုးတော့ မရှိပါဘူး၊ သူ့သဘာဝနဲ့ သူရေးတတ်ကြတဲ့ လူတော်တွေပါပဲ၊ စဖတ်သူကို ဆွဲခေါင်စေနိုင်တဲ့ အရည်အချင်းတွေ သူတို့မှာ ရှိတယ်လေ'

မြတ်မွန်က ထောင့်စေ့အောင် လှည့်ပတ်မေးနေသည်။

'ရှင် ဘာသာပြန်တွေရော ဖတ်သလား'

'ဖတ်ပါတယ်'

'ဘာသာပြန်ထဲမှာ ဘယ်ဝတ္ထုတွေကို ကြိုက်သလဲ'

'အင်း... မောင်ထွန်းသူ ဘာသာပြန်ထားတဲ့ တက်စ်တို့၊ ရဲတိုက်တို့လည်း ကောင်းပါတယ်၊ တချို့ စာအုပ်တွေက အရမ်းထူပြီး ဖတ်လို့ကောင်းပါတယ်၊ တစ်ခါတလေကျရင် ဘာသာပြန်တွေက အချိန်ပေးရတော့ သိပ်မဖတ်ဖြစ်ဘူး'

နံရိုးမီးတောက် ပြောပုံအရ သူဖတ်ခဲ့သော စာအုပ်စာတမ်းတွေကို မခြွင်းမချန် ပွင့်ပွင့်လင်းလင်း ပြောပုံရသည်။ မြတ်မွန်ကလည်း လိုရင်းရောက်အောင် တဖြည်းဖြည်းနဲ့ ဆွဲခေါ်သွားလေ၏။

'ကျွန်မကတော့ စာအုပ်တွေထဲမှာ သမိုင်းနောက်ခံစာအုပ်တွေကို စိတ်ဝင်စားတယ်၊ ချစ်ဦးညိုရေးတဲ့ နှင်းကေသရာချစ်တဲ့ သူရဲကောင်းဆိုရင် မျက်လုံးထဲမှာ တရေးရေးပေါ်နေတာ'

'တကယ့်စိတ်ဓာတ်တက်ကြွဖွယ်ရာ စာအုပ်မျိုးပေါ့၊ သုံးလေးကျော့လောက် ပြန်ဖတ်မိရင် ကိုယ်လည်း အဲဒီအထဲရောက်သွားပြီး ဓာတ်ကောင်တစ်ကောင်အဖြစ် သက်ဝင်လှုပ်ရှားချင်သလိုလို ဖြစ်သွားတယ်'

နံရိုးမီးတောက်က ပြောရင်း မာန်ပါလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဆရာညိုမြရဲ့ ကုန်းဘောင်ရှာပုံတော်လည်း ကောင်းတာပဲ'

မြတ်မွန်ကလည်း သူဖတ်သမျှ စာအုပ်တွေကို ကြိုးစားပမ်းစား ပြောရရှာသည်။

'အခု ရှင် ဖတ်လက်စ စိတ်ဝင်စားစရာ စာအုပ်တွေရှိသလား'

နံ့ရိုးမီးတောက်က တစ်ချက်စဉ်းစားသည်။

'အခု ဖတ်လက်စ စာအုပ်ကို ငှားထားတာ ပြန်တောင်မပေးရသေးဘူး၊ တော်တော်လည်း ဖတ်လို့ကောင်းတယ်'

'ဘာစာအုပ်မို့လို့လဲ'

'သခင်တင်မြရဲ့ ဘုံဘဝမှာဖြင့်လေ'

'ဟာ… ဒီစာအုပ်က အထူကြီးနော်'

'ဟုတ်တယ်၊ ခုမှ ဂျပန်ခေတ်ထဲတောင် မရောက်သေးဘူး၊ ဒီစာအုပ်မျိုးက အလောတကြီး သွားဖတ်လို့လည်း မရဘူး၊ ဖြည်းဖြည်းချင်း တစိမ့်စိမ့်ဆွဲဖတ်တာ အသင့်တော်ဆုံးပဲ'

'ဘယ်သူ့ဆီက ငှားဖတ်တာလဲ၊ တော်တော်ကြာသွားရင် ငြိုငြင်နေဦးမယ်'

'ဪ… ကျွန်တော်တို့ရဲ့ အငြိမ်းစား ကျောင်းဆရာကြီးတစ်ဦးဆီကပါ၊ သူက စာအုပ်စာပေတွေ စုဆောင်းသိမ်းဆည်းထားတာ အများကြီးပဲ၊ အပြင်လူတွေတော့ မငှားဘူး၊ ရင်းနှီးကျွမ်းဝင်တဲ့ ကျောင်းသားဟောင်းတွေပဲ ငှားတတ်တာ၊ ဆရာကြီး အခုကျန်းမာရေးမကောင်းဘူးတောင်ကြားတယ်'

'ဪ'

မြတ်မွန်က ခုထိ နံ့ရိုးမီးတောက်ကို သံသယဝင်စရာ အကြောင်း အချက်မတွေ့သေးပေ။ နံ့ရိုးမီးတောက်ပဲ အကွေ့အဝိုက်

www.burmeseclassic.com

www.burmeseclassic.com



အရောင်အတိမ်း ကောင်းနေသလားမသိ။ သူပဲ တစ်ခုခုပေါ့လျော့စွာ ဖြတ်ဟာနေသလား မသိ။ သူတို့ပစ္စည်း ပျောက်ရသည့် ကိစ္စသည် ချောက်ကွယ်မှ တစ်စုံတစ်ယောက်က လုပသေသပ်စွာ ဖန်တီးပြုလုပ် ခြင်းဖြစ်နိုင်သည်။ တရားခံဟု ထင်ရသော လူငါးယောက်တွင် တစ်ယောက်သော သူသည် လျှို့ဝှက်သိပ်သည်းစွာ နေတာတော့ အသေအချာ။

'အစ်မ ဘာတွေစဉ်းစားနေတာလဲ'

'ဩော်… ဘာမှမဟုတ်ပါဘူး၊ ဒီနေ့တစ်ခုခုများ ဖြစ်မလား လို့ မျက်ခုံးနည်းနည်းလှုပ်နေလို့'

နံရိုးမီးတောက်က မျက်မှန်ကလေးကို ပင့်၍ ရယ်လိုက်သည်။

'ဟာ… အတန်းချိန်တောင် နီးနေပြီ၊ ကိုမျိုးမင်းနောင် ကျွန်မ သွားတော့မယ်၊ ရှင်နေခဲ့ဦးမှာလား'

'ကျွန်တော် နေခဲ့ဦးမယ်ဗျာ'

မြတ်မွန်လည်း အထွက်ဖြစ်ချင်တော့ နို့လာပို့သော ကုလား လေးရဲ့ စက်ဘီးသည် သူ့ဆီသို့ ယိုင်ထိုးထိုးနဲ့ ဝင်ချလာသည်။ ဖြုန်း ခနဲ မြတ်မွန်လည်း နောက်သို့ ဆတ်ခနဲ ရှောင်လိုက်ရာ သူထိုင်သော ခုံကို ဝင်တိုက်၍ နောက်ပြန်လန်ကျသွားပြီး ထိုင်နေသာ နံရိုးမီးတောက် အပေါ်သို့ တည့်တဲည့်မတ်မတ် ပြုတ်ကျလေသည်။ စက်ဘီးကတော့ သူ့အား မတိုက်မိပေ။

'အောင်မလေး'

'အား'

မြတ်မွန်လည်း ကိုးရိုးကားယားနှင့် ကုန်းရုန်းထသည်။ နံရိုးမီးတောက်က တော်တော်နဲ့ မထနိုင်ပေ။ မျက်နှာကြီး ရှုံ့မဲ့နေရဲ့။

www.burmeseclassic.com

www.burmeseclassic.com



မြတ်မွန်လည်း သူ့ကြောင့် ခုလို ဖြစ်ရတာမို့ ရှက်ရှက်နဲ့ နံရိုးမီးတောက်ကို တွဲခေါ်ရသည်။ လက်ဖက်ရည်ဆိုင်ထဲက လူတွေက ဝိုင်းကြည့်နေ၏။

'ရပါတယ် မမြတ်မွန်၊ အတန်းချိန်နီးနေပြီ၊ ဘာမှမဖြစ်ပါဘူး'

နံရိုးမီးတောက်က ရှုံ့မဲ့မဲ့နဲ့ ပြုံးသဲ့သဲ့လေး လုပ်နေသည်။

☞

နှင်းနှင်းအိမ်သို့ မြတ်မွန်တစ်ယောက်တည်း ရောက်လာသည်။ နှင်းနှင်းအမေက လက်ဖက်ချဉ်စပ်လေး သုပ်ပေးသည်။ မြတ်မွန်က ဟိုနေ့က သူနဲ့ နံရိုးမီးတောက်ကိစ္စကို ရှက်ရှက်နဲ့ ပြောပြသည်။

'အေးဟယ်… နင့်ကြောင့် သူ့အရင်က ခြေထောက်နာသွားတယ်၊ အခု ခြေထောက်က တစ်ဆင့် တစ်နေရာကိုတက်ပြီး နာသွားပြီ၊ ငါ့အထင်တော့ ဟိုနေရာကို ထိသွားတာဖြစ်မယ်'

'ဘယ်လဲဟာ၊ နင်ကလည်း ပေါက်ကရ'

'ငါထင်တာက ခါးကိုပြောတာပါဟာ၊ နင့်ခန္ဓာကိုယ်ကလည်း ဝဝဖိုင့်ဖိုင့်လေးဆိုတော့ ဒီကောင် တော်တော်အီသွားမှာပဲ၊ သနားပါတယ်ဟာ၊ နင်ရော အဲဒီလိုဖြစ်သွားတော့ ဘယ်လိုခံစားရသလဲ၊ ရှိန်းတိန်းဖိန်းတိန်းတော့ ဖြစ်သွားမှာပဲ'

'ဟာ… နင်ကလည်းဟာ၊ ဘာတွေလျှောက်ပြောနေတာလဲ'

'အထိအတွေ့လေးတစ်ခုတော့ ထိထိမိမိ ရသွားတာပေါ့ဟင်း'

နှင်းနှင်းက သဘောကျစွာ ရယ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



'နင့်စိတ်ထဲ ဘယ်လိုခံစားရသလဲ'

'နှင်းနှင်းနော်၊ နင် ဒါတွေချည်းပဲ လျှောက်ပြောမနေနဲ့'

'မဟုတ်ပါဘူးဟာ၊ နင် နံ့ရိုး မှန်ကြောင်လေးကို မသနားဘူးလား၊ နင့်ကြောင့် သူ့မှာတွေ့တိုင်းခံစားနေရတာ'

'အေးဟာ၊ သူကလည်း ငါနဲ့ဆုံတိုင်း တစ်ခုမဟုတ် တစ်ခု ဖြစ်နေတာ၊ တော်ကြာ အသက်တောင် ပါသွားနိုင်တယ်၊ ပြဿနာပဲ'

'တိုက်ဆိုင်မှုတွေ ဖြစ်တာပါဟာ၊ အဲဒီလောက်ထိလည်း စိတ်ထဲမှာ စွဲစွဲမြဲမြဲ မှတ်မထားပါနဲ့'

'နင်ကသာ ငါ့ကိုပြောနေတာ၊ နင့်ရဲ့ဆလပ်ဆော့စ်ကြီးကရော အခြေအနေ'

မြတ်မွန်က နှင်းနှင်းဘက် မြားဦးပြန်လှည့်လိုက်သည်။

'ကြွေးဟာ၊ သူ့ရည်ရွယ်ချက်အတွက် တော်တော်အလုပ်လုပ်တဲ့လူပဲ၊ သံသယဖြစ်စရာ အချက်တွေလည်း ဘာမှမတွေ့ဘူး၊ လျှော့တွက်ထားလို့တော့ မရဘူး၊ နင် ဘယ်လိုထင်သလဲတော့ မသိဘူး၊ ငါတို့ကိစ္စတွေကို တစ်ယောက်ယောက်က အစဆွဲပြီးတစ်ယောက်ယောက်ကပဲ ပြန်ဖုံးဖိဖို့ ကြိုးစားနေသလိုပဲ'

'နှင်းနှင်း ဟုတ်တယ်ဟာ၊ ငါလည်း အဲဒီလိုပဲ တွေးမိတယ်၊ ငါတို့အရှက်ကွဲမှာစိုးလို့သာ ခုလိုဒရောသောပါး လိုက်နေရတာ၊ အခုဆို တစ်လတောင် ပြည့်တော့မယ်၊ သဥ္စာကလည်း ဟိုသုံးကောင်ကို စုံစမ်းဖို့ ဘာမှမစသေးဘူး'

'တကယ်တော့ ငါတို့က ကိုယ့်ဝန်ကိုယ်ထမ်းနေသလိုပဲ'

နှင်းနှင်းက မှတ်ချက်ချသည်။

'အာပဲပြောပြော ငါတို့လည်း ကျောင်းပြီးတော့မယ် အရင်က

www.burmeseclassic.com

www.burmeseclassic.com



ငါတို့ဒုက္ခပေးခဲ့တဲ့သူတွေကိုလည်း သတိမရကြတော့ဘူး၊ ခုမှ ဒီကိစ္စကြီးက ဘွားခနဲ ထပေါ်တာဆိုတော့ အလုပ်ရှုပ်ရုံသက်သက်ပဲ ရှိတယ်'

'ငါ့အထင်တော့ ဒီကိစ္စကို မဖြေရှင်းတော့ဘဲ လွှတ်ထားရင် ကောင်းမလား၊ သူ့အလိုလို ချုပ်ငြိမ်းသွားမယ် ထင်တယ်'

'အေးဟ၊ နင်ပြောသလိုပဲ၊ ငါတို့က ဒီငါးယောက်ထဲက တရားခံအစစ်ကို သိသွားရင် သတ်ပစ်လို့မှ မရတာ၊ ငါတို့က မခံချင်စိတ်နဲ့ လိုက်လံဖော်ထုတ်နေတာ ပင်ပန်းတယ်'

'ဒီကိစ္စကို သဥ္ဇာနဲ့ တိုင်ပင်ကြည့်ဦးမယ်၊ ငါတို့အမြင်ကို သူ လက်ခံမှာပဲ၊ အချိန်တန်ရင် ဖွတဲ့သူက ဖွမှာပဲ၊ ငါတို့အရင် ဒုက္ခပေးခဲ့တာတွေကို ဝဋ်လည်တယ်လို့ သဘောထားလိုက်မယ်ဟာ'

မြတ်မွန်က စိတ်ရှုပ်နေဟန် ပြောသည်။

'မြတ်မွန် နင် မှန်မှန်ပြောစမ်း၊ နင့်မှာ အရင်လို မာနတွေ မာန်တွေ မရှိတော့ဘူး၊ နင် စိတ်ထဲမှာ နံရိုးလေးကို သဘောကျနေလား'

'ဒါကို ငါ မခန့်မှန်းတတ်သေးဘူး'

'နင်ကလည်းဟာ နင့်လောက် ဆရာကျနေတာကို၊ ကျောင်းသူ ပထမနှစ်ဘဝတုန်းက မှတ်မိသလား၊ နင်နဲ့ငါ ဘော်လီဘောပုတ်ပြီး ဟိုကြာကူလီကောင်ကို ပြဿနာအမျိုးမျိုးရှာပြီး ဒုက္ခပေးခဲ့တာလေ'

'အေးဟာ အဲဒီတုန်းက မြိန်ရေယှက်ရေ ရှိလိုက်တာ၊ အဲဒီကျက်သရေမရှိတဲ့ကောင် အရှုံးလုံးလုံးဖြစ်သွားတာလေ၊ အဲဒီတုန်းက သဥ္ဇာမရှိလို့၊ သဥ္ဇာသာရှိရင် ဒီကောင် သေတောင်သေသွားမလားပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့... ပြီးတာတွေ ထားပါတော့၊ ငါလည်း လိုရင်းမရောက် သေးဘူး မြတ်မွန် နှင် နံရိုးလေးကို စမ်းသပ်ကြည့်ပါလား'

မြတ်မွန်က တစ်ချက်စဉ်းစားလိုက်သည်။

'နှင်ရော ဆလပ်ဆော့စ်ကို တောက်ကြည့်ပါလား'

'ငါက တောက်စရာ မလိုဘူး၊ ဆလပ်ဆော့စ်က ငါ့ကို တွေ့နေတာ၊ ဒီကောင့်မျက်လုံးတွေကို ကြည့်ရင် သိသာတယ်၊ ဒါပေမဲ့ အခွင့်အရေးယူချင်စိတ်တော့ မရှိဘူး၊ ငါ့ကိုတော့ အမြဲဂရုစိုက်ချင်တဲ့ သဘောပဲ'

'နံရိုးမီးတောက်ကျတော့ အဲဒီလို မဟုတ်သေးဘူး၊ ငါ့ကို ခင်ရုံသက်သက်ပဲ၊ အခြားအရိပ်အယောင်တွေတော့ မတွေ့ရသေး ဘူး'

သူငယ်ချင်းနှစ်ယောက် ခုမှ အချစ်ရေးကို ဒုတိယအကြိမ် မြောက် စတင်တို့ထိကြလေပြီ။ မသိစိတ်တွေက အချစ်ဘက်ကို ဦးတည်လာခဲ့၏။ လူမှန်ရင် အချစ်ကမ္ဘာကို ဖွေရှာစမြဲပဲလေ။

'ငါတို့ အရင်က အဓိပ္ပာယ် ဖွင့်ဆိုခဲ့တဲ့ အချစ်က အပေါ်စား ဆန်တယ်၊ အခု ငါတို့က ထပ်မံဖွင့်ဆိုရင် အဓိပ္ပာယ်က လေးနက်နေမှ ဖြစ်မယ်၊ အခု ငါတို့ကျောင်းပြီးတော့မယ်၊ ဘဝရပ်တည်ချက်တွေ ခိုင်အမာတည်ဆောက်ပြီး သာယာချမ်းမြေ့တဲ့ ဘဝတစ်ခုကို ရယူ နိုင်ဆိုင်နိုင်မှ ဖြစ်မယ်။

နှင်းနှင်းက ပြတင်းပေါက်ကို ငေးကြည့်၍ ဖြည်းညှင်းစွာ ပြောသည်။ မြတ်မွန်ကလည်း ခေတ္တတွေဝေသွားသည်။

'ငါတို့ သဘောကို တိုင်ပင်ပြီး ဒီကိစ္စကို ဆက်လက်မဆွေးနွေး ကောင်းမယ်၊ လာမဲ့ဘေး ပြေးတွေ့ကြတာပေါ့'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်ဟာ၊ ဘာမှမဟုတ်ဘဲ ပင်ပန်းရမဲ့ကိစ္စတွေကို ရပ်တန်းက ရပ်ရင် အကောင်းဆုံးပဲ'

နှင်းနှင်းနှင့် မြတ်မွန် သဘောတူညီချက်တစ်ခု အရယူလိုက်သည်။ သဥ္စာ၏ သဘောထားကလည်း သူတို့နဲ့တူညီတိုက်ဆိုင်လိမ့်မည်ဟု ထင်မှတ်ယုံကြည်ထားကြသည်။

သဥ္စာကလည်း သူတို့အတိုင်းပင် လက်ခံနိုင်ဖွယ် ရှိသည်။

၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)

သဥ္ဇာ ဖုန်းဆက်တော့ မြတ်မွန်နှင့် နှင်းနှင်း အံ့အားသင့်သွားကြသည်။ သူတို့ဆရာကြီး ဦးခင်လှ ဆုံးပါးသွားပြီတဲ့။ သူတို့ ...ယောက် နာရေးသတင်း သွားမေးဖို့ ပြင်ပေမဲ့ ဆလပ်ဆော့စ်တို့ ...မီးတောက်တို့ လာနိုင်ချေရှိသောကြောင့် သဥ္ဇာတစ်ယောက်တည်း ...သတင်းသွားမေးဖို့ အကြောင်းဖန်လာလေသည်။ အခြေအနေ ...ရင် မြတ်မွန်တို့ထံ ဆက်သွယ်ဖို့ သဥ္ဇာ့ကို မှာထား၏။ ရက်လည် ...မှ အခြေအနေ ရှင်းရင် မြတ်မွန်တို့ သွားကြမည်။

သဥ္ဇာအသွားကို မျှော်နေကြသော မြတ်မွန်နှင့် နှင်းနှင်းတို့ ...သည် တစ်စုံတစ်ခု ထပ်ဖြစ်မလား တွေးတထင့်ထင့် ဖြစ်နေသည်။ ...ယောက်သား မြတ်မွန်၏ အိမ်တွင် စောင့်နေကြ၏။ ရေနွေးကြမ်း ...အိုးနှင့် ဂျင်းသုပ်တစ်ပွဲ ကုန်သွားပြီ။ မြတ်မွန်က ဂျာနယ်တစ် ...င် ကောက်ဖတ်နေပြီး နှင်းနှင်းက တီဗွီအစီအစဉ်ဖွင့်ကြည့်နေ ...သည်။ ဂျာနယ်ထဲတွင် အခြေအနေ တင်းမာနေသော အီရန်နှင့် ...အရိကန်အကြောင်းသည် မြတ်မွန်အပေါ် စိတ်ဝင်စားဖို့မကောင်း ...တို့ တီဗွီအစီအစဉ်တွင် လာသော တိရစ္ဆာန်များအကြောင်း လေ့လာ ...သည်လည်း နှင်းနှင်းအတွက် ထူးဆန်းဖွယ်ရာ အံ့ဩဖွယ်ရာ

www.burmeseclassic.com

www.burmeseclassic.com



မရှိပေ။ သဥ္စာ့ကို မျှော်တလင့်လင့် ရှိနေရုံမှတစ်ပါး အခြားစိတ်ဝင်စားဖွယ် မတွေ့။ လျှောင်ပြွတ်ရွှေကြီးတစ်ခုက သူတို့နှစ်ယောက်ရဲ့ အလယ်ခေါင်တည့်တည့် ဝင်သွားလည်း စိတ်ကတော့ သဥ္စာ့ဆီမှာ ရောက်နေမည်။

ညနေ ၆ နာရီခွဲခါနီးတွင် သဥ္စာတစ်ယောက် တက္ကစီဖြင့် ရောက်ချလာသည်။ ရောက်ရောက်ချင်း သဥ္စာက ရေသန့်တစ်ဗူးကို အရင်တောင်းသည်။ ရေသန့်ဗူးကို တစ်ဝက်ကုန်အောင် သောက်ပြီးနောက်...

'ဘာထူးသလဲ မမေးကြနဲ့ သူငယ်ချင်းတို့'

'ဒါဆို ဘာတွေဖြစ်လာနိုင်မလဲ'

နှင်းနှင်းက အလောတကြီးမေးသည်။

'ဟိုကောင် ငါးကောင်စလုံး ဆရာကြီးသတင်းကို လာမေးကြတယ်၊ နောက်ပြီး ဆရာကြီး စာအုပ်စင်က ငှားသွားတဲ့ စာအုပ်တွေကို ပြန်လာပေးကြတယ်၊ ငါလည်း မသိချင်ယောင်ဆောင်ပြီး ယောတောယောင်တောင် နေရတာပေါ့ဟာ၊ နင်တို့ပါလာရင် ဟိုကောင်တွေထဲက တရားခံအစစ်က ရိပ်မိသွားနိုင်တယ်'

'အခု နင် သဲလွန်စတွေ ဘာတွေ မရဘူးလား'

'ငါ သေချာအကဲခတ်ကြည့်တာ ငါးယောက်စလုံးက မသင်္ကာစရာပဲ၊ သူတို့အပ်သွားတဲ့ စာအုပ်တွေထဲက မသင်္ကာစရာတွေ ရှိနိုင်မလား'

'ဒါက ဝေးတယ်နော် သဥ္စာ၊ အချိန်တွေ အဲဒီလောက်ကြာမှ သဲလွန်စတော့ မထားခဲ့နိုင်ဘူးနော်'

မြတ်မွန်က သူ့အထင်ကို ချပြသည်။

www.burmeseclassic.com

www.burmeseclassic.com



'နင်တို့နှစ်ယောက် အကဲခတ်နေတဲ့ ဆလပ်ဆေးစိမ်နဲ့ နံရိုးမီးတောက် အခြေအနေက ဘာထူးခြားမှုရှိလဲ'

မြတ်မွန်နှင့် နှင်းနှင်း တစ်ယောက်မျက်နှာ တစ်ယောက် ခသိမသာ ကြည့်လိုက်သည်။

'ငါကတော့ ဒီကောင်တွေဟာ တရားခံမဖြစ်နိုင်ဘူးလို့ ထင်တယ်'

'အေး… ငါလည်း မြတ်မွန်အတိုင်းပဲ၊ တရားခံဖြစ်နိုင်ဖွယ် အလားအလာ မရှိဘူး'

သဉ္ဇာက မျက်မှောင်ကြုတ်သွားသည်။

'ဘာ… နင်တို့ကလည်း သေသေချာချာ တထစ်ချ ပြောနိုင်ပြီ မို့လို့လား'

'သဉ္ဇာ… ငါ တစ်ခုရှင်းရှင်းလင်းလင်း ပြောချင်တယ်၊ ဒီကိစ္စကြီးကို ငါတို့ ဆက်မစုံစမ်းရင် ကောင်းမယ်'

'ဟင်… ဘယ်လို'

'ဟုတ်တယ် သဉ္ဇာ၊ ငါတို့ အခုကျောင်းလည်းပြီးတော့မယ်၊ အရင် ငါတို့ပျော်စေပျက်စေပေးခဲ့တဲ့ ဒုက္ခတွေနဲ့ ငါတို့အကြောင်းတွေကို အခု လူသိရင်လည်း ငါတို့ သူများကို ဒုက္ခပေးထားလို့ ဝဋ်လည်တာလို့ သဘောထားလိုက်မယ်၊ အခုလို အသေးစိတ်လိုက်စုံစမ်းနေတာ အချိန်ကုန်သလို မိန်းကလေးတစ်ယောက်အတွက် သိက္ခာလည်းကျနိုင်တယ်'

'ဩော်… နင်တို့နှစ်ယောက်က တစ်ကျောင်းလုံး အရှက်ခွဲခံရဲ့ဒဏ်ကို ခံနိုင်ရည် ရှိသွားပြီပေါ့'

'ငါတို့ပြောတာ အဲဒီသဘောမျိုး မဟုတ်ဘူး သဉ္ဇာ၊ ငါတို့

www.burmeseclassic.com



အခုလျှောက်နေတဲ့လမ်းက မလိုအပ်ဘဲ ကိုမ်းစောင်းလွဲချော်သွားမှာစိုးလို့ ဘာမှမဟုတ်တဲ့ ကိစ္စတွေကို ငြီးကာမချဲ့တာပါ၊ တကယ်လို့ဟာ ဒီငါးယောက်ထဲက တစ်ယောက်က တရားခံဖြစ်နေရင် သူ့ကို ငါတို့ ဘာလုပ်ရမှာလဲ၊ သတ်ပစ်ရမှာလား၊ ဒါမှမဟုတ် အရှက်ခွဲရမှာလား၊ အဓိပ္ပာယ်မရှိတာဟာ၊ ဒါတွေဆက်လုပ်ဖို့ ငါတို့သတ္တိမွေးထားရင် မိုက်ရူးရဲဆန်သွားနိုင်တယ်'

မြတ်မွန်က သေသေချာချာ အစီအစဉ် ချပြသည်။

'အေးဟ၊ မြတ်မွန် နင်ပြောတာလည်း သဘာဝကျတယ်နော်၊ ငါလည်း အခုမှ စဉ်းစားမိတယ်၊ တကယ်တော့ ငါတို့ဟာ အရေးမပါတဲ့ အရာကို တစ်စတစ်စချဲ့ထွင်နေကြတာပဲ၊ သောက်ဆေးသောက်ရင် ပျောက်မဲ့ဒဏ်ရာကို အရေးပေါ်ခွဲစိတ်ခန်းမှာ ကုသနေသလိုပဲ'

သဉ္ဇာက အမြင်မှန်တစ်ခု သိသွား၍ ပြုံးရွှင်စွာပြောသည်။ နှင်းနှင်းနှင့် မြတ်မွန်လည်း မသိသေးသော သူငယ်ချင်းလေးအမြင်တစ်ခုကို ပွင့်လင်းစွာ သိရှိသွား၍ ဝမ်းသာအားရ ဖြစ်သွားသည်။

'ငါတို့က ဒီကောင်တွေ ဘယ်လိုဖွမလဲ တစ်ခုပဲ စောင့်ကြည့်နေရမယ်၊ ဖြစ်သမျှကိစ္စတွေကို ဒိုင်ခံဖြေရှင်းပစ်လိုက်မယ်၊ ဒီကောင်တွေထဲက တစ်ယောက်က တရားခံစစ်စစ်ဖြစ်နေရင်တောင် ငါတို့သုံးယောက်ကို အဆုံးစွန်အရှက်ခွဲဖို့ အင်အားမရှိနိုင်ဘူး၊ သုံးယောက်တစ်ယောက် 3 in 1 မမျှတနိုင်ဘူး'

'ဟာ… သဉ္ဇာရာ ဝမ်းသာလိုက်တာ၊ ငါတို့သုံးယောက် ဘာမှမဟုတ်တဲ့ ဖြစ်စဉ်ကလေးတစ်ခုကို ပုံသေနည်းအဖြူးမျိုးနဲ့ တွက်ချက်နေတာ၊ ဖြစ်သမျှအကြောင်း အကောင်းတွေလို့ သတ်မှတ်ထား

www.burmeseclassic.com

www.burmeseclassic.com



တော့မယ်၊ ဖွချင်တဲ့ကောင်ဖွ၊ ပြောချင်တဲ့ကောင်ပြော၊ သူ့သမိုင်းသူ ရေးသွားလိမ့်မယ်'

မြတ်မွန်က အားရဓာက်ကြွစွာ ဒေါင်းတင်မောင်းတင်ပြော၏။

'မြတ်မွန်နဲ့ နှင်းနှင်း နင်တို့ကရော ဟိုနှစ်ကောင်ရဲ့ သံယောဇဉ်အခြေအနေကို ဖြတ်တောက်ပစ်နိုင်ပါ့မလား'

အရိုက်ကို တစောင်းလေးထိသွားသည်။ မြတ်မွန်တို့နှစ်ယောက်ကို သဉ္ဇာထောက်ပြသော အချက်သည် အဓိကနေရာက ပါဝင်နေ၏။

'ရင်ခုန်စရာ အနေအထားမှာ မရှိဘူး'

မြတ်မွန်က လေသံမာမာနှင့် ယတိပြတ်ပြောသည်။

'အကြောင်းကိစ္စရှိလို့သာ ပတ်သက်မိသွားတာ၊ တကယ်ဆို အဝေးကြီးပဲ'

နှင်းနှင်းကလည်း ရွံရှာသလို ဥပေက္ခာပြုထားသလိုနှင့် ပြစ်တင်သည်။ သဉ္ဇာက နှစ်ချက်သုံးချက်ဆင့်၍ ရယ်မောလိုက်သည်။

'ငါ နင်တို့နှစ်ယောက်ကို ပုံပြင်လေးတစ်ပုဒ် ပြောပြချင်တယ်၊ ဆရာတစ် သူ့ဘာသာရပ် သင်ကြားပေးနေတဲ့ အတန်းထဲက ကျောင်းသားကျောင်းသူတွေကို မေးတယ်၊ တကယ်လို့ ဆရာက ဆရာရဲ့ နေအိမ်၊ မော်တော်ကား၊ အိမ်မှာရှိသမျှ ပစ္စည်းတွေကို ရောင်းချမယ်၊ အဲဒီကရတဲ့ ငွေတွေကို ဘုရားရှိခိုကျောင်းမှာ လှူမယ်၊ အဲဒါက ဆရာ့ကို ကောင်းကင်ဘုံကို ရောက်စေမှာလား၊ ကလေးတွေက ဟင့်အင်းလို့ ဖြေတယ်၊ ဆရာက ဆက်ပြောတယ်၊ တကယ်လို့ ဆရာက ဘုရားရှိခိုးကျောင်းရဲ့ မြက်ခင်းတွေကို နေ့စဉ်ရိတ်ဖြတ်မယ်၊

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာ သန့်ရှင်းရေးလုပ်မယ်၊ ပစ္စည်းတွေကို သေသေသပ်သပ် ထားမယ်၊ ဒါဆိုရင်ရော ဆရာ့ဟာ ကောင်းကင်ဘုံကို ရောက်မှာလား၊ ကလေးတွေအဖြေကတော့ ဟင့်အင်းပဲ'

မြတ်မွန်နဲ့ နှင်းနှင်းက သေချာနားထောင်နေရဲ့။

'ကဲ… ဒါဆိုရင် ဆရာက တိရစ္ဆာန်တွေကို ကြင်နာမယ်၊ ကလေးတွေကိုလည်း သကြားလုံးတွေပေးမယ်၊ ဆရာ့ဇနီးကိုလည်း ချစ်မယ်၊ အဲဒါတွေဇကြောင့် ဆရာ ကောင်းကင်ဘုံကို ရောက်မှာလား'

'ကလေးတွေက ဘာပြောသလဲ'

'ဟင့်အင်းပဲ ဆက်ဖြေတယ်၊ ဆရာက စိတ်မရှည်တော့ဘဲ အဲဒါဆိုရင် ကောင်းကင်ဘုံကို ဆရာ ဘယ်လိုနည်းနဲ့ ရောက်မှာလဲ ဆက်မေးတယ်၊ ငါးနှစ်သားအရွယ် ကလေးလေးက အော်ပြောလိုက်တယ်၊ ဆရာသေမှဖြစ်လိမ့်မယ်တဲ့၊ ကဲ… ငါတို့ ဘယ်လိုနည်းနဲ့ပဲ စုံစမ်း စုံစမ်း လိုရင်းကတော့ တစ်ခုတည်းဖြစ်နေတယ်'

'ငါတို့က ဒီကိစ္စအတွက် သေပေးရမှာလား'

နှင်းနှင်းက သဥ္စာဆိုလိုရင်းကို သဘောပေါက်၍ ရွံ့တွံ့တွံ့လေး မေး၏။

'သူတို့တွေ ကြုံစည်တဲ့ အတိုင်းအတာ[illegible] ငါတို့ မမြင်နိုင်ဘူး လေ'

'ဒါက ဟုတ်[illegible]တယ်၊ ငါတို့ကို အရှက်ခွဲရအောင် နာကျည်း [illegible]ပြ ထင်တယ်၊ အဆိပ်လေးနည်းနည်းရှိတာနဲ့ ကြုံတဲ့နေရာ တို့ ပေါက်ဖို့ ကြိုးစားနေတာလား သဥ္စာ၊ နင်ပြောတဲ့ ပုံပြင်ထဲကလိုပဲ ဘယ်လိုကောင်းအောင်နေထိုင်နေပါစေ အဓိကကျတာကို မသိရင် အလကားပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဘာပဲလုပ်လုပ်လေ ကောင်းကင်ဘုံကို သေမှရောက်မှာပဲ'

သဉ္ဇာက ဖြေရှင်းချက် ပြန်ထုတ်၍ သူပေးသော ဥပမာကို အဆုံးသတ်သည်။

☞

အရေးပေါ်လူနာတစ်ယောက် ဆေးရုံသို့ ရောက်လာသည်။ သွေးထွက်လွန်နေသဖြင့် ဆေးရုံဝန်ထမ်းများ သေသေချာချာ ဂရုစိုက်ရ၏။ လိုအပ်သော သွေးသွင်းရမည့် အနေအထားရှိနေသည်။ အသက်ကို လုရမည့် ဆရာဝန်တွေကလည်း ပျာယာခတ်နေ၏။ လူနာအား အသက်ကိုပင် မရရအောင် ရှုနေရသူ။

'အစ်ကို... သတိရလာပြီလား၊ ကျွန်မတောင် တစ်ရေးရပြီ'

'အင်း'

လူနာက မျက်လုံးမပွင့်တပွင့်နဲ့ ဖြည်းဖြည်းပြော၏။

'ဆရာမ လူနာအခြေအနေ ဘယ်လိုရှိလဲ'

အခန်းထဲ ဝင်လာသူ မိန်းကလေးက သူနာပြုကို မေး၏။

'တော်တော်သက်သာနေပါပြီ'

'ဟုတ်ကဲ့ ဝမ်းသာစရာပဲ'

'ရှင်က လူနာနဲ့ ဘာတော်သလဲ'

'လိုအပ်ရင် လူနာဘေးမှာ နေပေးမဲ့သူပါ'

သူနာပြုဆရာမလေးက ဆေးပစ္စည်းအချို့ကို သိမ်းဆည်း၍ ကျော့ကျော့မော့မော့ ထွက်သွားသည်။ ဝင်လာသူ မိန်းကလေးက လူနာဘေးက ခုံတွင် ဝင်ထိုင်သည်။

'ရှင်... ကျွန်မကို မှတ်မိလား'

www.burmeseclassic.com

www.burmeseclassic.com



လူနာက ခေါင်းထောင်မတတ် ကြည့်နေသည်။

'ရှင့်ကို ကျွန်မ တစ်ခုမေးမယ်၊ ရှင်ဘာကြောင့် ဆရာကြီးဆီက စာအုပ်ကို ခိုးသွားတာလဲ'

လူနာက မျက်လုံးပြူးလာသည်။ မိန်းကလေးက ပြုံးလျက်

'ရှင် ဆရာကြီးဆီမှာ သိမ်းထားတဲ့ ကျွန်မတို့ပစ္စည်းကို ယူသွားတယ် မဟုတ်လား'

'ဘာလဲ မသိဘူး'

လူနာ့ဆီမှ အသံကျယ်ကျယ် ထွက်လာသည်။

'ရှင် လိမ်ရင် သွေးသွင်းနေတဲ့ ပိုက်ကို ဖြုတ်လိုက်မယ်နော်'

'ဟာ... ခင်ဗျား ကျုပ်ကို'

'သိပ်စကားမပြောပါနဲ့ ဆရာသမား၊ လည်လွန်းတဲ့ဘီးဟာ အီးသင့်သလို၊ ပန်ကာထိပ်ကမှုလီကလည်း အရစ်ပြုန်းတာပဲ၊ ဂျင်ပေါ်က ထုံးကလည်း အရောင်လွင့်တာပဲ၊ ရှင် အခုလုပ်ထားတာတွေကို ပတ်ဝန်းကျင်တစ်ခုကို ချပြလိုက်ရင် ရှင့်ဘဝ ဆေးရုံမှာ မရှိနိုင်တော့ဘူး'

'မင်း ဘယ်သူလဲ'

'ကျွန်မလား ကျောင်းဝင်းထဲက ကျောင်းသူတစ်ယောက်ပါ'

လူနာမှာ လည်ပင်းဆန့်တငင်ငင်နှင့်။

'ရှင် အခု အရိုက်ခံရတာ ရှင့်ကိုမကြည်တဲ့ အုပ်စုက ကျွေးလိုက်တာ၊ ရှင် ကားတစ်စီး အဝယ်တည့်ပြီး ဖြုတ်ခုတ်သွားတာကို ဒီကောင်တွေကစောင်းပြီး မှတ်သောက်သားလောက်အောင် ပညာပေးတာ'

'မင်း ငါ့အကြောင်းတွေကို ဘာလို့သိနေသလဲ'

www.burmeseclassic.com

www.burmeseclassic.com



'သိတာပေါ့ ကိုနေဇံဟိန်းရာ၊ ရှင် မဟုတ်တာတွေ လုပ်ထားတာတွေ ကျွန်မ အကုန်သိတယ်၊ ရှင် ကျွန်မ မေးတာကို မှန်မှန်ဖြေ'

လူနာမှာ မျက်စိကလေး ကလယ်ကလယ်နှင့်။

'ငါ... ငါက ဘာဖြေရမှာလဲ'

'ဆရာကြီး ဦးခင်လှဆီမှာ ကျွန်မတို့ အပ်ထားတဲ့ လျှို့ဝှက်ပစ္စည်းတွေကို ရှင် ယူသွားတာလို့ သက်သေတွေက ပြောနေကြတယ်'

'ဟာ... မယူပါဘူး၊ ဆရာကြီးဆီက စာအုပ်ပဲ ပြန်မပေးရသေးတာပါ'

'ရှင်ကလေ လက်ပူးလက်ကြပ်မိနေတာတောင် ပြောင်လိမ်ချင်သေးတယ်၊ အဲဒီနေ့က ရှင်နဲ့အတူ စာအုပ်ငှားသူ ငါးယောက်ရှိတယ်၊ အဲဒီငါးယောက်ထဲက တစ်ယောက်သောသူက ဒီစာအုပ်ကို ယူသွားတာပဲ'

'ငါနဲ့ ဘာမှမဆိုင်ဘူး'

လူနာဖြစ်သူမှာ အကြောက်အကန် ငြင်းသည်။

'ကိုနေဇံဟိန်း ရှင်ကလေ ပညာပါးပါးလေးနဲ့ ကျွန်မတို့ကို ပညာစမ်းချင်သေးတယ်၊ ရှင် တကယ်မယူဘူးလား'

'မယူပါဘူးဗျာ၊ ဘုရားစူးရစေရဲ့၊ ငါက အခြားသူတွေသာ စီးပွားရေးအရ လှည့်ပတ်ရိုက်စားလုပ်တတ်တာပါ၊ ခိုးယူရမဲ့ ကိစ္စဆိုရင် စိတ်ကူးထဲတောင် မတွေးရဲပါဘူး'

'ရှင် တကယ်ပြောတာလား၊ ဒါဆိုရင် သက်သေတစ်ခု ပြလေ'

'သက်သေ ပြစရာတော့ မရှိဘူး၊ ကျန်တဲ့လေးယောက်ထဲက တစ်ယောက်ယူရင်လည်း ယူမှာပေါ့၊ ကိုယ်မြင်ရတာမှ မဟုတ်တာ၊

www.burmeseclassic.com

www.burmeseclassic.com



ခင်ဖျားတို့ပစ္စည်းတွေက ဘာတွေမှန်းလဲမသိဘူး၊ အခြေခံစစ်မြစ်မသိဘဲ ရမ်းသမ်းယူမလား၊ ခက်တော့ ခက်နေပြီဗျာ၊ ငါက အရာတစ်ခုကို လိုချင်ရင် ခက်ခက်ခဲခဲရမှ သဲဘောကျတာ၊ လူမသိ သူမသိ ခိုးယူရတဲ့ အလုပ်ကို အမုန်းဆုံးပဲ၊ ငယ်ချစ်ဦးကောင်မလေးတောင် ခိုးပြေးဖို့ ဝါသနာမပါလို့ ဒီအတိုင်းထားရစ်ခဲ့တယ်'

'ရှင်က အဲဒီလောက်တောင်မှလား'

'မဟုတ်ဘူး၊ အဲဒီနေ့က အသုဘအိမ်က ပိုက်ဘိုင်းမှာ မထနိုင်လို့'

'ဒါကတော့ ရှင်ဖဲဆော့လို့ပဲ၊ နှလုံးသားတစ်ခုကို ဖဲကစားပြီး လဲလှယ်လိုက်တာပေါ့လေ'

'မြိုးမြိုးမြက်မြက်လေး ရလိုက်ပါတယ်'

'ရှင့်ကို ကောင်မလေးက နာကျည်းသွားမှာပေါ့'

'မကျည်းပါဘူး၊ အခု သူ မင်္ဂလာဆောင်သွားတဲ့ကောင်က ဘောစိပဲ၊ ငါတောင် ဟိုတလောက ဒီဘောစိကို ပတ်တီးကိုင်တဲ့ ကားတစ်စီး ရောင်းပြီးဂျင်းထည့်လိုက်သေးတယ်'

'ရှင် တော်တော်တတ်လည်း တတ်နိုင်တဲ့သူပဲ၊ ဒါကြောင့် ဆေးရုံပေါ်မှာ နေနေရတာ၊ ကိုယ့်ကိုယ်ကိုယ် သတိလည်းထားဦး'

'ကြိုးတန်းပေါ်မှာ လမ်းလျှောက်ရတာ ဝါသနာတစ်ခုပဲလေ၊ ဘယ်ဖြတ်လမ်းကပဲလိုက်ရလိုက်ရ ကိုယ့်အတွက် စွန့်စားကြေးနဲ့ နစ်နာကြေးရရင် တော်ပြီ'

'ရှင် တော်တော်တလွဲလူပဲ၊ ရှင်ဖတ်တဲ့ စာအုပ်ကျတော့ ဘောဘီလုံမှာ မိုက်အပူဆုံး အဲလေ အချမ်းသာဆုံးပုဂ္ဂိုလ် တစ်ယောက်စီပဲ'

'သူများတွေညွှန်းလို့ ဖတ်ကြည့်တာပါ'

www.burmeseclassic.com

www.burmeseclassic.com



'ရှင် တကယ်ဖတ်ရမှာက လူလိမ်နည်းစာအုပ်တွေ ဖတ်ရမှာ'

'ခက်တာက ဆရာကြီးဆီမှာ အဲဒီစာအုပ် မရှိဘူးလေ'

နေ့ခံဟိန်းခေါ် မြေအိုးမြည်းရှည်က ဒဏ်ရာမသက်သာတဲ့ ပုံစံလေးနဲ့ ပြုံးဖြီးဖြီး လုပ်နေသည်။

'ရှင် တရားခံအစစ်မဟုတ်မှန်း သိသာထင်ရှားနေပါပြီ၊ ဒီတော့ ကျွန်မကို ရှင် လက်မှတ်နဲ့ စာတစ်စောင်လောက်ရေးပေး'

'ဘာ... ဘာရေးပေးရမှာလဲ'

'ရှင်လည်း လူလည်တစ်ယောက်ပဲ၊ ကျွန်မ အရိပ်ပြရင် အကောင်မြင်မှာပါ'

'တစ်ခုခုမြင်သွားရင်လည်း အခက်နော်'

'ရှင် မကူညီရင် ကျွန်မက ရှင်နဲ့ ရန်ငြိုးရှိတဲ့ သူတွေကို မီးကလေးတစ်ချက် ရှို့လိုက်ရုံပဲ၊ ဘာတွေရှင်လုပ်ထားသလဲဆိုတာ ရှင် မီးခိုးကြွက်လျှောက် ပေါ်ကုန်မှာ'

'မင်း ကြွက်မနိုင် ကျီမီးနဲ့ ရှို့မလို့လား၊ မလုပ်နဲ့နော်'

'စိတ်လျှော့ထားစမ်းပါ ကိုယ့်ဆရာရာ၊ ကျွန်မ မီးလောင်ရာ လေပင့်မလုပ်တတ်ပါဘူး၊ အကြပ်ကိုင်တာလည်း မဟုတ်ဘူး၊ မြေသည်ရာ မြေလည်ကြောင်း ညှိနှိုင်းတာပါ'

'မင်းတို့ မိန်းမတွေ စာရင်းဇယားကို ရှုပ်တယ်'

လူနာ မြေအိုးမြီးရှည်က မချိတင်ကဲ မှတ်ချက်ချသည်။

'ပြော... ပြော... ငါ ဘာလုပ်ပေးရမှာလဲ၊ မာယာပရိယာယ်နှစ်သွယ်ယှက်သော မင်းရဲ့မဟာအကြံတော်ကို ပြောစမ်းပါဦး'

'အောင်မာ... ရှင်ကများ၊ ရှင့်အတွက် ဘာမှအကျိုးယုတ်စရာ မရှိဘူး၊ ဒီလိုပါ'

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက စာရွက်တစ်ရွက် ထုတ်လိုက်သည်။ စာရွက်ထဲတွင် ရေးထားသော အကြောင်းအရာများကို မြေအိုးမြီးရှည်က မျက်မှောင်ကြုတ်၍ ဖတ်သည်။

'ကျွတ်··· ကျွတ်··· ဒဏ်ရာက မသေးပါလား'

ကောင်မလေးက တစ်ချက်မေးငေါ့သည်။

'ဘယ်လိုလဲ၊ ဝိနည်းလွတ်လား'

'ကုလသမဂ္ဂမှာ ငြိမ်းချမ်းရေးစာချုပ်တွေ လက်မှတ်ထိုးနေတဲ့ အတွင်းရေးမှူးချုပ်က အိမ်ရှင်အိမ်ငှား သဘောတူစာချုပ်ကို လက်မှတ်ထိုးရသလို ဖြစ်နေမလား၊ ကိုယ်နဲ့မဆိုင်တဲ့ ကိစ္စကြီးကို'

မြေအိုးမြီးရှည်က အတွန့်တက်သည်။

'ရှင် တော်တော်အာချောင်တဲ့သူပဲ'

'အာချောင်မှတော့ လျှာရှည်တာ လူသိပြီပေါ့ အမိရယ်၊ မင်းကလေ ရုပ်ကလေးက ချောမောလှပသလောက် အရမ်းသေချာလွန်းတဲ့ ဉာဏ်နီဉာဏ်နက်တွေ အပြည့်ရှိနေပုံပဲ၊ ဒါကြောင့် ရှေးလူကြီးတွေက ပြောတာ၊ မိန်းမနဲ့မြစ်ဟာ ကွေ့ကောက်တတ်တဲ့ သဘာဝ ရှိတယ်တဲ့'

'ဟုတ်တယ်၊ ကျွန်မ အမေက ကျွန်မကို ဝမ်းလွယ်ထားတုံးက ကြောင်လိမ်လှေကားကို အတက်အဆင်းအမြဲလုပ်တယ်'

'ကဲ··· အမိ ဘောပင်လ်လေး မစပါ'

'ရှင် ထိုးနေကျလက်မှတ် အင်တွေ မထိုးနဲ့နော်၊ အော်ရီဂျင်နယ် လက်မှတ်အစစ်သာ ထိုးပါ'

မြေအိုးမြီးရှည်က ခပ်ကျယ်ကျယ် တစ်ချက်ရယ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းနဲ့ငါ မတော်လို့ မင်္ဂလာဆောင်ခဲ့ရင်လည်း ထိမ်းမြားခြင်း စာချုပ်မှာ ဒီအတိုင်းပဲ လက်မှတ်ထိုးမှာပါ'

'တောင်ကိုရီးယားက လွတ်တင်တဲ့ ဒုံးကျည်ထိပ်ဖူးနဲ့ မြောက်ကိုရီးယားက လွတ်တင်တဲ့ ဒုံးကျည်ထိပ်ဖူး နှစ်ခုဆုံသွားချင် ဆုံသွားနိုင်တယ်၊ ရှင်နဲ့ကျွန်မနဲ့က ဖြတ်လျှောက်အဆင့်သာသာမှာ တွေ့ကြတာပါ'

'ဖြတ်လျှောက်ရင်းနဲ့ အကယ်ဒမီချိတ်သွားတဲ့သူတွေ ရှိတယ်နော်'

မြေအိုးမြီးရှည်က ဘောပင်ကို ခလုတ်ဖိနှိပ်လုပ်နေရင်း ရီသွဲ့သွဲ့ ပြောနေသည်။

'ရှင် စကားအကော်အကပ်တွေ ပြောမနေနဲ့'

'မပြောတော့ပါဘူး၊ မင်းဟာ ထူးချွန်သူ သမပါပဲ'

မြေအိုးမြီးရှည်က စာရွက်မှာ လက်မှတ်ထိုးလိုက်သည်။ ကောင်မလေးက အောင်နိုင်သူပမာ ပြုံးလိုက်သည်။ စာရွက်ကလေးကို ခေါက်ထည့်လိုက်ပုံက ရန်သူစခန်းမြေပုံကို အားရစွာကြည့်ပြီး ဝင်တိုက်မည့် စစ်သူရဲကောင်းက မြေပုံကို သူ့ရင်ဘတ်ထဲ ထည့်လိုက်သလိုပေါ့။

'မိန်းမတွေ ရှုပ်ကို ရှုပ်တယ်'

မြေအိုးမြီးရှည် ပွစိပွစိလုပ်စဉ် သူနာပြုဆရာမ ဝင်လာသည်။ ဆရာမက သူ့ကိုပြောသည့်အထင်နဲ့...

'ရှင် ဘာတွေပြောတာလဲ'

'ဘာမှ မပြောပါဘူး အီးဟီး'

သူနာပြုဆရာမလေးမို့ တော်သေး၏။ စစ္စတာကြီးသာဆိုလျှင် ဟောက်ထည့်လိုက်ရင် အက်နေတဲ့ အရိုးကွဲထွက်သွားနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၀)

Happy Birthday

ကောင်မလေးတွေ ပတ်လည်ဝိုင်း၍ မွေးနေ့ပွဲလုပ်နေသော ခပ်ချောချောကောင်လေးတစ်ယောက်။ ကောင်မလေးတွေက ခုနစ်ယောက်လောက် ရှိမည်။ အရောင်အသွေး စုံလင်စွာ ဆပ်ကော့လပ်တော့ ဆေးဆိုးပန်းရိုက် မျက်နှာလေးတွေနှင့် ကောင်မလေးတွေပင်။ မွေးနေ့ရှင် ကောင်လေးက အင်္ကျီအဖြူမှာ ဖြိုးဖြိုးပြက်ပြက်လက်နေသော ကြယ်သီးတွေနှင့် ကြိုးသိုင်းထားသော ရွှေကြိုးတွေ ဆင်ထားသည်။ သူ့ကိုယ်သူ စင်ဒရဲလား ကားထဲက မင်းသားလေးလိုလို။ မွေးနေ့ကိတ်မုန့်မှာ ရေးထားတာက ကိုကိုသူ ဟက်ပီးဘတ်ဒေးဖြစ်သည်။

'ကဲ… ချစ်သူတို့ ကိတ်မုန့်လှီးရင် လုမစားကြနဲ့နော်'

'ဟေး… ဟေး… ကိုကိုသူ ကိတ်မုန့်စားချင်ပြီ'

ကောင်လေးက ကိတ်မုန့်လှီးဖို့ ဓားအသင့်ပြင်လိုက်သည်။ ကောင်မလေးတွေက ရွှတတဖြင့် ပန်းကန်ပြားလေးတွေနဲ့ ဇွန်းတွေ ကိုင်၍ အသည်းအသန် ဖြစ်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ… ကိုကိုသူကို အချစ်ဆုံးက ဘယ်သူလေးလဲ'

'မေသူ'

'သဲနုလေ'

'ဒေဝီပါ'

'ခိုင်ဇာပေါ့'

'စန္ဒီ'

ပျစ်ချွဲချွဲအသံတွေ ပလူပျံထွက်သွားသည်။

'ကဲ… အချစ်ဆုံးတွေက အကုန်လုံးပဲပေါ့၊ ကိုကိုသူက အားလုံးကို ချစ်တယ်၊ ကိတ်မုန့်လှီးပြီးရင် ပထမဆုံး ဘယ်သူ့ကို အရင်ကျွေးရမလဲ'

ကောင်မလေးတွေ လှုပ်လှုပ်ရှရှ ဖြစ်သွားပြန်သည်။

'ကျွန်မကို အရင်ကျွေးရမယ်'

အသံကြားရာသို့ အားလုံးလှမ်းကြည့်ရာ အဖြူရောင်ဝတ်စုံ ဆင်မြန်းထားသော ကောင်မလေးတစ်ယောက် ပါဆယ်ထုပ်တစ်ထုပ်ကို ကိုင်ဆောင်လျက် တစ်လှမ်းချင်း ဝင်လာသည်။ ကောင်မလေးသည် လက်ရှိရှိနေသော ကောင်မလေးအားလုံးထက် ပိုမိုချောမောလှပသောကြောင့် မင်းသားလေးကိုကိုသူမှာလည်း ပြူးကျယ်သော မျက်လုံးအစုံဖြင့် ကိတ်မုန့်လှီးရန် ဓားကိုကိုင်လျက်သားနှင့် ငေါင်နေ၏။ ကိုကိုသူ စိတ်ထဲမှာ တွေ့ဆုံခဲ့သော မိန်းကလေး (Lady List) ကို နောက်ကြောင်းပြန်ရစ်ရလေပြီ။ သူမကို မသိပေ။ မတွေ့ဖူးပေ။ ကောင်မလေးတစ်သိုက်က သူတို့ထက်အဆမတန် ချောမောလှပသော ကောင်မလေးကို မနာလိုသော အကြည့်များဖြင့် စူးစူးစိုက်စိုက် ကြည့်ကြကုန်သည်။

www.burmeseclassic.com

www.burmeseclassic.com



'မင်းက ဘယ်သူလဲ'

'တစ်ချိန်က ရှင်နဲ့ပတ်သက်ခဲ့တဲ့ သူပေါ့'

'မင်းကို ငါ မမှတ်မိဘူး အဲလေ မသိဘူး'

'ကိုသူထက်အောင် ရှင်ရဲ့ချောမောလှပတဲ့ ရုပ်ပါလက္ခဏာတွေကြောင့် ကျွန်မမှာ အချိန်နဲ့အမျှ ရူးသွပ်စွာ ခံစားခဲ့ရသူပါ'

သူထက်အောင် ရင်တွေ ဒိန်းခနဲ ဖြစ်သွားသည်။

'ဒီတော့ ရှင့်မွေးနေ့ကိတ်ကို ကျွန်မ အရင်ဆုံး စားသင့်တယ်'

'မင်းက နောက်ကျမှ ရောက်လာသူပဲ၊ စားချင်စား နောက်ဆုံးမှ စားသင့်တယ်'

ကောင်မလေးတစ်ယောက်က မဲ့ကာရွဲ့ကာ မနေနိုင် မထိုင်နိုင် ပြောသည်။

'ဘာပဲပြောပြောလေ၊ နင်တို့မသိသေးတဲ့ လျှို့ဝှက်ချက်တွေ အကုန်လုံးကို ကာယကံရှင် သူထက်အောင် ရှေ့မှာ ဖွင့်ချလိုက်ရင် ဒီမွေးနေ့ပွဲလေးက ပျော်ရွှင်ခြင်းတွေ မြိုင်ဆိုင်နေရာက နတ်ဆိုးဝင်မွှေသလို နိတ္တိတံသွားလိမ့်မယ်'

ကောင်မလေးတွေက သူထက်အောင်ကို ဝိုင်းကြည့်ကြရာ သူထက်အောင်မှာ ဘုမသိ ဘမသိနှင့် မျက်စိမျက်နှာ ပျက်သွားသည်။

'မင်း... မင်း ဘာတွေလာပြောနေတာလဲ'

'ဘာမှ ထွေထွေထူးထူး မပြောပါဘူး၊ ဘေးအိမ်က ခေါင်းမှာ စိုးလို့ အထွေထွေကို ဖျက်ပြီး ပစ်ချနေတာပါ'

'မင်း ငါ့ရဲ့မွေးနေ့ပွဲကို ဘာသဘောနဲ့ လာနှောင့်ယှက်တာလဲ'

'လျှို့ဝှက်ချက်ကလေးတစ်ခု ဖော်ထုတ်ချင်လို့ပါ'

www.burmeseclassic.com

www.burmeseclassic.com



'ငါ့မှာ မင်းနဲ့ပတ်သက်ခဲ့တာတွေ ဘာမှမရှိဘူး၊ မင်း လာမစွပ်စွဲနဲ့'

သူထက်အောင်မှာ အကြပ်ကိုင်ခံရမှာစိုး၍ သွေးရူးသွေးတန်း အော်ချေပြီ။

'ကောင်းပြီလေ၊ ရှင်နဲ့ကျွန်မ အပေးအယူတစ်ခု လုပ်ကြတာပေါ့၊ ဟောဒီအခုကျွန်မရဲ့ ပါဆယ်ထုပ်ထဲမှာ ဘာရှိသလဲ၊ ရှင်တို့အားလုံး ဖြေပေးကြပါ'

'ဒါကတော့ ဘယ်သူသိနိုင်မှာလဲ'

'မလောပါနဲ့၊ သဲလွန်စပေးပါ့မယ်၊ ဒီအထဲမှာ ထည့်ထားတဲ့ လက်ဆောင်က (၁)တွတ်ပီဖိနပ်ရှည်ရဲ့ လုံခြုံမှု၊ (၂) အိန္ဒိယကားထဲတွင် မရှိမဖြစ် ပါဝင်သော (၃) ခါးပတ်လုပ်၍ ဝတ်မကောင်းသော အရာ (၄) လျှပ်စစ်ဌာနရဲ့ သတိပေးဆောင်ပုဒ်တစ်ခုတွင် ပါဝင်သော (၅) ဒေဝ်ဥယျာဉ်ထဲက အမိကစာတ်ကောင်၊ ကဲ... ဒါ သဲလွန်စမိုင်ကုန်ပဲ'

သူထက်အောင် အပါအဝင် ကောင်မလေးများ စဉ်းစားရပိုခက်သွားသည်။ ဗဟုသုတမရှိဘဲ အပျော်သာ မက်သော သူတွေအတွက် အတွေးရခက်သည်မှာ မဆန်းပါ။

'ရှင်တို့ အဖြေစဉ်းစားနေတာ အချိန်တွေကြာတယ်၊ ကျွန်မကတော့ ပါဆယ်ထုပ်ကို ဖြေလိုက်ပြီ'

ကောင်မလေးက အထုပ်ကို ဖြေရာအပေါ်ဖုံးပွင့်သွား၏။

'ကဲ... မွေးနေ့ရှင်၊ ဘာလက်ဆောင်လဲဆိုတာ တစ်ချက်ကြည့်ဦး'

သူထက်အောင်က ခေါင်းငြိမ့်၍ ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



'အောင်မလေး မြွေ… မြွေကြီး'

'အောင်မလေး'

ကောင်မလေးတွေ ငယ်သံပါအောင် အော်၍ထွက်ပြေးကြသည်။ သူထက်အောင်က တစ်ကိုယ်လုံး တုန်ရီနေပြီး ခြေမကိုင်မိ လက်မကိုင်မိ။ ကောင်မလေးက လျှင်မြန်စွာဖြင့် သူထက်အောင်ကို သူတွင်ပါလာသော ဓားဖြင့် ထောက်ထားလိုက်သည်။

'မင်း… မင်း'

'ကျွန်မ နာမည် မင်းမင်းမဟုတ်ပါဘူး၊ ရှင့်အတွက် ကံကောင်းခြင်းတွေပေးမဲ့ နတ်သမီးပါ၊ ရှင် ခုလို ကောင်မလေးတွေနဲ့ ပွေရှုပ်နေတာကို မိုးကုပ်မှာရှိတဲ့ ရှင့်ယောက္ခမလောင်းကြီးဆီ ပို့လိုက်ရင် ရှင် ဘာဖြစ်သွားနိုင်မလဲ'

'ဟာ… မင်း… မင်း'

'အဲဒီလောက်လည်း မကြောက်သွားပါနဲ့၊ ရှင် ခုနောက်ဆုံး ချစ်ခွင့်ပန်ထားတဲ့ ဥမ္မာဆိုတဲ့ ကောင်မလေးရဲ့ အစ်ကိုတွေကို ရှင့်အကြောင်းတွေသာ အသိပေးလိုက်ရင်'

'မင်း ပေါက်ကရတွေ လျှောက်မလုပ်နဲ့နော်'

သူထက်အောင် ချွေးစေးများ ပြန်လာသည်။

'နောက်ဆုံးတစ်ခု ပြောချင်တယ်၊ ရှင်က သူဌေးသားဆိုပြီး ကောင်မလေးတစ်ယောက်ရဲ့ အဖေဆီက ငွေတွေယူထားတာ ရှယ်ယာ ...င်ဖို့ မဟုတ်ဘဲ၊ ညတိုင်း ကလပ်သွားနေတာတွေကို အသိပေးလိုက် ...ရင်'

'မင်း… တော်တော့'

'ကျန်သေးတယ်၊ အခု မြွေကြောက်လို့ ထွက်ပြေးသွားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးတွေရဲ့ မိဘမောင်ဘွားတွေကို ရှင်ဟာ မြွေတစ်ကောင်ပါ လို့ ပြောလိုက်ရင်'

'မင်း ငါ့ဆီက ဘာယူချင်လို့လဲ'

'ဘာမှထွေထွေထူးထူး မယူချင်ပါဘူး၊ ရှင့်ရဲ့လှပတဲ့ သက်မှတ်တိုကလေး တစ်ခုပဲ - လိုချင်တာပါ'

'ဘာ... ဘာလုပ်ဖို့လဲ'

'ဒါတွေ ရှင်မမေးရဘူးလေ၊ အကြောင်းအရာလေး တစ်ခု အောက်မှာ ရှင် လက်မှတ်လေးထိုးလိုက်ရင် ရှင် အခုဖြစ်နေတဲ့ ပြဿနာတွေ ချုပ်ငြိမ်းသွားပြီဆိုတာ မှတ်ထားလိုက်ပါ'

'မင်း ငါ့ကို အကြပ်ကိုင်နေတာလား၊ ဘာမှန်းမသိဘဲ လက်မှတ်ထိုးရင် ငါ အရူးဖြစ်သွားမှာပေါ့'

သူထက်အောင်က သူ့ကိုချည်သောကြိုးအား သိနေသော်လည်း တင်းခံထားဆဲ။

'အကျပ်လည်းမကိုင်ဘူး၊ အချောင်လည်းမကိုင်ဘူး၊ ရှင် ကကယ်အရူးလုံးလုံးဖြစ်သွားချင်ရင်တော့ လက်မှတ်မထိုးနဲ့နော်၊ အခု ရှင် လက်မှတ်ထိုးရမှာက ရုံးတက်ရုံးဆင်း ထိုးရသလောက်ပဲ၊ ရှင့်ကို ဘာမှချည်မထားဘူး၊ ပြဿနာလည်း မတက်စေရဘူး၊ ရှင် ပုံမှန် အတိုင်းပဲ တည်ရှိသွားမှာပါ၊ ကုန်ကုန်ပြောရရင် ဘာမဟုတ်တဲ့ ကိစ္စ လေးအတွက် သက်သေကလေးလုပ်ပေးရုံပါ'

သူထက်အောင် တွေဝေသွားသည်။ သူ့အတွက် အရှုပ်အရှင်း ကင်းရင် သူ စဉ်းစားရမှာပေါ့၊ ရှဥ္စလည်းလျှောက်သာ ပျားလည်းစွဲ သာ မွေးနေ့ပွဲလည်းလုပ်၊ အခွေလည်းထုတ်ပဲလေ။

'ဒါဆိုရင် ငါက ဘာလုပ်ပေးရမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဒီစာလေးကို ဖတ်ကြည့်ပြီး လက်မှတ်ကလေး ထိုးလိုက် ရုံပဲ'

သူထက်အောင်က ကောင်မလေးထုတ်ပေးသော စာအား အသည်းအသန် ကပျာကယာဖတ်လေသည်။

'ဟာ… ကိုယ်မှမဟုတ်တာ၊ သူများကိစ္စချည်းကို ပေး… ပေး… ဘောပင်' သူထက်အောင်က လွယ်ကူစွာပင် လက်မှတ်ထိုး လိုက်၏။

'ရှင် စာကိုရော သေသေချာချာဖတ်ကြည့်ရဲ့လား'

'ကိုယ်မှမလုပ်တဲ့ ကိစ္စကြီးပဲ၊ အဲဒီအချိန်က ဖြစ်တာတွေ မမှတ်မိတော့ဘူး။ စာအုပ်ငှားပြီး ပြန်သွားတာပဲ၊ ဒါတရားခံအစစ်ကို တွေ့ဖို့အတွက် သက်သေအထောက်အထားယူဖို့ မဟုတ်လား'

'ရှင် မဆိုးဘူး၊ ဒီတစ်ချက်တော့ တော်သားပဲ၊ အခု အဲဒီ ကျွန်မတို့ရဲ့ လျှို့ဝှက်ပစ္စည်းတွေ ပြန်တွေ့ဖို့ ရှင်ရဲ့အကူအညီလိုချင် တာပါ၊ ရှင့်ကျေးဇူးတွေကို ကျွန်မ ပြန်ဆပ်မှာပါ'

ကောင်မလေးက အချိုသာဆုံး ပြုံး၍ သူထက်အောင်ကို အထင်ကြီးသော မျက်ဝန်းများဖြင့်ကြည့်လိုက်သည်။ နဂိုကမှ ကိစ္စ သာဗို့အားမြင့်နေသော သူထက်အောင်အဖို့ ချောမောလှပသော နတ် သမီးလေးက စူးစူးစိုက်စိုက် အကြည့်တွင် နစ်မျောသွားပြန်သည်။

'မင်းက တကယ့်နတ်သမီးလေးပဲ'

'တကယ် တရဖျားမင်းနဲ့တွေ့တဲ့ နတ်သမီးလည်း ဖြစ်ချင် မယ်'

'မင်းက ငါတွေ့ဖူးတဲ့ ကောင်မလေးတွေထဲမှာ ချစ်စရာ အကောင်းဆုံးပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်လား၊ အခုလိုချိုးကျူးတာ ကျေးဇူးတင်ပါတယ်'

သူထက်အောင်က သူမဘေး ကပ်လာသည်။ အခြားကောင်မလေးတွေဆို ကြွေကျနေလောက်ပြီ။

'ရှင့်ကြည့်ရတာ ကျွန်မကို စိတ်ဝင်စားနေသလိုပဲ'

'မင်းကို ငါ ချစ်မိသွားသလားလို့'

'သေချာလောက်ပါတယ်၊ ကျွန်မကလည်း ရှင့်ကို မြင်မြင်ချင်း သဘောကျမိသွားပြီ၊ ရှင်နဲ့ကျွန်မ ဒီကိစ္စတွေပြီးရင် ထပ်ဆုံကြမယ်'

'တကယ်ဆိုမှာလား၊ ငါမင်းကို တကယ်ချစ်တယ်'

'အခု ရှင့်ကို ကျေးဖူးတင်တဲ့အနေနဲ့ အနမ်းလေးတစ်ပွင့် လက်ဆောင်ပေးခဲ့မယ်၊ ရှင်မျက်စိလေး မှိတ်ထား'

ကောင်မလေးက သူထက်အောင်ဘေးကပ်လိုက်သည်။ သူထက်အောင်က ငြိမ်သက်စွာ မျက်လုံးလေး မှေးထားသည်။

'အောင်မလေး အိပ်ပျော်နေတဲ့ မြွေကြီး ထွက်လာပြီ'

ကောင်မလေးက ထအော်လိုက်ရာ သူထက်အောင်မှာ မျက်လုံးပြူး၍ နောက်သို့ငါးလှမ်းလောက် ဆုတ်သွားသည်။ လက်ဆောင်ထုပ်ထဲမှ ဘာမြွေမှ ထွက်မလာ။ ကောင်မလေးက မျက်စိလေး မှိတ်ပြ၍...

'သွားမယ်နော် ကိုကိုသူ'

○

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၁)

လကုန်ပြီးသွား၍ ရက်သတ္တပတ်ခန့်ပင် ရှိပြီ။ ခြိမ်းခြောက်ထားသည့်အတိုင်း မြတ်မွန်၊ သဥ္ဇာနှင့် နှင်းနှင်းတို့ ကံဆိုးခြင်းတွေ ရောက်မလာ။ ပုံမှန်တည်ငြိမ်ဆဲပင်။ သူတို့လျှို့ဝှက်ပစ္စည်းတွေအတွက် ဖော်ကောင်လုပ်မည့်သူ၏ အရိပ်အယောင်လည်း မတွေ့ပေ။ မြတ်မွန်ကတော့ သူထင်ထားတာတွေဟာ တကယ်ဖြစ်လာနိုင်ကြောင်း အမြဲဆိုရှာသည်။ တစ်ယောက်ယောက်က လုပ်ကြံဖန်တီးထားခြင်းသည် အပျော်အပျက် အဆင့်သာရှိ၍ ထိထိရောက်ရောက် မရှိကြောင်း နှင်းနှင်းက တွက်ဆထားသည်။ သဥ္ဇာကတော့ ခြိမ်းခြောက်မည့်သူသည် ဘယ်လိုမှမဖြစ်နိုင်သော အနေအထားတစ်ခုအတွက် ခိုးယူထားသည့် လျှို့ဝှက်ပစ္စည်းများသည် အလကားဖြစ်ဖွယ်ရှိကြောင်း ပျော်ပျော်ရွှင်ရွှင် ပြောနေ၏။ သုံးယောက်စလုံးက သူတို့ပစ္စည်းတွေကိုတော့ နှမြောကြောင်း တဖွဖွပြောနေရဲ့။

သိပ်မကြာခင် သဥ္ဇာတစ်ယောက် ခွင့် ၇ ရက်ယူ၍ မန္တလေးသို့ ဆွေမျိုးတွေဆီ အလည်အပတ်သွားခဲ့သည်။ မြတ်မွန်နှင့် နှင်းနှင်းက သဥ္ဇာကို ရန်ကုန်ဘူတာကြီးအထိ လိုက်ပို့ပေးသည်။ သုံးယောက်စလုံး ပျော်ပျော်ရွှင်ရွှင်ပါပဲ။ ဘာဝါရီ ဘာအပူအပင်မှ မရှိပေ။

www.burmeseclassic.com



'ခွေမျိုးတွေဆီ မရောက်တာ ကြာလို့ပါ၊ သိပ်မကြာပါဘူး၊ နှင်တို့ကိုတော့ သတိရနေမှာဟာ'

'အောင်မလေး နှင်လား မန္တလေးမှာ ပျော်နေမှာပါ၊ ငါတို့က သာ ပျင်းခြောက်ခြောက်နဲ့ ကျောင်းထဲမှာ မယောင်မလည်တွေ ဖြစ်ဦးမယ်'

မြတ်မွန်က သတိရလေဟန် ပုံစံလုပ်ပြသည်။

'နှင်သွားကာမှ ဟိုခြိမ်းခြောက်ထားတဲ့ ကိစ္စကြီး ဘွင်းဘွင်း ပေါ်လာရင် ငါတို့နှစ်ယောက် အရှက်တွေ စုပြုံကွဲနေဦးမယ်'

'ဖွဟဲ့ ပေါက်တတ်ကရ နမိတ်မရှိ နမာမရှိ'

နှင်းနှင်း နောက်ပြောင်သည့် စကားကို သဉ္ဇာက သဘော မကျ။

'အလကား စတာပါဟာ၊ ငါတို့သူငယ်ချင်းတွေက ဆိုးတူ ကောင်းဖက် တိုင်ပင်ဖော် တိုင်ပင်ဖက် သွေးသောက်ညီအစ်မတွေပဲ၊ တစ်ယောက်တစ်ခုခုဖြစ်ရင် တစ်ယောက်က လက်ပိုက်ကြည့်မနေနိုင် ဘူး'

'ဟုတ်တယ်၊ ပက်လက်ကုလားထိုင်လေးက မှီပြီးကြည့်ချင် တယ်'

'ချစ်စွာသော သူငယ်ချင်းနှစ်ယောက် ရထားထွက်တော့မယ်၊ ငါ သွားမယ်၊ ဟိုမှာအဒေါ်ကလည်း လက်ပြနေပြီ'

သဉ္ဇာလည်း ကျောပိုးအိတ်ကို ကောက်လွယ်၍ သူငယ်ချင်း နှစ်ဦးအား လက်ပြနှုတ်ဆက်ကာ ထွက်ခွာရန် အသင့်ဖြစ်နေသော ရန်ကုန် မန္တလေး ရထားကြီးပေါ်သို့ တက်သွားသည်။ ပြတင်းပေါက်မှ လက်လှမ်းပြသော သဉ္ဇာ့ကို နှင်းနှင်းတို့ကလည်း ပြန်လှမ်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



သဗ္ဗာပြန်လာမှပဲ ဟိုကိစ္စကို ပြောပြရင် ကောင်းမလား'

'ဘာလဲ၊ ဆလပ်ဆော့စ်နဲ့ နံရိုးမီးတောက်တို့ ပတ်သက်မှုတွေလား၊ ပြောပြလည်း သဗ္ဗာက ငါတို့ကို အမြင်တစ်မျိုးနဲ့ကန့်ကွက်မှာပဲ'

'ငါတို့ကလည်း ရည်းစားမထားကြေး စာချုပ်ချုပ်ထားတာကိုး၊ ကန့်သတ်ချက်အရ အသက် ၂၅ နှစ်ကျော်မှ အိမ်ထောင်ပြုခွင့်ရှိတာဆိုတော့ ငါတို့အသက်က ခုမှ ၂၃ နှစ်ပဲ ရှိသေးတယ်'

'အေးဟာ ရည်းစားမရှိဘဲ နောက်ထပ် နှစ်နှစ်လောက် ဖြတ်သန်းရမှာ ပျင်းစရာကြီးနော်'

'ငါကတော့ သူကို ဖျစ်ဖျစ်မြည်အောင် စမ်းသပ်ချင်သေးတယ်'

မြတ်မွန်က သူ့အမြင်ကို ပွင့်ပွင့်လင်းလင်း ပြော၏။

'နံရိုးတွေ ကျိုးထွက်ကုန်ပါဦးမယ်ဟယ်'

'စိတ်ချပါဟာ၊ ကိုင်းကန့်သွားရုံလေးပါ၊ နင်ရော ဆလပ်ဆော့စ်ကို ပညာလေး ဘာလေး ပေးပါလား'

'သူ ငါ့ကို ဘယ်လောက်ထိ ခင်တွယ်သလဲဆိုတာ စမ်းသပ်ရမယ်'

နှင်းနှင်းက ရယ်ကျဲကျဲလုပ်နေသည်။ သူငယ်ချင်းနှစ်ယောက် ဘူတာကြီးမှထွက်၍ သမ္မတရုပ်ရှင်ရုံဘက်မှ လမ်းလျှောက်ပြီး ဆူးလေဘက်သို့ ပြန်ဆင်းကာ Mr. Brown ဆိုင်တွင် ကော်ဖီဝင်သောက်ကြသည်။

'ဟဲ့…. ငါတို့ကိစ္စက လျှောလျှောရှုရှုနဲ့ ပြီးသွားနိုင်ပါ့မလား'

'ငါကတော့ ငါတို့ငြိမ်ငြိမ်လေး ပြန်နေရင် အဆုံးသတ်သွား

www.burmeseclassic.com

www.burmeseclassic.com



မယ် ထင်တာပဲ၊ တစ်ချိန်က ငါတို့ကို ကြည့်မရဘဲ မုန်းတဲ့သူတစ်ဦး ရဲ့လက်ချက်ဆိုတာ သိသာထင်ရှားနေပြီ၊ ဘယ်သူလဲဆိုတာ ငါတို့ တွက်ဆလို့မရဘူး'

နှင်းနှင်းက ခေါင်းတစ်ချက်ညိတ်၍ ကော်ဖီအေးကို တစ်ငုံ သောက်လေ၏။ မြတ်မွန်က ခေါင်းတဆတ်ဆတ်နှင့် တွေးနေ၏။

'ငါတို့ကျောင်းတုန်းကလည်း ပွေခဲ့တာတွေက မနည်းမနော ပဲလေ'

'ဟား... ဟား'

နှစ်ယောက်သား သဘောကျစွာ ရယ်မောကြသည်။

'အစ်မတို့ ဟိုဒင်းလေ လူတစ်ယောက်က စာတစ်စောင်ပေးခိုင်း လို့ပါ'

နှင်းနှင်းက ဝိတ်တာထံမှ စာကို အလျင်စလို လှမ်းယူ၍ ဖတ်ရှုလေ၏။ စာအိတ်ပေါ်တွင် သဉ္ဇာ + နှင်းနှင်း + မြတ်မွန်ဟူ၍ ရေးထားသည်။

'ဘာလဲဟ နှင်းနှင်း'

မြတ်မွန်က ထိုင်ခုံကို ဆွဲ၍ နှင်းနှင်းဘေး ပူးထိုင်လိုက်သည်။

'တစ်ခုခုတော့ တစ်ခုခုပဲ'

'ထူးခြားမှု တစ်စုံတစ်ရာတော့ ရှိလိမ့်မယ်'

စာအိတ်ကို ထုတ်လိုက်ရာ ကွန်ပျူတာစာစီထားသော စာ (၂)စောင်ကို တွေ့ရသည်။ မြတ်မွန်တို့ စာအဆုံးရဲ့ လက်မှတ်နေရာကို ဖတ်ကြည့်လိုက်ရာ တွေ့ရသော နာမည်နှစ်လုံးက...

နေဖုံးဟိန်းနှင့် သူထက်အောင်တို့ ဖြစ်သည်။ ရေးထားသော စာက...

www.burmeseclassic.com

www.burmeseclassic.com



သို့

သဍ္ဍာ + မြတ်မွန် + နှင်းနှင်း

ကျွန်တော်တို့နှစ်ယောက်သည် ခင်ဗျားတို့ လျှို့ဝှက်ပစ္စည်းတွေကို ဖော်ထုတ်ခိုးယူရာတွင် ခြိမ်းခြောက်ခံရ၍ တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ဆောင်ရွက်ရသူများဖြစ်ပါသည်။

မေလ ၁ ရက်နေ့က ခြိမ်းခြောက်စေခိုင်းသူသည် ကျွန်တော်တို့နှစ်ယောက်အပါအဝင် တစ်ယောက်လည်း ပါဝင်သည်။

ထိုသူသည် မေလ ၁ ရက် စာအုပ်ငှားသူ စာရင်းထဲတွင် ပါရှိသူတစ်ဦး ဖြစ်၏။

တစ်ချိန်တည်းခိုးယူဖို့ ကြံစည်ထားသော်လည်း ဦးသူယူစတမ်း စီစဉ်ကြရာ အဲဒီသူမှာ လက်ဦးမှုရယူကာ ခင်ဗျားတို့ပစ္စည်းကို ယူဆောင်သွားပြီး ခြိမ်းခြောက်သူထံ သွားရောက်ပို့ဆောင်ခဲ့သည်။

ကျွန်တော်တို့နှစ်ယောက် အလာကောင်းသော်လည်းအခါနှောင်းခဲ့ရသည်။ ကိုယ့်လိပ်ပြာ ကိုယ်မလုံသဖြင့် ခုမှနှစ်ယောက်သား တိုင်ပင်ပြီး ဖွင့်ပြောရခြင်းဖြစ်သည်။

ခင်ဗျားတို့သုံးယောက် စုံစမ်းဖော်ထုတ်နေသည်ကို သိရှိထားသဖြင့် တရားခံအစစ်ကို ပြောပြ၍ ခြိမ်းခြောက်သူနောက်ကွယ်မှ ကြိုးကိုင်သူအား သိရှိပါလိမ့်မည်။

လျှို့ဝှက်ပစ္စည်းကို သော့တူဖြင့် ခိုးယူသွားသူမှာ ဘုံဘဝထဲမှာ ရှိတဲ့သူပဲ

စာကိုဖတ်ပြီးနောက် မြတ်မွန်နှင့် နှင်းနှင်း ဟန်မဆောင်နိုင်

www.burmeseclassic.com

www.burmeseclassic.com



တော့ဘဲ စိတ်ခေတ်ကျသွားကြသည်။ မထင်မှတ်တာတွေ ဖြစ်လာမည့် အနေအထားတွေမို့ စိတ်လှုပ်ရှားသွားကြ၏။

'ငါတို့ ဘာဆက်လုပ်ကြမလဲ'

မြတ်မွန်က ညှိုးနွမ်းသော မျက်နှာသေလေးနဲ့။ နှင်းနှင်းက သက်ပြင်းချ၍

'သူတို့နှစ်ယောက် ပြောပုံအရ တရားခံက ပေါ်နေပြီ မြတ်မွန်၊ နင့်ရဲ့ နံရိုးပိန်က မထင်မှတ်ဘဲ တရားခံအစစ် ဖြစ်နေပါလား'

'ဒီကိစ္စက ဒင်းကို တိုက်ရိုက်မေးမှရမယ်'

'သိပ်မလောပါနဲ့ဟာ၊ သဉ္ဇာနဲ့ တိုင်ပင်ရဦးမယ်၊ တရားခံအစစ်ဆိုရင် ငါတို့ပစ္စည်းတွေကို ပြန်တောင်းရမှာပဲ၊ မတတ်နိုင်ဘူး'

'နံရိုးမီးတောက်က ခိုးယူသွားတာတော့ မသေချာ မရေရာဘူး၊ သူ အဲဒီလောက် သတ္တိရှိပါ့မလား'

မြတ်မွန်က သူ့တွေးဆချက်ကို ရှင်းပြသည်။ နှစ်ယောက်စလုံး၏ ခေါင်းထဲတွင် ရှုပ်ထွေးနေတာတော့ အမှန်ပင်။

'ဟိုတစ်ခါ နင် မှတ်မိသေးလား၊ ဘိုးတော်တစ်ပါးလေ၊ ငါတို့ကို ဗေဒင်လိုလိုတွေ တွက်ပြီး စာပေးထားတာ၊ ခုလည်း စာပေးနေပြီဆိုတော့ ငါတို့ဟာ တစ်ယောက်ယောက်ရဲ့ ထက်ကြပ်မကွာစောင့်ကြည့်တာကို ခံနေရပြီ၊ ငါတို့ကသာ ခပ်ပေါ့ပေါ့တွေးထားပေမဲ့ ပြဿနာက အမိုက်ကာစ ပြာသာဒ်မီးလောင်လိမ့်မယ်၊ ဒီကိစ္စက တုံးတိုက်တိုက် ကျားကိုက်ကိုက် ဒုန်းဒိုင်းလုပ်ရမှာပဲ၊ ငါတို့အရင်က စိတ်လျှော့ခဲ့တာတွေ နာတယ်ဟာ'

နှင်းနှင်းက သံသယစိတ်တွေ လှောင်ပိတ်စွာဖြင့် စိတ်ထွက်

www.burmeseclassic.com

www.burmeseclassic.com



ပေါက်တစ်ခုကို ရှာချင်နေသည်။ တရားခံက သူတို့နှင့် အနီးဆုံးပဲ ရှိနိုင်သည်။

'သဉ္ဇာ့ကို အမြန်ဆုံး ပြန်လာဖို့ ခေါ်ရမယ်'

'ကျိန်းသေတာပေါ့၊ သူလာမှ ငါတို့သေချာပေါက် အသေးစိတ် တိုင်ပင်ပြီး ထပ်လှုပ်ရှားရမယ်၊ နံရိုးမီးတောက်ကို စေခိုင်းတဲ့သူ ဘယ်သူလဲ၊ ငါတို့ကို ဘာကြောင့် ဒီလောက်ပစ်မှတ်ထားနေရတာလဲ'

မြတ်မွန်က ဒေါသလည်း ထွက်နေ၏။

'မြတ်မွန် နင့်လူ့ကို ဘယ်လိုလုပ် စစ်မေးမလဲ'

'အေးဟ၊ ဒါကို ငါတွေးပူနေတာ၊ ဟိုနှစ်ကောင်က ဒင်းကို သက်သက်မဲ့ လွဲချတာရော မဖြစ်နိုင်ဘူးလား'

'မဖြစ်နိုင်ဘူးနော်၊ စာအုပ်ငှားသွားတဲ့ ဒုတိယမြောက်လူက ဒီနံရိုးမီးတောက်ပဲနော်၊ သူ ယူသွားရင် မြေအိုးမြီးရှည်နဲ့ အာလူးကင်က ဘာမှလုပ်လို့မရတော့ဘူး၊ ခြိမ်းခြောက်တဲ့သူကလည်း တစ်နေ့ရာစီ ခွဲနိုင်းပြီးမှ တစ်ရက်တည်းသွားဆုံအောင် ဖန်တီးလွှတ်လိုက်တာ၊ ဘရိန်းကတော့ တော်တော်ပြေးပါတယ်၊ လှပတဲ့ဓာတ်သိမ်းနဲ့ ဘယ်လို နိုင်စုံးချုပ်မလဲဆိုတာတော့ ဒင်း မကြာခင် သိရတော့မှာပါ'

'မြတ်မွန်… နင်နဲ့ငါ အတူတူရှိနေမှဖြစ်မယ်'

နှင်းနှင်းက မြတ်မွန်လက်ကလေးကို ဆုပ်ကိုင်လိုက်သည်။ သူငယ်ချင်းကောင်းတို့၏ ပြည့်စုံသော စိတ်ဓာတ်ကို ပြသခြင်းပင်။ အရေးကြီးရင် သွေးနီးရမည်မဟုတ်လား။ ဒီအချိန်တွင် မြတ်မွန် ခံစား ချက်ကို အနီးစပ်ဆုံး သိရှိသူ နှင်းနှင်းက ပိုနားလည်သည်။

'မြတ်မွန်ရာ… မပြောကောင်းမဆိုကောင်းဟာ၊ နင့်နံရိုးလေး သာ ပစ္စည်းခိုးတဲ့သူ ဖြစ်နေရင် နင် ဘာဆက်လုပ်မလဲ'

www.burmeseclassic.com

www.burmeseclassic.com



'သူ့အပေါ်မှာ ငါထားရှိမဲ့ စိတ်နဲ့ ခံစားချက်တွေ ပျောက်ကွယ်သွားမှာပေါ့၊ ဒါဆိုရင် ဇာတ်လမ်းကလည်း ပြီးသွားပြီရှလ၊ နာကျည်းတာတို့ ရွံ့မုန်းတာတို့ ရှိနေရင် သံသရာက ပြီးမှာမဟုတ်တော့ဘူး'

'သိပ်ကို မြင့်မြတ်တဲ့ ငါ့သူငယ်ချင်းလေး၊ ဟောဒီက ငါနှင်းနှင်းလည်း ကတိပေးပါတယ်၊ နင့်ရဲ့ခံစားချက်နဲ့ထပ်တူ ငါနေပေးပါ့မယ်၊ ကုန်ကုန်ပြောရရင် နင့်မှာ ချစ်သူမရှိတော့ရင် ငါ့မှာလည်း ချစ်သူထားမှာ မဟုတ်တော့ဘူး၊ ဒါ ငါ့ရဲ့သံမဏိစိတ်ဓာတ်ပဲ၊ လှည့်ကြည့်စရာ မလိုဘူး'

☞

မြတ်မွန်စိတ်တွေ မတင်မကျနဲ့ ယောက်ယက်ခတ်နေတာတော့ အမှန်ပင်။ သူတို့အားလုံးအတွက် အရှက်ကို ကွဲစေဖို့ သယ်ဆောင်ပေးသူက မထင်မှတ်သော နံရိုးမီးတောက်။ ခြိမ်းခြောက်သူတစ်ဦးနှင့် တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပူးပေါင်းဆောင်ရွက်သွားတာ သေချာပိရိလှသည်။

'လူကြည့်တော့ မခုတ်တတ်တဲ့ကြောင်၊ မကိုက်တတ်တဲ့ခွေး၊ အစွယ်မရှိတဲ့ မြွေလို နေပြီးတော့ ခုမှကျောချမှ ဓားပြမှန်းသိရတော့တယ်၊ သူ့အတွက် အကျိုးအမြတ်တစ်ခုခုရှိလို့ ဒါ ကျုံးလုပ်တာပဲ နေရမယ်'

မြတ်မွန် တွေးရင်းနှင့် ကင်ဝင်းထဲ ရောက်မှန်းမသိ ရောက်လာသည်။

'အောင်မလေးဗျ'

ဘေးမှအော်သံကြောင့် မြတ်မွန် အတွေးစတို့ ပြတ်တောက်

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ဗိုင်းတွင် ထိုင်နေသူတစ်ဦးက သူ့ခြေထောက်ကို တက်နင်းထားသဖြင့် ထအော်ခြင်းဖြစ်သည်။ မြတ်မွန်ရဲ့ ဖိနပ်ထူထူ နောက်ခုံက သူ့ရဲ့ခြေဖျားထိပ်ကလေးတွေကို ဖိမိရရတက်နင်းမိထားသောကြောင့်။

'အောင်မလေး အစ်မရယ်၊ ဘယ်သူများလဲလို့'

မြတ်မွန် တက်နင်းမိသူသည် တိုက်တိုက်ဆိုင်ဆိုင် နံရိုးမီးတောက်ဖြစ်နေသည်။ မြတ်မွန် အားနာရခက် သံသယဖြစ်ရခက်ဖြစ်သွားသည်။

'ရှင့်ကို ကျွန်မရှာနေတာ'

'ဘာ… ဘာဖြစ်လို့လဲ'

'ရှင်… ကျွန်မကို တစ်ခုခုဖုံးကွယ်ထားပုံပဲ'

'ဗျာ'

နံရိုးမီးတောက် မျက်နှာကလေး သိမ်ငယ်သွားသည်။

'ရှင် ကိုယ့်ကိုယ်ကိုယ် မညာစမ်းပါနဲ့၊ ရှင် ကျွန်မကို ပွင့်ပွင့်လင်းလင်း ပြောစမ်းပါ'

'မဟုတ်ပါဘူး၊ ဘာမှမရှိပါဘူး'

နံရိုးမီးတောက်က တုန်တုန်ရီရီ ငြင်းနေ၏။

'ဟား… ဟား… ဟား… ရှင်ကလေ တော်တော်ရယ်ရတဲ့လူ၊ ဘာဖြစ်လဲ၊ ပြောစရာရှိတာတွေ အေးဇအေးဆေးဆေးသာ ပြော ရှင့်ကို ကျွန်မ အပြစ်မတင်ပါဘူး၊ ပြဿနာမရှာပါဘူး'

မြတ်မွန်က လက်ပိုက်၍ ရယ်နေသည်။ ကွန်ဖူးကားထဲက တရုတ်မလေးလို။

'ဒီလိုပါ ကျွန်တော် အစအဆုံး ရှင်းပြပါရစေ'

'လိုရင်းကိုသာ ပြောရင် ရပါပြီ'

www.burmeseclassic.com

www.burmeseclassic.com



'ဇာတ်လမ်းက အစအဆုံးဆိုတော့ ပိုပြည့်စုံမယ်ထင်လို့ပါ'

'ဒါဆိုရင် ပြောရှင်၊ မြန်မြန်လေး'

မြတ်မွန် ရင်ထဲ တော်တော်စောင့်မျှော်နေရှာသည်။ သူတို့သုံးယောက်ကို ခြိမ်းခြောက်ပြီး ဒုက္ခပေးမယ့်သူကမည်သူနည်း။

'မဟုတ်ဘူး၊ ကျွန်တော်က အကြောင်းအရာလေးတစ်ခုလိုရှင်းပြပါရစေ'

'ကဲ... ကိုအဌာ... ပြောစရာရှိလဲ မြန်မြန်ပြော'

'ဒီလိုပါ၊ အခု ကျွန်တော်နေတဲ့ အဆောင်က သိပ်မကြာခင်ပြောင်းရတော့မယ်'

'ဘာဖြစ်လို့၊ ပြိုကျတော့မှာလား'

'အဆောင်ပိုင်ရှင်က ကျွန်တော်တို့ ငှားနေတာ ၆ လစာမပေးရသေးလို့ နောက်ပြီး ထမင်းဆိုင်မှာလည်း အကြွေးတွေရှိသေးတယ်၊ အဲဒါ ကျွန်တော်လည်း မထူးတော့ဘူးဆိုပြီး မြိုးမြိုးမြက်မြက်တလေးရမဲ့ အလုပ်တစ်ခုကို ရွေးလုပ်လိုက်မိတယ်'

စကားထဲမှာ တဖြည်းဖြည်း ရုပ်လုံးပေါ်လာသည်။ ရိုးသားစွာဝန်ခံခြင်းသည် တစ်ဖက်သူအတွက် ရှင်သန်ခြင်းလည်း ဖြစ်နိုင်၏။

'ရှင် ဘာအလုပ်တွေ သွားရွေးမိလို့လဲ'

'မပြောချင်ပါဘူးဗျာ၊ မကောင်းမှုလောဘတွေကြောင့်ပေါ့၊ အခု ကိုယ်သာပြန်ထိနေတာ၊ မခံစားနိုင်ဘူး'

နံရိုးမီးတောက်က နောင်တရနေသည့် မျက်နှာပေးနှင့်။

'ဝေ့လည်ကြောင်ပတ်သိပ်မလုပ်ပါနဲ့၊ လိုရင်းကိုသာ ပြောပါ'

'ကျွန်တော် လူတစ်ယောက်နဲ့တွေ့တယ်၊ မင်းအလုပ်တစ်ခုရမယ်တဲ့၊ ကျွန်တော် ဝမ်းသာသွားတယ်၊ ဘာအလုပ်လဲမေးတော့

www.burmeseclassic.com

www.burmeseclassic.com



သူများပစ္စည်းအချို့ကို စောင့်ရှောက်ပေးရမယ်တဲ့၊ ကျွန်တော်လည်း ကျေကျေနပ်နပ်အလုပ်လက်ခံလိုက်တယ်၊ သူ့ကို ပွဲစားခတစ်သောင်း ပေးရမယ်တဲ့၊ ကျွန်တော်လည်း အလုပ်ရချင်ဇောနဲ့ သွားပေးမိတာ၊ အောင်မလေး မပြောချင်တော့ဘူး'

'ဘာ… ဘာတွေဖြစ်လို့လဲ'

'ဘာအလုပ်မှ မရဘဲ ငွေတစ်သောင်း အလိမ်ခံလိုက်ရတယ်'

'ဟာ'

မြတ်မွန် စိတ်လေသွား၏။ သူလိုချင်သော အကြောင်းအရာနှင့် တလွဲတချော်ဖြစ်သွားသည်။ မတတ်သာဘဲ ဆက်မေးရသည်။

'ဒီတော့ ဘာတွေဆက်ဖြစ်ကြသလဲ'

'ငွေတစ်သောင်းဆုံးတာ မခံစားနိုင်လို့ပါ၊ အဲဒါ မြတ်မွန်ကို ကျွန်တော် ရှင်းပြတာပါ'

နံ့ရှိုးမီးတောက်က ငိုသံပါပါလေးဖြစ်နေသည်။ မြတ်မွန်ကပဲ ငွေတစ်သောင်း စိုက်ထုတ်ပေးရမလိုလို။

'ရှင် အသုံးလိုရင်လည်း ကျွန်မဆီက ယူထားလေ၊ ရှင် ကျွန်မကို နောက်ထပ် ဖုံးကွယ်ထားတာတွေ ရှိသေးလား'

နံ့ရှိုးမီးတောက်က အူတူတူနဲ့ ခေါင်းစဉ်းစားသည်။

'မရှိတော့ပါဘူး'

'တကယ်မရှိတော့ဘူးပေါ့၊ နောက်မှ တစ်ခုခုရှိရင် ရှင် မလွယ်ဘူးမှတ်၊ ကျွန်မက စိတ်ဆိုးပြီဆို တော်ရုံတန်ရုံခွင့်မလွှတ်ဘူး'

နံ့ရှိုးမီးတောက် ဇက်ကလေး ပုနေသည်။ မြတ်မွန် စဉ်းစား ကြည့်သည်။

'ဟိုနှစ်ကောင်ပြောသလို ဖြစ်နိုင်ပါ့မလား၊ ဒီနံ့ရှိုးလေးက

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဖူးမလည်းနဲ့ သူများပစ္စည်းကို မသိဘဲ ယူဝံ့ပါ့မလား၊ ဟိုနှစ်ကောင်က လွဲချတာရော မဖြစ်နိုင်ဘူးလား၊ နောက်ကွယ်က လူက ဘယ်သူလဲ'

'မမြတ်မွန် ဘာတွေစဉ်းစားနေတာလဲ'

'ပလုတ်တုတ်'

မြတ်မွန်က ယောင်၍အအော် ရေခွေးထည့်ထားသော ပန်းကန်လုံးကို တိုက်မိ၍ နံရိုးလေးပေါ်သို့ သွန်လောင်းသလို ဖြစ်သွားသည်။

'အောင်မလေးဗျ၊ ပူလိုက်တာ'

ရေနွေးအပူက ဒူးခေါင်းကို လောင်းမိသွားတော့ အော်ရလေသည်။ တစ်ခုမဟုတ် တစ်ခုကတော့ စေတန်တွေက ကယောက်ကယက်လုပ်သည်။ မြတ်မွန်က နံရိုးမီးတောက်အတွက် စေတန်တွေကို လပေးနဲ့ ဌားပြီး ဖိုက်တာလုပ်ခိုင်းနေသလား မသိ။

'မမြတ်မွန် ဘာတွေစဉ်းစားနေလဲ မသိဘူး၊ ကျွန်တော့်ကို တစ်သောင်း ချေးရင်လည်း မြန်မြန်ချေး၊ အတန်းချိန်နီးနေပြီ'

မြတ်မွန်လည်း ကိုယ့်စကားနဲ့ကိုယ်မို့ တစ်သောင်းထုတ်ချေးလိုက်ရသည်။

'ဘယ်တော့ ပြန်ပေးမှာလဲ'

'အဆင်ပြေတဲ့နေ့ပေါ့'

'အဆင်ပြေတဲ့နေ့တွေ များပါစေ၊ အဖူးသဖြင့် ငွေရေးကြေးရေးပေါ့'

မြတ်မွန်က ခပ်တည်တည်ဆုတောင်းတော့ နံရိုးမီးတောက်က ပြုံးဖြီးဖြီးလုပ်နေသည်။ မြတ်မွန်ပေးတဲ့ ငွေတစ်သောင်းကို လွယ်အိတ်ထဲက စာအုပ်ကြား ညှပ်ရန် ပြင်ဖို့ စာအုပ်ကို ထုတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



လွယ်အိတ်ထဲမှ ဖုတ်ဆို သော့တွဲကြီးတစ်တွဲ ထွက်ကျလာ၏။ မြတ်မွန်က အလျင်အမြန် သော့တွဲကို ကောက်လိုက်သည်။ သော့တွေက အရွယ်အစားအမျိုးမျိုးနှင့် မာစတာကီး ကျနေသည်။

'ဟာ… ဘယ်ကသော့ကြီးလဲ'

'ရှင့်သော့တွေပဲ နေမှာပေါ့'

'ဟာ… မဟုတ်ဘူး၊ ကျွန်တော့်မှာ အဲဒီသော့တွဲကြီးလောက် ကိုင်စရာ ခတ်စရာသော့တွေလည်း မရှိပါဘူး၊ ဘယ်သူနောက်သွားလဲ မသိဘူး'

'ဟုတ်ပါတယ်၊ ရှင့်ကို တစ်ယောက်ယောက် ပြောင်သွားတာ နေမယ်၊ ပေး… ဒီသော့တွဲကြီးကို ကျွန်မ အပေါင်အဖြစ် ယူထားမယ်'

မြတ်မွန်က သော့တွဲကြီးကို ဖိုးဇော်ဆို သူ့ကျောပိုးအိတ်ထဲ ကောက်ထည့်လိုက်သည်။ တစ်ခုခု ထပ်ထူးခြားပြန်ပြီ။

မြတ်မွန်လည်း နံရိုးမီးတောက်နှင့် လမ်းခွဲပြီး နှင်းနှင်းရှိရာသို့ ဒရောသောပါး ပြေးလွှားသွားလေသည်။ နှင်းနှင်းကို ရှာမတွေ့သဖြင့် တစ်ကျောင်းလုံး မွှေနှောက်၍ ရှာလေ၏။

○

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၂)

နှင်းနှင်းက လက်တွန်းလှည်းဖြင့်ရောင်းသော ရေခဲမုန့်ဆိုင်တွင် ရေခဲမုန့်တစ်ခုကို စိမ်ပြေနပြေ စားနေသည်။ ဘေးတွင် လူငယ်သုံးယောက်က နှင်းနှင်းရဲ့ အလှအပကို အနုလုံပဋိလုံ အကဲခတ်နေသည်။ နှင်းနှင်းကတော့ ရေခဲမုန့်ကို လျှာဖြင့်လျက်လျက် မွှေးစင်းစင်း (ဘယ်သူမှ ဂရုမစိုက်သလို) စားနေ၏။

'နှင်းနှင်း သော့ရပြီဟေ့'

အသံစူးစူးကြောင့် နှင်းနှင်း ရေခဲမုန့်ကို တစ်ဝက်တစ်ပျက်စားနေရင်းက ရပ်လိုက်ရသည်။ ဘေးမှကောင်လေးတွေက ဘာလဲသဘောမျိုးဖြင့် အကဲခတ်နေကြ၏။

'ဟဲ့… နင်ကလည်း မသိရင် ငါက ဝက်ရူးပြန်တဲ့သူလိုလို'

နှင်းနှင်းက ပေပွနေသော ရေခဲမုန့်တွေကို ရေခဲမုန့်ကတော့ဖြင့် နှုတ်ခမ်းတစ်လျှောက် သပ်ချနေသည်။

'ဟဲ့… နှင်းနှင်း နင့်မှာ ငါတို့လျှို့ဝှက်ပစ္စည်းတွေကိုခံတဲ့သော့ ပါလား'

www.burmeseclassic.com

www.burmeseclassic.com



သားမှကောင်လေးတွေက ပြုံးစိစိနှင့် ကြည့်နေကြသည်။ နှင်းနှင်းက မြတ်မွန်လက်ကို ဆွဲ၍ ခြေလှမ်းကျဲကျဲနှင့် ထွက်သွားရသည်။

'ဟဲ့… ကောင်မ နင့်စကားတွေက အဆီအငေါ် မတည့်နဲ့၊ ပြောစမ်းပါဦး၊ ဘာတွေဖြစ်နေလို့လဲ'

'နင့်မှာ ငါတို့အတူတူ ယူတဲ့သော့ပါသလား'

'ပါသားပဲ၊ ဘာဖြစ်လို့လဲ'

'ဘာဖြစ်ရမှာလဲ၊ သော့အချင်းချင်း တိုက်ဆိုင်စစ်ဆေးကြည့်ချင်လို့'

နှင်းနှင်းက သူ့အိတ်ထဲမှ သော့တွဲကို ထုတ်လိုက်သည်။ မြတ်မွန်ကလည်း သူ့အိတ်ထဲက သော့တွဲနှစ်ခုကို ထုတ်လိုက်၏။

'ဒီသော့ကို သေချာကြည့်စမ်းပါဟာ'

မြတ်မွန်က သော့တွဲနှစ်ခုထဲမှ သော့နှစ်ချောင်းအား ပူး၍ပြလေသည်။ သော့နှစ်ချောင်းက ပုံစံချင်းအတူတူ။ နှင်းနှင်းကလည်း သူ့သော့ဖြင့် တိုင်းထွာကြည့်ရာ တစ်ပုံစံတည်းပင်။

'ဒါ… ဒါက ဘယ်သူ့သော့လဲ'

'နံရိုးမီးတောက်အိတ်ထဲက ရလာတာ၊ ဒင်းသော့တုနဲ့ ငါတို့ပစ္စည်းတွေကို မသွားတာ သေချာနေပြီ'

'ဖြစ်နိုင်ပါ့မလားဟာ'

'သိပ်သေချာတာပေါ့ သူငယ်ချင်းရာ၊ ဒင်းကို သက်သေနဲ့တကွ သေသေချာချာ လက်ပူးလက်ကြပ်မိတာပဲ၊ ငါတို့ရှာနေတဲ့စာအရတော့ ဒင်းဟာ တရားခံအစစ်မှန်း သိပ်ထင်ရှားနေပြီ၊ ပွင့်ပွင့်လင်းလင်း မေးဖို့အတွက် နင့်ဆီက အကူအညီယူရလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'သဉ္ဇာပြန်လာတဲ့အချိန်ကို စောင့်ရမယ်'

'သဉ္ဇာကို အမြန်ပြန်လာဖို့ ဖုန်းဆက်ရမယ်'

မြတ်မွန်က အလောတကြီးနိုင်နေသည်။

'အေး… ဒါလည်းဟုတ်တာပဲ၊ သုံးယောက်တိုင်ပင်ပြီး လုပ်တာ ကောင်းမယ်၊ နင့်နံရိုးကလည်း မထင်ရဘူးနော်၊ အေးအေးထုံထုံနဲ့ တော်တော်ထောင့်စေ့တာပဲ'

'ထောင့်စေ့လည်း တစ်နေရာ ယိုနေတာကို ရှာရမှာပဲ၊ ဒင်းဟာ တရားခံအစစ် ကျိန်းသေဖြစ်သွားဖို့ အလားအလာရှိတယ်'

နှစ်ယောက်စလုံးကတော့ တွေးလည်းပူသလို သွေးလည်းဆူနေကြသည်။ ဘယ်သူပင်ဖြစ်စေကာမူ သူတို့သတင်းတွေကို အသိပေးပြီး အရှက်ခွဲဖို့ ကြံရွယ်လျှင် အဓိကရန်သူပင်။

'ငါတို့ သွေးအေးအေးနဲ့စဉ်းစားရမယ် သူငယ်ချင်း'

'အချိန်လည်း သိပ်မဆွဲသင့်ဘူး၊ တော်ကြာ ခုတ်ရာတခြား ရှရာတလွဲ ထိမိတာ တစ်နေရာ ပို့လိုက်မိတဲ့ဆေးခန်းက သွားဆေးခန်းဆိုသလို ဖြစ်နေဦးမယ်'

မြတ်မွန်က ဥပမာပေးသည်။

'သဉ္ဇာ ပြန်မလာခင် ငါတို့အရှက်မကွဲဖို့ အရေးကြီးတယ်၊ ဟိုနှစ်ကောင်ကိုလည်း လိုက်ရှာရမယ်'

'ထင်သလောက် မလွယ်ဘူးနော်၊ ငါတို့က ဒင်းတို့ကို တစ်ခါပဲ မှတ်မိရုံလောက် တွေ့ဖူးတာ'

'ကျောင်းသားရေးရာမှာ သွားစုံစမ်းမယ်ကွာ'

နှင်းနှင်းက လောနေသည်။

'သူငယ်ချင်း အရှည် အရှည်တွေ ဖြစ်ကုန်မယ်၊ ငါတို့

www.burmeseclassic.com

www.burmeseclassic.com



အခု လုပ်ရမှာက သဥ္စာကို စောင့်ရမယ်၊ ပြီးတော့ အစီအစဉ်သစ်တွေနဲ့ တရားခံကို ရှာရမယ်'

'ငါတို့လည်း အခုမှ စီအိုင်ဒီလုံးလုံးဖြစ်နေပြီ'

မြတ်မွန်က ပခုံးလေးတွန့်ပြလိုက်သည်။ နှင်းနှင်းက ပြုံးစိစိဖြင့်...

'မြတ်မွန် နင့်ကို ငါ အတည်ပြောမယ်ဟာ၊ တကယ်လို့သာ နံရိုးမီးတောက်က ငါတို့ နင်တို့တွက်သလို တရားခံအစစ်ဖြစ်သွားရင် ဘယ်လိုလုပ်မလဲ'

မြတ်မွန်က ခေတ္တတွေဝေသွားသည်။

'မပြောတတ်ပါဘူး'

'ပြောတတ်သလို ပြောကြည့်ဟာ'

'ဝမ်းသာစရာလေး ကြုံလာရင် ဝမ်းနည်းစရာတွေ ကပ်ပါလာတတ်လို့ ဘဝမှာ ဘယ်တစ်ဖက်ပျော်ရွှင်ခြင်း ညာတစ်ဖက် ဝမ်းနည်းခြင်းတွေ သယ်ဆောင်နေရတာ မထူးဆန်းပါဘူးဟာ'

နှင်းနှင်းလည်း ငြိမ်သွားသည်။ နှစ်ယောက်သား နှင်းငွေမြူငွေ့တွေ မှိုင်းဝေအုံ့ဆိုင်းနေသော အဝေးကို မျှော်ကြည့်ရသလို တစ်စုံတစ်ခုများပေါ်လာနိုးနိုးဖြင့် မျှော်လင့်ချက်တွေ ရှိနေသလို။

နှစ်ယောက်စလုံး ခပ်သိမ်းသော ငြိမ်းချမ်းမှု တစိုးတစိတော့ လိုချင်သေး။

☞

ဆလပ်ဆော့စ်တစ်ယောက် ကင်တင်းမှာ တစ်ယောက်တည်း ထိုင်လျက် စကားဝါကို စောင့်မျှော်နေသည်။ သူ့ဘဝမှာ မိန်းကလေး တော်တော်များများနှင့် စကားပြောဖူး၏။ သို့သော် စကားဝါလို မိန်း

www.burmeseclassic.com

www.burmeseclassic.com



ကလေးမျိုးနှင့် စကားမပြောဖူး။ စကားဝါဆိုသမျှ စကားတွေကို ပန်းလေးတွေ ငုံအာပွင့်သလို ခံစားရ၏။ အခုလည်း စောစီးစွာ စကားဝါအား ပျော်ရွှင်ခြင်းအချို့ ဝေငှချင်၍ စောင့်မျှော်နေခြင်းဖြစ်သည်။

ဆလပ်ဆော့စ် အခွေထုတ်ဖို့ ပရိဂျူဆာတစ်ယောက် တွေ့ထားခြင်းသည် ရေနံကြောတွေ့သော အိမ်သာကျင်းတူးသမားလို ဆန်ပြုတ်အစား ဟမ်ဘာဂါစားရသော အာဖရိကန်ကလေးတွေလို ဖြစ်နေသည်။ ဒါကို စကားဝါအား ပြောပြချင်၍ အသည်းတယားယား အူတမြူးမြူး ရင်တခုန်ခုန်ဖြင့် မျှော်လင့်စောင့်စားနေလေ၏။

'အရင်နေ့ကဆို စကားဝါ စောပါတယ်၊ ဘာများဖြစ်လို့လဲ၊ နေမကောင်းလို့လား၊ ဒါမှမဟုတ် နယ်ကအမျိုးတွေ ရောက်နေလို့လား၊ ကားများ ပျက်နေသလား၊ မီးပွိုင့်များ မိနေသလား၊ ခက်တာပဲ၊ ဒီမှာ ပြောချင်တာ အာယားနေပြီ'

ထိုစဉ် အနီရောင်စပို့ရှပ်လေးများ ဝတ်ဆင်ထားသော ကောင်လေးနှစ်ယောက် ဆလပ်ဆော့စ်ရဲ့ နောက်ပိုင်းတွင် ဝင်ထိုင်နေသည်။

'တောက်'

အသံပြင်းပြင်းတစ်ချက်ကြောင့် ဆလပ်ဆော့စ် ရင်ခုန်ရာမှ ရင်တုန်သွားသည်။

'သစ်စမရှိတဲ့ မိန်းမ'

'သစ္စာမရှိ လုပ်စမ်းပါကွာ'

'မင်းကလည်း အရေးထဲ ဒီမှာ ငါရင်တွေ ဥမ္မာကြောင့် တော်တော်ပူနေပြီ၊ လင်ဗန်းလောက်မှ ခေါက်မနက် အကြံပက်အေးတဲ့ မိန်းမ'

'ပြောမနေပါနဲ့ကွာ၊ ငါလည်း အတူတူပဲ၊ မင်းဟိုတော့ ဥမ္မာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး နာမည်နဲ့ လှည့်စားသွားတယ်၊ ငါ့ကျတော့ အဖူးတဲ့၊ ငါ့မှာတော့ ချစ်စရာကောင်းတဲ့ အဖူးလေးဆိုပြီး ဘဝတစ်ခုလုံး ပေးထားတာ၊ အခုတော့ ငါ့ဘဝရဲ့ သုံးပုံတစ်ပုံကို ဒင်းက မွမွလေးနဲ့ ဖြည်းဖြည်းချင်း ချေမွပစ်လိုက်ပြီ'

အသည်းကွဲတဲ့ ကောင်လေးတွေ နိမိတ်မရှိ နမာမရှိ ရင်ဖွင့်နေကြပြီ။ အနီရောင်တောက်တောက်တွေ ဝတ်ဆင်ထားမှတော့ အသည်းကွဲနေပြီပေါ့။

'အခု သူက ကောင်တစ်ကောင်နဲ့ တွဲနေတယ်'

'နာမည်တစ်မျိုး ပြောင်းသုံးပြီးတော့ပေါ့'

'သိပ်သေချာတာပေါ့ကွာ၊ ဟင်း… ဟင်း… မတွေ့သေးလို့ပေါ့ကွာ၊ တွေ့ရင် ငါ ဘာကောင်လဲဆိုတာ ကောင်းကောင်းပြလိုက်မယ်'

နှစ်ယောက်သား အချီအချ အချေအတင် ပြောနေကြသည်။

'ဒီကောင်မရဲ့ အသံတွေကို ဖျက်ပစ်မယ်'

ဆလပ်ဆော့စ် မသိမသာ ရှိုးတော့ ကောင်လေးတစ်ယောက်က သူ့ရဲ့ MP4 လေးကို ထုတ်လိုက်သည်။

'တစ်ခါလောက် နားထောင်ပြီးမှ ဖျက်ကွာ'

'အရင်တုန်းကတော့ ကရဝိတ်တွန်ကျူးသံပေါ့၊ အခုတော့ လဒသေ ယင်ဝိတဲ့အသံပေါ့ကွာ'

ကောင်လေးက သူ့ MP4 လေးကို ဖွင့်လိုက်သည်။

'ကျွန်မ နာမည် မှတ်ထား၊ သေချာမှတ်နော်၊ ပရမတ် သမ္မုတိ ဥဒ္ဒါန်၊ မပြတ်ချုပ်ပြန်သဖြင့် ဇာတ်ရပ်နာမ်တို့သာ စိတ်ကစေ့ဆော်တော့ အနိစ္စ သဘောမှုချမလွတ်ပါ၍ ဥမ္မာဒန္တီချော်စွ တပင်မကားဝါ အဖူးရယ်ကြောင့်၊ ဘုံကြာမှန်စီမနော မယ ပလ္လင်ရတနာ ရှင်မှာလ တောင်

www.burmeseclassic.com



ဘူရှေ့သွားနှစ်ကောင် မဝသလိုနဲ့၊ မောင်ဘဖေ ငါးထောင်ရတာကြောင့် ဓမ္မဒီပါတောင်ကျွန်း ဩဘာနိမိတ်ထွန်းပြီမို့ ရွှေပဒုံကြာအချပ်ကိုလ ဆေအဟုန်လာ၍ခတ်စဉ်က မျှော်လင့်တုန်း ကြော့ဆုံးလာမည်တဲ့၊ ဟဲ. . . ဘယ်လိုလဲ၊ ရှင်တော်တော်လေး ရူပ်ထွေးသွားပြီလား၊ အဲဒီ စာသားတွေထဲမှာ ကျွန်မနာမည် ပါတယ်၊ ခေါင်းအေးအေးလေးထား စဉ်းစားလိုက်ဦး'

ဆလပ်ဆော့စ် အပျော်တွေ ပျော်ကျသွားပြီ။ လောကကြီး ဘာတွေဖြစ်နေပြီလဲ။ ရင်ထဲမှာ ဂါထာလို မငြိမ်းချမ်းတော့ပါလား။ ဆူပွက်နေသော မီးတောင်ဝလို မီးခြစ်ဖူးနဲ့ အခြစ်ခံရသော မီးခြစ်ဆံလို ပြည်တည်စပြုသော အနာပေါ်သံချေးတက်အပ်တုံးနဲ့ ဆွခံရသလို သေးမပေါက်ရဲတဲ့ညမှာ တစ္ဆေက ကိုယ်တိုင်လာရောက် အိပ်သာပို့ခြင်း ခံရသလို အမျိုးအမည်မသိသော ခံစားမှုတွေ စုပြုံသက်ရောက်စေ တော့သည်။

'တောက်'

'ဘာ. . . ဘာဖြစ်တာလဲ အစ်ကို'

ကောင်လေးနှစ်ယောက်က ပြူးတူးပြဲတဲဖြင့် နောက်လှည့် ကြည့်ကြသည်။

'ဘာမှမဟုတ်ပါဘူး၊ ယင်ကောင်လေ ကော်ဖီခွက်ထဲ ဒိုင်ဗင် ထိုးပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေရတယ်လို့'

'သူလည်း ခံစားချက်ရှိလို့ နေမှာပေါ့'

ကောင်လေးတစ်ယောက်က သူ့အတွေးနဲ့သူ မချိတင်ကဲ ပြော သည်။ ဆို့နင့်ကြေကွဲနေသော အသံဖြင့်. . .

'မဟုတ်မှလွဲရော ဒီကောင်လည်း ငါတို့လို အသည်းကွဲသွား တာဖြစ်မယ်'

www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးတစ်ယောက်က ယင်ကောင်ကို ရည်ရွယ်၍ ဆိုသော်လည်း မဆီမဆိုင် ဗိုသလေးနဲ့ ဘေးပစ် ဆလပ်ခေါ့စ်က နင့်နေအောင် ခံရလေ၏။

'စကားဝါ··· စကားဝါ မင်းဟာ တကယ်တော့ မျက်နှာများတဲ့ မိန်းမပဲ၊ ယောကျ်ားတကာအသည်းကို နှောက်မွှေကာ ကစားအောက်ခြေက သနားစရာတောင် မကောင်းတဲ့မိန်းမ၊ ငါကတော့ အလှနတ်သမီးလို့ ထင်ခဲ့တာ၊ မင်းက ငါ့အတွက် အစိမ်းစားဘီလူးမပဲ၊ မင်းအသဲလေးကို သာယာနာပျော်ဖွယ် ကောင်းပြီထင်ခဲ့တာ၊ မင်းဟာ ငှက်ဆိုးနဲ့ မျောက်မင်းအူသံစပ်ကျထားတဲ့ အသဲပဲ၊ တွေ့ပြီလေ၊ မင်းငါ့ကို ဘယ်လောက်လှည့်စားနိုင်မလဲ၊ ငါ ဘာမှန်းသိအောင် ပြရတော့မှာပေါ့'

ဆလပ်ခေါ့စ်ခေါ် ပိုင်စိုး ရင်ထဲမှာ ဒုန်းစိုင်းကြုံးဝါးနေသည်။ သူ သတိရလို့ ထကြည့်တော့ ကောင်လေးနှစ်ယောက် မရှိတော့။ ဒါနဲ့ စကားဝါအား ရှာဖွေရန် ကျောင်းထဲသို့ သွားရတော့မည်။ လက်ဖက်ရည်ဘိုးရှင်းပြီး ရန်သူစခန်းရှာဖွေမည့် ကွန်မန်ဒိုလို ခြေလှမ်းပြင်ရချေပြီ။

လမ်းတွင်တွေ့ရတာတွေကလည်း အချိုးမပြေ။ ကောင်လေးတစ်ယောက်က အင်္ကျီအနီရောင်လေး ဝတ်ပြီး သစ်ပင်ကို မှီလျက် MP4 လေးကို နားကြပ်နဲ့ နားထောင်ပြီး တစ်လောကလုံးကို မေ့လျော့၍ တိတ်တဆိတ် ငိုယိုနေပုံ။ မျက်လုံးတွေက အစ်ထနေရဲ့။

၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

သဉ္ဇာတစ်ယောက် မန္တလေးမှ ပြန်ရောက်လာသည်။ ရောက်ရောက်ချင်း သူငယ်ချင်းတွေဆီ ဖုန်းဆက်ရာ အခြေအနေမကောင်းကြောင်း မြတ်မွန်နှင့် နှင်းနှင်းက ပြောသဖြင့် သုံးယောက် အားချင်းဆုံဖြစ်ကြသည်။ ဘာမှမသိသေးသော သဉ္ဇာက အကျိုးအကြောင်းကို အသည်းအသန် မေးသည်။ နှင်းနှင်းတို့က အာလူးကင်နှင့် မြေအိုးမီးရှည်တို့ ပေးထားသော စာကို ထုတ်ပြသည်။ သဉ္ဇာက မျက်မှောင်ကြုတ်၍ စာကိုဖတ်သည်။

'တောက်… မိုက်ရိုင်းလိုက်တာကွာ၊ ဒီကိစ္စရဲ့ တရားခံအစစ်မှန်း သိနေလျက်နဲ့ မြတ်မွန်၊ နင်က နံရိုးမီးတောက်ကို ပွင့်ပွင့်လင်းလင်း သွားမမေးဘူးလား'

'ဟ… ငါက နင်ပြန်အလာကို စောင့်နေတာ၊ ငါတို့နှစ်ယောက်တည်း ချွန်လုပ်လို့ မကောင်းဘူး၊ ပိုရှုပ်သွားမှာ စိုးလို့'

အလောတကြီးဖြစ်နေသော သဉ္ဇာအား မြတ်မွန်မှ အကျိုးသင့်အကြောင်းသင့် ရှင်းပြသည်။ နှင်းနှင်းက သက်ပြင်းချ၍…

'ဟုတ်တယ် သဉ္ဇာ၊ ငါတို့က ဆိုးတူကောင်းဖက်တွေပဲ၊ နင် မသိဘဲ ငါတို့သဘောနဲ့ ငါတို့ မဆုံးဖြတ်ချင်ဘူး'

www.burmeseclassic.com

www.burmeseclassic.com



'ခေတရီးဟာ၊ ငါ လောသွားတယ်'

သဉ္ဇာက လက်ကာပြ၍ တောင်းပန်သည်။

'ငါတို့ ဘာဆက်လုပ်မလဲ၊ နောက်ကွယ်က သူကလည်း ဟာကွက်ကို တိုက်ရိုက်စောင့်နေမှာနော်'

'စိတ်ကို ထိန်းထားဦး၊ လောလောဆယ် ငါတို့လုပ်ရမှာ တစ်ခုပဲရှိတယ်၊ နံရိုးမီးတောက်ကို သေသေချာချာ ထပ်ကင်ရမယ်'

မြတ်မွန်မှာ မျက်နှာတစ်ချက်ပျက်သွားသည်။ သူ သံယောဇဉ်ရှိသော လူတစ်ယောက်အား ရုတ်ခြည်းဆိုသလို ဥပေက္ခာပြုရတော့မည်။

'ငါတို့ တစ်စုံတစ်ခုတော့ ဆုံးဖြတ်ရလိမ့်မယ်'

သဉ္ဇာ အေးအေးဆေးဆေး တွေး၍ဆိုသည်။

'ငါတို့ တစ်ချိန်က ပြုမိခဲ့တဲ့ အမှားတွေအတွက် တိတိကျကျ ပြန်ပေးဆပ်ရမဲ့သဘောကို သက်ရောက်နေပြီ'

နှင်းနှင်းကလည်း ခံစားမိသည့်အတိုင်း ချိန်ဆသည်။ သူလည်း သူငယ်ချင်းတွေအတွက် ရင်းနှီးမိခဲ့သော ဆလပ်ဆော့စ်ကို အကြောင်းတစ်ခုဖန်ပြီး ပြတ်တောက်သွားအောင် ကြံစည်ပြုမူခဲ့ပြီးပြီ။ စိတ်ထဲတော့ မကောင်း။ အများဆန္ဒကို ဖြည့်ဆည်းပေးရမှာက မိတ်ဆွေရင်းတွေက အဓိကကျနေသည်။ နှင်းနှင်းနှင့်အတူ မြတ်မွန်ပါ ခံစားနေရသည်။

'အဲဒီအကျပ်ကိုင်သူ ခြိမ်းခြောက်သူက ဘယ်သူဖြစ်နိုင်မလဲ'

မြတ်မွန်က တုန်ရီစွာပြောရာ နှင်းနှင်းနှင့် သဉ္ဇာတွေဝေသွားဦးစားသွား၏။ ဘယ်သူမှန်း သူတို့မသိကြပေ။

'ငါ တစ်ခုပြောချင်တယ်ဟာ'

www.burmeseclassic.com

www.burmeseclassic.com



နှင်းနှင်းက သက်ပြင်းလေးကို ရှိုက်သွင်းရင်း နူးညံ့စွာ မြုံး၏။

'ငါတို့သုံးယောက်စလုံး တကယ်ချစ်တဲ့သူတွေကို တွေ့ကြပြီလား'

မေးခွန်းတစ်ခုက အတိုင်းအတာရဲ့ အဆုံးစွန်းထိ ကျယ်ပြန့်သွားသည်။ ရုတ်တရက်ငြိမ်သက်သွားကြသည်။

'အရင်ကတည်းက တစ်ယောက်ယောက်ကို ရွေးချယ်မိခဲ့ရင်တော့ ငါတို့ အခုလို မဖြစ်တော့ဘူးပေါ့ဟာ၊ ငါတို့ ဆော့ကစားခဲ့တာတွေက မောင်းတွေချည်းပဲ'

သဥ္ဇာက မေးခွန်းကို မဖြေဘဲ အတိတ်ကဖြစ်စဉ်ကို သုံးသပ်ပြသည်။

'ငါတို့ရွေးချယ်နိုင်လောက်တဲ့ အရည်အချင်းမရှိတဲ့သူတွေကို ဆော့ကစားမိတာ အပြစ်မဟုတ်ပါဘူး၊ အခုမှ ဝင်္ငလည်တဲ့သဘောတရားကို တစိမ့်စိမ့်ခံစားနေရတာက အပြစ်တွေအတွက် ပေးဆပ်နေရတဲ့ သဘောပါ'

'အခု ငါတို့ ဘာဆက်လုပ်ကြမလဲ'

'ငါကတော့ မေလ ၁ ရက်နေ့က ငါးယောက်စလုံးကို တွေ့ပြီး တရားခံ ဘယ်သူလဲ မေးချင်တယ်'

မြတ်မွန်က အေးအေးဆေးဆေးနဲ့ ဆန္ဒကို ထုတ်ဖော်ပြသည်။

'မြတ်မွန် နင်ပြောတာ မှန်တယ်၊ ငါတို့ အခုနံရိုးမီးတောက်ကို စွပ်စွဲနေတာက သဘောဝမကျဘူး၊ ငါတို့လည်း ယောကျ်ားလေးတစ်ယောက်ကို အကဲခတ်ဗေဒမညံ့ဘူး၊ ဒင်းကိုတစ်စုံတစ်ယောက်က သိသိလျက်နဲ့ ခုတုံးလုပ်သွားရင် ဘယ်လိုလုပ်မလဲ'

www.burmeseclassic.com

www.burmeseclassic.com



သဥ္စာက မြတ်မွန်သုံးသပ်ချက်ကို ထောက်ခံသည်။ နှင်းနှင်းတ...

'ဒါဆို ငါတို့ငါးယောက်စလုံးကို ပြန်ရှာမလား'

'အချိန်ရှိပါ့မလား သူငယ်ချင်း'

သဥ္စာက ခေါင်းခါ၍ စိတ်ညစ်လေဟန်ပြောသည်။

'မနက်ဖြန် ငါတို့ကျောင်းထဲမှာ တစ်ယောက်တလေတွေ့မလား ရှာမှာပေါ့'

'မထင်ပါဘူး၊ တကယ်လုပ်တဲ့ကောင်က ပြေးနေမှာပဲ'

'ငါ အစီအစဉ် တစ်ခုလုပ်ချင်တယ်'

'ဘာလဲ မြတ်မွန်'

နှင်းနှင်းနှင့် သဥ္စာက ဝမ်းသာအားရ မေးသည်။

'မနက်ဖြန် ငါတို့ အလှပဆုံး ဝတ်စားဆင်ယင်ပြီး ကင်တင်းမှာ လာသမျှကောင်လေးတွေရော စုံတွဲတွေရော တစ်ခုခုစီစဉ်ပြီး တွေးမယ်ဟာ၊ အဲဒီကျရင် တစ်ဆင့်စကား တစ်ဆင့်နားကနေ ငါတို့ အကြောင်းတွေ ကြားပြီး ဟိုတရားခံကောင်တွေ လာချင်လာနိုင်တယ်'

'မြတ်မွန်ရာ နင်ကလေ မျက်လုံးပြူးသလောက် ရယ်ရတဲ့ ကောင်မလေးပဲ၊ ဒါကလေးတွေဆော့နေတာ မဟုတ်ဘူး'

'ဟုတ်တယ်ဟ၊ ငါတို့လုပ်ရမှာက တစ်ခုပဲ၊ မနက်ဖြန် နင့်နံရိုးကို ငါတို့ရှာပြီး မေးရုံပဲ၊ ဒီထက်ပင်ပန်းတာ ဘာမှမရှိဘူး'

နှင်းနှင်းက တခစ်ခစ် ရယ်နေသည်။ သဥ္စာက မြတ်မွန် ခေါင်းကို တစ်ချက်ပုတ်လိုက်သည်။

'မြတ်မွန် နင်က နင့်နံရိုးလေးကို ထိမှာစိုးလို့လား'

'သူသာ တကယ့်တရားခံအစစ်ဆိုရင် ငါ ကိုယ်တိုင်အရေခွံဆုတ်ပစ်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'အရိုးကို ဘယ်လိုလုပ် အရေခွံဆုတ်လို့ရမလဲ'
'ငပေါမတွေ မရှိရှိတာ ဆုတ်ပစ်လိုက်မှာပေါ့'
သုံးယောက်သား သဘောကျ၍ ရယ်မောကြသည်။
'ငါတို့သုံးယောက် အပျင်းပြေ ကဗျာစပ်ရအောင်ဟာ'
'အေး... ကောင်းသားပဲ၊ စိတ်ပြေလက်ပျောက်ပေါ့'
မြတ်မွန်က ကဗျာကို ခုံမင်သူပီပီ သွက်လက်စွာပြော၏။
'ငါအရင်စမယ်ဟာ'
'စဟာ၊ ပေါက်ကရတော့ မလုပ်နဲ့'
'ရှယ်လုပ်မှာ'
မြတ်မွန်က စာရွက်တစ်ရွက်ထုတ်၍ အရင်ရေးစပ်လေသည်။
*မျှော်လင့်ချက်တွေကလည်း*
*အချင်းချင်းပွတ်တိုက်လို့ သစ်ကိုင်းတွေအတိုင်း*
*လေပဲဝှေ့သလား အပူချိန်ပဲပြင်းသလား*
*တစ်စုံတစ်ရာအတွက် တောက်ပနိုင်တယ်*
*ကြယ်တွေဆီကိုသာ တွားသွားသွားလို့ရရင်*
*ငါတို့ လကို ရင်ဘောင်တန်းလို့ရမှာပေါ့။*
*(မြတ်မွန်)*
*တစ်ဖက်သတ်ပဲ ရှန်းရင်းဆန်ခတ်ဖြစ်ရင်*
*ပင်လယ်က 'လှိုင်းမလိုဘူး*
*မြင်နေကျတောအုပ်ကို တစ်ဝက်တစ်ပျက်ပဲ*
*စိမ်းလန်းပါစေ*
*သစ်ရွက်တွေ ရီဝေဝေကြွေမှာ*
*သဘာဝတရားက မသန့်စင်ဘူး*

www.burmeseclassic.com

www.burmeseclassic.com



မြုံနေတဲ့ ပန်းပွင့်တွေကို
လွတ်မြောက်ခွင့်ပေးသင့်တယ်
(သဥ္စာ)
နတ်ဆိုးရဲ့ ရိုးသားမှုက မသိမသာ နက်ရှိုင်းတယ်
သဘာဝရဲ့ ဆန့်ကျင်မှုက
အချစ်ကို ဒိုင်ယာရီရေးတယ်
အလွမ်းဆိုတာ ထစ်ချုန်းနေတဲ့ နက္ခတ်
မရည်ရွယ်သင့်တာကို
ထိန်ချန်မိမြဲ
မလိုချင်တာကို ငွေ့ရည်ဖွဲ့တိုင်း
နှင်းတွေ တံခါးလာမခေါက်ဘူး
သိမ်သိမ်မွေ့မွေ့လေးပဲ
ဆူးတွေကို မြေပြဲဓာတညှိပေးနေရဲ့…။
(နှင်းနှင်း)

ကျောင်းတော်ထဲ ဝင်တော့ လမ်းကလေးတွေက နှင်းငွေ့တွေ စွတ်စိုဝပြောနေသည်။ မလေးရှားပိတောက်ပင်များက လျော့တိလျော့ရဲနဲ့ မမိုတ်မသုန်။ နံနက်ခင်းလေပြေက ဝန်းကျင်ခပ်သိမ်းကို ကျီစယ်အေးမြစေလေသည်။ သစ်ပင်ရိပ်တွေအောက်မှ နတ်သမီးလေးတွေ လမ်းလျှောက်လာကြသည်ကို အားလုံးရင်သပ်ရှုမောကြဖို့ကြကုန်၏။ အချို့က ပြုံးစိစိ အချို့က ရယ်ကျဲကျဲ၊ အချို့က ဟားတိုက်ရယ်မောနဲ့ တစ်စုံတစ်ရာတော့ ထူးခြားနေသယောင်။ ရာသီဥတုက

www.burmeseclassic.com

www.burmeseclassic.com



တစ်နေရာက ဖောက်ပြန်နေပြီး နတ်ဆိုးရဲ့ ပရိယာယ်အငွေ့အသက်တွေ အုံဖွဲ့ရစ်သိုင်းနေသလော။

'ငါတို့ကို ကြည့်ပြီး ဘာတွေ သဘောကျနေလဲ မသိဘူး'

'တစ်ခုခုများ ထူးခြားနေသလား'

မမြင်ရသေးသော အန္တရာယ်က ဘယ်နားဘယ်ထောင့်က ကွေ့ဝင်လာမလဲ မသိ။ အဆောင်တစ်ခုရှေ့တွင် ကျောင်းသားကျောင်းသူတွေ စုစုဖြစ်နေသည်။

'ငါတို့လည်း သွားစပ်စုရအောင်'

မြတ်မွန်က အရင်ပြေးထွက်သွားသည်။ နောက်မှ နှင်းနှင်းနှင့် သဉ္ဇာက ထက်ချပ်မကွာ လိုက်လာသည်။ ကျောင်းသားတွေက ပိုစတာ တစ်ခုကို ဝိုင်းကြည့်နေကြခြင်းဖြစ်၏။ သဉ္ဇာ၊ မြတ်မွန်နှင့် နှင်းနှင်းတို့ သိပ်ပြာတွေသည် သိက္ခာနှင့်အတူတူ လန့်ပျံပြေးထွက်ကုန်သည်။

ပိုစတာမှာ သူတို့ဓာတ်ပုံတွေကို ကပ်ထားပြီး ကာယ်ရီကေချာပုံတွေနှင့် ဆက်စပ်ရေးဆွဲထား၍ အောက်ပါအကြောင်းအရာများတွင် သေါက်တက်ကရ စာသားများကို ခဲတံပင်ဖြင့် ရေးခြစ်ထားသည်။ သူတို့အကြောင်းတွေကို လှောင်ပြောင်သရော် ရေးဆွဲထားခြင်း။ ကျောင်းသားတွေက ဝိုင်းဟားကြသည်။

သဉ္ဇာက ပိုစတာကို ဗျန်းခနဲ ဆွဲဆုတ်လိုက်သည်။ တဆက်တည်းမှာပင် နှင်းနှင်းနှင့်မြတ်မွန်ကို လက်ဆွဲခေါ်သွားသည်။ နှင်းနှင်းတို့မှာ ဘုမသိ ဘမသိဖြင့် သဉ္ဇာခေါ်ရာနောက်သို့ လိုက်သွားရသည်။ ကျောင်းသားတွေနဲ့ ခပ်ဝေးဝေးရောက်တော့ သဉ္ဇာက ခုံတန်းတစ်ခုပေါ် ထိုင်၍ ငိုလေသည်။

'သဉ္ဇာ ဘာဖြစ်လို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



'နင် ဘာလဲ စိတ်မကောင်းဖြစ်နေလို့လား၊ ဒီအချိန်မှာ နင်မငိုရဘူးလေ'

'ငါပြောတာကို နင်တို့ နားထောင်ပေးပါ'

နှင်းနှင်းနှင့် မြတ်မွန်တို့သည် နားမလည်နိုင်အောင် ဖြစ်နေ၏။

'နင် ဘာပြောချင်တာလဲ'

'နင်တို့ ငါ့ကိုခွင့်လွှတ်ကြပါဟာ'

'နင့်ကို ခွင့်လွှတ်ရအောင် နင် ဘာလုပ်နေလို့လဲ'

'ငါ... ငါ... နင်တို့အပေါ် အပြစ်ကြီးတစ်ခု ကျူးလွန်မိထားတယ်'

'နင်ဘာတွေပြောနေတာလဲ သဉ္ဇာ'

မြတ်မွန်က စိတ်မရှည်စွာ မေးသည်။

'အခုဖြစ်နေတဲ့ ကိစ္စတွေအားလုံးရဲ့ တစ်စိတ်တစ်ပိုင်းကဏ္ဍမှာ ငါ ပါဝင်နေတယ်'

'ဟမ်'

'ဟာ'

နှင်းနှင်းနှင့် မြတ်မွန် မျက်လုံးပြူးသွားကြသည်။

'မဖြစ်နိုင်တာ သဉ္ဇာ'

'နင်တို့ကို ငါ အစအဆုံး ရှင်းပြမယ်၊ အခု ငါတို့စုံစမ်းနေတဲ့ တရားခံငါးယောက်စလုံးက ငါတို့ပစ္စည်းကို ခိုးသွားတဲ့သူတွေ မဟုတ်ဘူး'

'ဘာ... ဘယ်လို'

'ဟုတ်ပါတယ်၊ နင်တို့မသိကြသေးတဲ့ ကိစ္စတွေကို ငါ ရှင်း

www.burmeseclassic.com

www.burmeseclassic.com



ပြမယ်၊ ငါတို့ ဆရာကြီးအိမ်က ပစ္စည်းတွေ ပျောက်ပြီး ပြန်လာကြတာ နင်တို့ သိမှာပေါ့၊ အဲဒါဖြစ်ပြီး သိပ်မကြာခင် ငါ့ဆီကို စာတစ်စောင်ရောက်လာတယ်'

'ဘယ်သူ့ဆီကလဲ'

'ဘရဏီဆိုတဲ့ ကောင်မလေးတစ်ယောက်ဆီက'

'ငါတို့လည်း မသိပါလား၊ ဘယ်သူလဲ'

မြတ်မွန်က အလောတကြီးမေးသည်။

'နင်တို့မသိသလို ငါလည်း မသိပါဘူး၊ ငါလည်း သူချိန်းတဲ့နေရာကိုရောက်အောင် သွားခဲ့တယ်၊ ဘာလဲ သိချင်တဲ့ဆန္ဒနဲ့ပေါ့'

သဉ္ဇာက မျက်ရည်စတွေကို ကုန်စင်အောင် သုတ်ပြီး ရှင်းပြသည်။

○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၄)

သဉ္ဇာသည် ချိန်းဆိုထားသော ကော်ဖီဆိုင်သို့ တစ်ယောက်တည်း ရဲဝံ့စွာ ရောက်သွား၏။ သူ့ကိုချိန်းဆိုထားသော သူသည် ဘယ်သူမှန်းမသိပေ။ ဆိုင်ထဲတွင် လူက ရှင်းနေ၏။

'အစ်မက မသဉ္ဇာဆိုတာလား'

ဝိတ်တာကောင်လေးက ရိုကျိုးစွာ လာမေးသည်။

'ဟုတ်ပါတယ်'

'အတွင်းခန်းထဲမှာ အစ်မကို တွေ့ချင်တဲ့ အမျိုးသမီးက ခေါ်ခိုင်းလို့ပါ'

သဉ္ဇာလည်း ဝိတ်တာခေါ်ဆောင်ရာ အတွင်းခန်းထဲသို့ လိုက်ပါသွားသည်။ သဉ္ဇာ အခန်းထဲသို့ ဝင်သွားသောအခါ စားပွဲတွင်ဘေးမှ လူနှစ်ယောက်ခြံရံလျက် စောင့်နေသော ကောင်မလေးတစ်ယောက်ကို တွေ့ရသည်။

'သဉ္ဇာ ထိုင်ပါ'

'ရှင်က ဘယ်သူလဲ'

ကောင်မလေးက ဘေးမှ နှစ်ယောက်ကို အပြင်ထွက်သွားရန် သက်ဟန်ပြလိုက်၏။ ဘေးမှ နှစ်ယောက်က ခါးညွတ်၍ တစ်လှမ်း

www.burmeseclassic.com

www.burmeseclassic.com



ချင်းထွက်သွားသည်။ သဥ္ဇာလည်း ဤအမျိုးသမီးရဲ့ အပြုအမူကို ကြည့်ရင်း တစ်မျိုးကြီးဖြစ်နေ၏။

'ငါ ဘယ်သူလဲ မင်းသိမှာ မဟုတ်ဘူး၊ မင်းသိတာ တစ်ချက်ကို ငါပြောပြမယ်၊ မင်းမှာ အရင်က မိဘသဘောတူထားတဲ့ သဘော်သားဖော်ယောက်ရှိတယ် မဟုတ်လား'

'ဟမ်... အဲ... အဲဒါ ရှင်နဲ့ ဘာဆိုင်သလဲ'

သဥ္ဇာ ရုတ်တရက် မျက်လုံးပြူးသွားသည်။

အမည်မသိ အမျိုးသမီးက လှပကောက်ကျစ်စွာ ပြုံးလိုက်သည်။ သဥ္ဇာ သေသေချာချာ အကဲခတ်ကြည့်တော့ အဆိုပါ အမျိုးသမီးသည် သဥ္ဇာတို့ထက် သုံးနှစ်လောက် ကြီးမည်။ ရုပ်ရည်က အပြစ်အနာအဆာ မဖွဲ့လောက်အောင် ချောမောလှပသည်။ ဆံပင်ကလည်း အရှည်နဲ့ မျက်လုံးမျက်ဝန်းလှပ ကြည်လဲ့နေသည်။ မာယာတွေကို စုစည်းသိမ်းတတ်သော နှုတ်ခမ်းအစုံလည်း ရှိသည်။ လှပကျော့ရှင်းသော လည်တိုင်လေးရှိသည်။

'သိပ်မအံ့ဩပါနဲ့ သဥ္ဇာ၊ ငါဟာ မင်းတို့သူငယ်ချင်းသုံးယောက်အကြောင်းကို လွန်ခဲ့တဲ့တစ်နှစ်ခန့်ကတည်းက စိတ်ဝင်စားခဲ့တဲ့သူပါ၊ အထူးသဖြင့် မင်းကို ပိုစိတ်ဝင်စားခဲ့တယ်'

'ကျွန်မ နားလည်အောင် သေသေချာချာ ရှင်းပြလို့ မရဘူးလား'

သဥ္ဇာက စိတ်မရှည်စွာမေးသည်။

'ထိုင်ပါဦး၊ အေးအေးဆေးဆေးပေါ့'

သဥ္ဇာမှာ ထိုင်ခုံကို ဖျစ်ခနဲမြည်အောင် ဆွဲရင်း ထိုင်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပြီ၊ အစကနေ ပြန်ပြောပြမယ်၊ မင်းနဲ့မိဘချင်းသဘော တူ နှစ်ပ်ထားတဲ့ သဘော်သားဟာ တစ်ချိန်က ငါ့ရဲ့အချစ်ဦးတစ် ယောက်ဖြစ်ခဲ့တယ်၊ မင်း သူ့ကို ရေထဲတွန်းချလိုက်ပြီး ပစ်ပယ်လိုက် တာ ငါကိုယ်တိုင် မင်းတို့ကို လိုက်လံစောင့်ကြည့်ပြီး သိရှိခဲ့ရတယ်၊ ပထမတော့ မင်း မလိုချင်လို့ ဒီလိုလုပ်တာထင်ခဲ့ပြီး အဲဒီအချစ်ဦးကို လိုချင်စိတ်နဲ့ ငါ ထပ်ကြိုးစားကြည့်သေးတယ်၊ ဒါပေမဲ့ ဒင်းက မင်းမှမင်းဖြစ်နေတယ်၊ ဒါဟာ သဘာဝမကျဘဲ ရှုပ်ထွေးမှုတစ်ခုကို အခြေခံတယ်၊ အဲဒီမှာ မင်းကိုငါ စတင်စိတ်ခုမိတာပဲ၊ မင်းဟာ အသက်ကလေး ငယ်သလောက် ယောက်ျားလေးတွေကို အခြေခံကျ ကျ အသည်းခွဲတတ်တယ်ဆိုတာ ငါလေ့လာသိရှိစစ်တမ်းကောက် ထုတ်နိုင်ခဲ့တယ်'

'ဟ… ကျွန်မကို မုရိသကျားတွေက တော်တော်ခရေဇီဖြစ် ခဲ့တာပဲ'

'ကျိန်းသေတာပေါ့၊ မင်းဟာ ငါ့ရဲ့အချစ်ဦးကိုတောင် တမောက်ကမဖြစ်အောင် အသည်းခွဲခဲ့တာပဲ၊ မင်းတင်မကဘူး၊ မင်း သူငယ်ချင်းနှစ်ယောက်ကိုလည်း ငါ ထပ်ပြီး စောင့်ကြည့်ခဲ့ဖူးတယ်'

'ကျွန်မတို့ သူငယ်ချင်းတွေက တရားခံတွေကျနေတာပဲ'

သဉ္ဇာက ကော်ဖီခွက်ကို ပလပ် ပလပ်မြည်အောင် သောက် လိုက်သည်။ ရွှံ့သည့်သဘော။

'နှင်းနှင်းက ပထမနှစ်က ကျောင်းသူတစ်စုကို အမြင်ကတ် လို့ အရူးတစ်ယောက်ကို မြောက်ပေးပြီး ဝါးခြမ်းပြားနဲ့ လိုက်ရိုက် ခိုင်းတာ ကျောင်းသူတွေ ထွက်ပြေးကြရတယ်၊ အဲဒီမှာ ငါ့ညီမဝမ်းကွဲ တစ်ယောက် အရူးရိုက်ချက်က ခါးကိုထိသွားပြီး ခုထိခါးနာတုန်းပဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကျွတ်··· ကျွတ်··· ခုထိ ဆေးခန်းမပြနိုင်သေးဘူးပေါ့'

သဥ္ဇာက ပြီတီတီနှင့် ခနဲ့သလိုဆိုသည်။ တစ်ဘက်မှ အမျိုးသမီးက သူပြောချင်သော ကိစ္စကို ဘာမှဂရုမစိုက်ဘဲ ဆက်ပြောသည်။

'မင်းသူငယ်ချင်း မြတ်မွန်ကတော့ ပိုရက်စက်တယ်'

'တော်တော်ထိထိရောက်ရောက်တော်တဲ့ ကောင်မလေးပဲနော်'

'ငါ့ရဲ့တူကို မြောင်းထဲတွန်းချပစ်ခဲ့တယ်'

'ဒီမှာ ရှင်ဘာတွေဆိုလိုချင်တာလဲ၊ ကျွန်မ မသိတော့ဘူး၊ ကျွန်မတို့ သူငယ်ချင်းသုံးယောက်ကို ရှင် ဘာလုပ်ချင်သလဲ'

'ဘာမှတော့ မပြောချင်ဘူး၊ ဒါပေမဲ့ မင်းတို့သိပ်ချစ်တဲ့ သူငယ်ချင်းသုံးယောက်ရဲ့ လျှို့ဝှက်ပစ္စည်းတွေက ငါ့ဆီမှာရှိနေတယ်'

'ဘာ'

သဥ္ဇာက ရုတ်တရက် ထိတ်သွားသည်။ တစ်ဘက်မှ အမျိုးသမီးက···

'မယုံကြည်ဖို့ဆန္ဒဖြစ်နေသလား၊ အစအဆုံး ရှင်းပြပါ့မယ်၊ ဆရာကြီး ဦးခင်လှအိမ်က မင်းတို့ပစ္စည်းတွေကို သော့တုနဲ့ ခိုးယူခဲ့တာ အဲဒီအိမ်က အခိုင်းအစေဖြစ်တဲ့ ရန်နိုင်ထွန်းပဲ၊ သူက မင်းတို့အတွက် အလကားသက်သက် အလုပ်ရှုပ်အောင် တရားခံငါးယောက် ဖားစာခံထားခဲ့တယ်၊ တကယ်တော့ စာအုပ်ငှားသူ ငါးယောက်က အဲဒီနေ့က စာအုပ်တွေ ကိုယ်စီငှားသွားပေမဲ့ မင်းတို့သေတ္တာကို လက်ဖျားနဲ့တောင် တို့မသွားဘူး'

'ဒါဆို··· ဒါဆို ရှင်ယူသွားတာလား'

'ဝေးသေး စကားကို ဆုံးအောင်နားထောင်ဦး၊ အဲဒီငါးယောက်ထဲက နှစ်ယောက်ကို တရားခံအစစ်ဖြစ်အောင်လုပ်ပြီး မင်းတို့သူငယ်

www.burmeseclassic.com

www.burmeseclassic.com



ချင်းသုံးယောက်ထဲကို ရှုပ်ထွေးနေအောင် ထည့်ပေးလိုက်တယ်၊ ဖြစ်ချင်တော့ မင်းဘော်ဒါတွေက ဆလပ်ဆော့စ်နဲ့ နံရိုးမီးတောက်ကို တရစပ်ကြွေနေတယ်၊ ဒီတော့မင်း ငါ့ကို အကူအညီတစ်ခုပေးရလိမ့်မယ်'

'ရှင် ဘာတွေမဟုတ်တာတွေ လုပ်ချင်သေးလို့လဲ'

'မင်းတို့ဆီ နိုင်ငံခြားက သေတ္တာတစ်လုံးကို ပို့လိုက်တာလည်း ငါပဲ၊ နောက်ပြီး တရားခံထင်ရတဲ့ ငါးယောက်ထဲက မင်းရဲ့အမြင်မှာ ထင်မြင်စွပ်စွဲရမဲ့ နှစ်ယောက်လောက်ကို တည်ကြက်အဖြစ်ထားချင်တယ်၊ ဒါနဲ့ပတ်သက်ပြီး မင်းက မင်းဘော်ဒါတွေကို သစ္စာဖောက်ရမယ်'

'ဘာ ရှင် ဘာဖြစ်ချင်ပြန်ပြီလဲ'

သဥ္ဇာက စူးစူးဝါးဝါး အော်မိသည်။ အမျိုးသမီးလေးက အပြုံးမပျက်။

'မင်းက ငါးယောက်ထဲက နှစ်ယောက်ကို ဆွဲထုတ်ပြီး တရားခံအစစ်ဖြစ်အောင် မင်းဘော်ဒါတွေရှေ့ တိုက်ရိုက်ပို့ဆောင်ပေးရမယ်၊ ပြီးရင် မင်းကိုယ်တိုင် မသိချင်ယောင်ဆောင်ရမယ်၊ ရူးချင်ယောင်ဆောင်ရမယ်'

'ဒါမျိုး မလုပ်နိုင်ဘူး'

'ရတယ်လေ သဥ္ဇာ၊ မင်းရဲ့မိဘတွေက တစ်ချိန်က ဘာလုပ်ကိုင်စားသောက်ပြီး ကြီးပွားလာတယ်ဆိုတဲ့ အချက်ကို ငါထုတ်ဖော်လိုက်မှာပေါ့၊ မင်းတို့ဘော်ဒါအချင်းချင်း အိတ်သွန်ဖာမှောက် ပွင့်ပွင့်လင်းလင်း ပြောထားကြတဲ့အထဲမှာ ဒီလျှို့ဝှက်ချက်ကို မင်းက ထိန်ချန်ထားတယ်နော်၊ ဟား... ဟား'

www.burmeseclassic.com

www.burmeseclassic.com



'ရှင်... ရှင်'

'စိတ်ချပါ၊ ငါ ဘယ်သူ့မှ မပြောပါဘူး၊ ဒါပေမဲ့ မင်းနဲ့ငါ အပေးအယူတစ်ခုတော့ တည့်တည့်မတ်မတ် လုပ်ရမယ်၊ ဒါကိုမှ မင်း ငြင်းဆန်ရင် မင်းရဲ့သူငယ်ချင်း သစ္စာဖောက်တော်သားတွေကြား မှာ အရှက်ကွဲသွားစေရမယ်'

သဉ္ဇာ ဘယ်လိုမှ မလှုပ်နိုင်တော့။ ချောင်ပိတ်ရိုက်ခံရသလို ဖြစ်နေသည်။ တစ်ချိန်က သူ့မိဘတွေသည် ငွေရေးကြေးရေး လိမ် လည်မှုတွေနှင့် နာမည်ပျက်ရသည့်အကြောင်းရှိသည်။ ဒါကို သဉ္ဇာက ဘော်ဒါတွေရှေ့မှာ တစ်လုံးတစ်ပါဒမှ ဖွင့်မပြောထား။ ခုမှပြောရင် လည်း ဒီအမျိုးသမီးငယ်ရဲ့ လှည့်ကွက်ထဲ ခေါင်းထိုးခံဝင်သွားချေမည်။ သဉ္ဇာမှာ ဆုပ်လည်းစူး စားလည်းရှူးကိန်းရှိသည်။

'ကောင်မလေး သေချာစဉ်းစားနော်၊ မင်း သစ္စာရှိတယ်ဆို ရင် မင်းသူငယ်ချင်းတွေကို သစ္စာမဖောက်သင့်ဘူး၊ မင်း အခုလုပ်ရ မဲ့ ကိစ္စက ဘာမှခဲယဉ်းတာ မဟုတ်ဘူး'

'ကဲ... ဟုတ်ပြီ၊ ကျွန်မ ဘာလုပ်ပေးရမလဲ'

'စာအုပ်ငှားသွားတဲ့ ငါးယောက်ထဲက နှစ်ယောက်ကို တရားခံအစစ်ဖြစ်အောင် မင်းဘော်ဒါတွေကို ပြသရလိမ့်မယ်၊ သူတို့ နှစ်ယောက်ကို တကယ်ထင်သွားချိန်မှာ ငါက ပြဿနာတွေအားလုံးကို အပြီးသတ်ချုပ်ငြိမ်းပေးလိုက်မယ်'

'ရှင် တကယ်ပြောတာလား'

'မင်း သေသေချာချာ ဆောင်ရွက်နိုင်ရင် ငါကတိတည်ရမှာ ပေါ့၊ ငါကတော့ မင်းကို အဆက်မပြတ်စောင့်ကြည့်နေမှာနော်၊ ဟား'

'ရတယ်၊ အခုခင်ပြေတယ်၊ ရှင်သာ ကျွန်မတို့နဲ့ပတ်သက်ပြီး အရှက်ခွဲတာတွေကို ရပ်ဆိုင်းပစ်ရလိမ့်မယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဟား… ဟား… ဟား… ရယ်ရတယ်၊ မင်းကိုငါ အသုံးချနေတာ မဟုတ်ဘူး၊ သိမ်းသွင်းနေတာလည်း မဟုတ်ဘူး၊ မင်းတို့ သူငယ်ချင်းတွေ စည်းလုံးမှု မပျက်ပြားအောင် ထိန်းသိမ်းပေးနေတာ'

အမျိုးသမီးငယ်က သူ့စကားကို သူသဘောကျစွာရယ်သည်။

'ရှင်… ကျွန်မတို့ဆီက ဘာလိုချင်လို့လဲ'

'ငါ့ရဲ့ကွဲသွားတဲ့အသည်းကို လျှော်ကြေးသက်သက်ပြန်တောင်းရုံပဲ'

'ဒါဆို ဝမ်းသာအားရစကားပြောချင်တယ်၊ အချစ်ဆိုတာ စွဲလမ်းမှု လွန်ကဲရင် ခလုတ်တိုက်လဲတတ်တယ်၊ စက်ဘယ်လောက်ကောင်းကောင်း အခွေကထစ်နေရင် အက်သံပွန်းသံတော့ ကြားရမှာပဲ၊ ကိုယ့်ကိုယ်ကိုယ် အထင်တော့မကြီးနဲ့၊ ရှင် ကျွန်မတို့လျှို့ဝှက်ပစ္စည်းတွေကို လွယ်လွယ်ကူကူ ရသွားတာကိုတော့ ချီးကျူးပါတယ်'

'ဒါကလည်း ကံကြမ္မာက ငါ့ကိုမျက်နှာသာပေးတာကိုး၊ ဆရာကြီးဦးခင်လှရဲ့ သားက လက်ရှိငါနဲ့စေ့စပ်ထားတဲ့သူပဲ၊ သိပ်မကြာခင် ငါတို့တရားဝင် လက်ထပ်ကြတော့မှာ'

'ဘာ'

သဥ္ဇာက လွန်စွာမှ ထောင့်စေ့လှသော အမျိုးသမီးငယ်ကို အံ့ဩသောအကြည့်နှင့် ကြည့်ရုံမှလွဲ၍ ဘာမှမတတ်နိုင်တော့။

ဂျင်ပေါ်ကထုံးလည်း သံရာတွေမွစာကျဲနေတာပဲ။

○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၅)

'ဟာ··· ဒါဆို နှင်က မြေအိုးမြီးရှည်နဲ့ အာလူးတင်တို့ကို အကျပ်ကိုင်ပြီး ငါတို့ဆီကို စာပို့ခိုင်းတဲ့သဘောလား'

'သိပ်ဟုတ်တာပေါ့ သူငယ်ချင်းတို့ရာ၊ ဒီနှစ်ကောင်ကို ငါ ချဉ်းကပ်ရလွယ်ကူမယ်ထင်ပြီး ဝင်ကပ်တယ်၊ ပါဝင်သူ တရားခံတွေ ထဲမှာ သော့ခိုးသွားတဲ့သူက နံရိုးမီးတောက်ဆိုပြီး လွဲချပုံချခဲ့တယ်၊ သော့အစတွေ နံရိုးမီးတောက်မသိဘဲ အိတ်ထဲရောက်နေတာတာလည်း ငါ့စနက်တွေပဲ၊ ဒီတော့ သူငယ်ချင်းတို့ ငါ့ကိုခွင့်လွှတ်ရင် ခွင့်လွှတ်၊ ဒါမှမဟုတ်ရင်လည်း ခါးခါးသီးသီး မုန်းပစ်လိုက်ပါတော့'

'ငယ်ရွယ်သူတွေက သဘာဝရဲ့ မတော်တဆ အဖြစ်များနဲ့ ကြုံရတတ်တယ်တဲ့၊ ဒါ မထူးဆန်းပါဘူး သူငယ်ချင်း၊ မင်းလည်း ဖွဲ့သော မရှောင်သာကိစ္စနဲ့ခုလိုအကျဉ်းထဲ အကျပ်ထဲ ကြုံလို့ ငါတို့ကို သစ္စာ ဖောက်လိုက်ရတာပါ၊ သဘာဝကျသော သစ္စာဖောက်မှု အသေးစား လေးပါ၊ နှင့်ကို ငါတို့မုန်းလည်းမမုန်းဘူး၊ ခွင့်လွှတ်ပါတယ်'

'ငါကတော့ဟာ နင်တို့အဲဒီလိုခွင့်လွှတ်လေ နောင်တရလေ လေပဲ၊ ဟင့်'

www.burmeseclassic.com

www.burmeseclassic.com



သဇ္ဈာက ထပ်ငိုပြန်သည်။ နှင်းနှင်းက သဇ္ဈာပခုံးကို ကိုင်၍ ထပ်ချော့သည်။

'မငိုပါနဲ့ သဇ္ဈာရာ၊ ငါတို့ဟာ အနာဂတ်အတွက် အကျိုးပြု မဲ့ လူငယ်လေးတွေပါ၊ အောင်မြင်တဲ့ သူတွေ အသက်ငယ်ငယ်တုန်း က မှားခဲ့ကြသေးတာပဲ၊ Yesterday's gone down the river, and we can't get it back မနေ့ကဆိုတာ မြစ်ရေယဉ်ကြောမှာ မျောသွားပါ ပြီ၊ ပြန်ရနိုင်မှာ မဟုတ်တော့ဘူး'

'ဒီစာသားတစ်ကြောင်းပဲ အင်္ဂလိပ်လိုရတဲ့ မြတ်မွန်၊ နင့်ကို တော်ပါတယ်လို့ ငါ မချီးကျူးချင်ဘူး'

နှင်းနှင်းက မြတ်မွန်ကို စသည်။

'အောင်မာ နင်တောင် ငါ့လိုရလို့လား'

မြတ်မွန်က စပ်ဖြီးဖြီးလေးနဲ့ အတည်ပေါက်ပြောသည်။

'အားဗင်န်ဝေါလေ့စ်ရဲ့ ဝတ္ထုထဲမှာ လီယိုဘရူးနားဆိုတဲ့သူက သူတို့ဖမ်းလာတဲ့ မင်းသမီးလေးကို အလိုမတူဘဲ ပေါင်းသင်းမိတယ်၊ သူ့အဖွဲ့ဝင်တွေကို သူက တောင်းပန်တဲ့အခါ သူတို့ထဲက ပညာအမြော် အမြင်ရှိတဲ့ စာရေးဆရာ အဒမ်မဲလုံးက ဘာပြောသလဲဆိုတော့ ကျွန်တော်တို့အားလုံးဟာ တစ်ဦးနဲ့တစ်ဦး တူကြတာမှမဟုတ်ဘဲ၊ ပေါက်ဖွားလာတဲ့ မိခင်ဝမ်းချင်းလည်းမတူဘူး၊ ဗီဇချင်းလည်း မတူ ဘူး၊ ခံစားကြရတဲ့ ဒုက္ခချင်းလည်း မတူဘူး၊ ကျွန်တော်တို့ဟာ ကိုယ်စီ ကိုယ်ငှ ကိုယ်ဘဝနဲ့ကိုယ် တစ်သက်လုံး ဆုံးခန်းတိုင်နေသွားကြရမှာ ပဲလို့သာ ဆိုဖို့ရှိတယ် ထင်မိပါတယ်တဲ့၊ ကဲ… ငါတို့လည်း ဒါကို နမူနာယူရမယ်'

'နှင်းနှင်း… မြတ်မွန် နင်တို့နှစ်ယောက်ကို ငါ တကယ် လေးစားတယ်ဟာ'

www.burmeseclassic.com

www.burmeseclassic.com



'သိပ်လည်း မလေးစားနဲ့၊ ငါတို့က သူများပြောတာတွေကို လိုက်ပြောနေတာ ဟီး'

မြတ်မွန်က ရယ်မောလိုက်သည်။ သုံးယောက်စလုံး စိတ်တွေ ပေါ့ပေါ့ပါးပါး လန်းလန်းဆန်းဆန်း ရှိနေတာတော့ သေချာသည်။

'ငါတို့ အဲဒီအမျိုးသမီးကို ဘယ်လိုတုန့်ပြန်ကြမလဲ၊ တစ်ခါတည်းနဲ့ ဒင်းက ရပ်ပစ်မှာမဟုတ်ဘူး'

နှင်းနှင်းက အရေးကြီးသည့် ကိစ္စကို တိုင်ပင်ဖို့ ပြန်စသည်။ နောက်ထပ်တိုက်ခိုက်မှုတွေ ဝင်လာနိုင်ဖွယ်ရှိသည်။

'ငါတို့ တန်ပြန်တိုက်စစ်ဆင်ကြတာပေါ့'

'မဟာပညာရှိ မြတ်မွန်ရယ်၊ နင့်ရဲ့ဦးနှောက်အကောင်းစားလေးကို အသုံးချပါဦး'

မြတ်မွန်သည် သူတို့အထဲတွင် ဉာဏ်အကောင်းဆုံးသောကောင်မလေးဖြစ်သည်။ မြတ်မွန်က တော်တော်လေးစဉ်းစားပြီးမှ…

'ငါတို့ ဟိုငါးယောက်ကို ပြန်အသုံးချရမယ်'

'အဲဒါမှ ခက်တာပဲ၊ ငါ့ရဲ့ဆလပ်ဆော့စ်ကြီးက ငါ့ကြောင့်ထွက်ပြေးသွားပြီဟ၊ ဘယ်လိုမှ လိုက်ရှာလို့ ရမှာမဟုတ်ဘူး'

'ဒါတော့ဟာ နှင်းနှင်းကလည်း နင်ပြန်ဆက်သွယ်ရင် ဒင်းပြန်ရောက်လာမှာပါ၊ သူက နင့်အပေါ် သံယောဇဉ်ရှိတာပဲ၊ ငါကျီစားလို့ တွန့်လိမ်သွားရုံလေးပါ'

'ထားပါတော့ဟာ၊ ဆလပ်ဆော့စ်နဲ့ နံရိုးမီးတောက်ကို အကူအညီတောင်းရမှာက သိပ်မခက်ဘူး၊ ဟိုသုံးယောက်ကို ဘယ်လိုလုပ်မလဲ'

'ဒါက ငါ့တာဝန်ထားပါ၊ မြေအိုးမြီးရှည်နဲ့ အာလူးကင်က

www.burmeseclassic.com



ငါ့ကို အသေလန့်နေကြတာ၊ သူတို့ဖုံးဖိထားတဲ့ ကိစ္စတွေကိုအကြောင်းပြပြီး ထပ်အကျပ်ကိုင်ရမှာပဲ။ အဲဒီလူးကင်တစ်ယောက်ပဲ မလွယ်တာ'

'မလွယ်တဲ့ကောင်ကို ထားလိုက်'

'ဒီတော့ မြတ်မွန်၊ နင့်အစီအစဉ်က ဘယ်လိုလဲ'

နှင်းနှင်းက သိချင်စောဖြင့် မေးသည်။ သဥ္ဇာလည်း အားတက်သရောဖြစ်ကာ ပျော်ရွှင်သွားသည်။

'ဒီအမျိုးသမီးကို ငါတို့ပူးပေါင်းပြီး ဒီအမျိုးသမီးရဲ့ပတ်ဝန်းကျင်ကို ဖွရမယ်၊ အသုံးချဖို့ကတော့ သိပ်မလွယ်ဘူး'

'ဘယ်လိုလုပ်ဖို့ အဆင်ပြေမလဲ'

'အမျိုးသမီးနဲ့ အဲဒီလေးယောက် မရှင်းမရှင်းဖြစ်နေတဲ့ပုံကို ရအောင်ဖန်တီးယူပြီး ဓာတ်ပုံရိုက်၊ အသံဖမ်းပြီး အရှက်ပြန်ခွဲရမယ်'

'အေး--- သဘောပေါက်ပြီ၊ ဒီတစ်ခါ သူ့အလှည့်ပေါ့'

'ငါတို့မှာလုပ်စရာ ဒီတစ်နည်းပဲ ရှိတယ်၊ ကျန်တာတွေက သိပ်ထိရောက်မှာ မဟုတ်ဘူး၊ ရုပ်ရှင်ထဲကလို ရှင့်လုပ်ရပ်တွေ ရုပ်တန်းက ရပ်လို့ စိုးမြတ်သူစာ ဒီမိုင်းနဲ့ သွားပြောလို့မရဘူး၊ သူက တို့ထက် အဆင့်မြင့်တယ်နော်၊ တော်ရုံတန်ရုံနဲ့ သွားပေါ့ဆလို့မရဘူး၊ ဒါကြောင့် သတိကြီးကြီးထားရမယ်'

'ဒင်းကို ငါတို့ ဘာနာမည်ပေးမလဲ'

'အင်း--- ဆလပ်ခေါ့စ်၊ နံ့ရိုးမီးတောက်၊ အာလူးကင်၊ မြေအိုးငါးရှဉ့်တို့နဲ့ တွဲရမှာဆိုတော့ ဘူဖေးလို့ နာမည်ပေးလိုက်မယ်'

'ဟား--- ဟား--- ဟား--- ဟား'

o

www.burmeseclassic.com

www.burmeseclassic.com

## ဘူဖေးစစ်ဆင်ရေး (၁)

ပထမဆုံး အလှည့်ကျသူကတော့ အာလူးကင်။ လေဒီဘူဖေးကို ယောက်ျားမာယာတွေနှင့် အသုံးချဖို့ သူဌေးသားတစ်ယောက်လို ပြင်ဆင်ကာ လေဒီဘူဖေး အသွားအလာကို လှေလာကြည့်ရှုနေသည်။ သူ့နောက်မှ ရုပ်ဖျက်ထားသော သဘာတို့ သုံးယောက် ထပ်ကြပ်မကွာပါသည်။ အသင့်ဗွားလာသော ဟမ်းဖုန်းကိုယ်စီဖြင့် ဆက်သွယ်မှု အားလုံးကို အခြေခံထားသည်။

ယခု လေဒီဘူဖေးသည် အဆင့်မြင့်ဟိုတယ်တစ်ခုတွင် ညစာစားပွဲ တက်ရောက်ရန်ရှိသည်။ အာလူးကင်လည်း ညစာစားပွဲတက်ရောက်ရန် ရောက်လာသော ကုမ္ပဏီပိုင်ရှင်ရဲ့သားအသွင်အပြင်ဖြင့် ရောက်ရှိလာသည်။ အာလူးကင်သည် ရုပ်ရည်ချောမောသူဖြစ်၍ သူဌေးသားဟု အားလုံးက ထင်မှတ်ကြသည်။

'ဟဲလို မီနူးမှ ဝိတ်တာ၊ ဝိတ်တာမှ ကောင်တာ ဟဲလို ကြားလား၊ သိပ်မကြာခင် လေဒီဘူဖေးရောက်လာတော့မယ်၊ အသင့် ပြင်'

www.burmeseclassic.com

www.burmeseclassic.com



သဉ္ဇာတို့ သုံးယောက်သည် ညစာစားပွဲလုပ်မည့် အခန်း၏ဘေးရှိ နှစ်ယောက်တွဲခန်းတွင် အသင့်ရှိနေသည်။ ညစာစားပွဲပြီးတော့ အာလူးကင်က လေဒီဘူဖေးကို အဲဒီအခန်းတွင်းသို့ ခေတ္တခဏခေါ်ဆောင်လာရန် အသင့်စီစဉ်ထားခြင်းပင်။

'သဉ္ဇာ နင်တို့ ဒီမှာနေခဲ့ဦး၊ ငါ ဟိုလိုလို ဒီလိုလိုနဲ့ စနည်းနာလိုက်မယ်'

နှင်းနှင်းက လှစ်ခနဲထွက်သွားသည်။

ညစာစားပွဲတွင် လူစုံနေကြပြီ။ အာလူးကင်သည် သွက်လက်စွာဖြင့် လေဒီဘူဖေးဘေးတွင် ထိုင်၍ စီးပွားရေးကိစ္စတွေ ပြောနေသည်။ စားပွဲတွင် အစားအသောက်များကလည်း ပြည့်နှက်နေသည်။ အတော်အတန်လည်း မူးနေကြသည်။ လေဒီဘူဖေးနှင့် အာလူးကင်လည်း လေပေးဖြောင့်နေရဲ့။

'မမ... မမက ခင်ဖို့ကောင်းတယ်နော်၊ အသက်ကလေး ငယ်ငယ်နဲ့ စီးပွားရေးလုပ်ငန်းတစ်ခု ထူထောင်ထားတာ ချီးကျူးစရာပဲ'

'ဟဲ... ဟဲ... မောင်လေးက အရှိမ်းမြှောက်တတ်တာပဲ'

'မမ စိတ်မဆိုးဘူးဆို တစ်ခုလောက် ပြောချင်လို့'

'ပြောလေ'

'မမမှာ ရည်ရွယ်ထားသူတွေ ရှိသလား'

လေဒီဘူဖေးက ဝိုင်အရှိန်နှင့် ရှက်သွေးဖြာယောင် ဆော[illegible]လိုက်သည်။

'မမက သိပ်ချောတာပဲ'

အာလူးကင်က သူတက်မြောက်ထားသော အဩာရသမညာ

www.burmeseclassic.com



တွေကို ထုတ်သုံးလေသည်။ လေဒီဘူဖေးကလည်း တဟီးဟီးတဟား ဟားနှင့် ပျော်နေသည်။

'မမ တစ်ခုလောက် ပြောချင်တယ်'

'ပြောလေ မောင်လေးရဲ့'

'မမနဲ့ကျွန်တော်နဲ့ တစ်နေရာမှာ အေးအေးဆေးဆေး စကား သွားပြောရအောင်၊ မမ အချိန်ပေးနိုင်ပါ့မလား'

'ရပါတယ်၊ အခုလား'

'ဟိုဘက်က အခန်းမှာ သွားစကားပြောရအောင်၊ မမကို စီးပွားရေးလုပ်ငန်းတစ်ခု ပြချင်လို့၊ အဲဒါ'

'ရပါတယ်၊ သွားကြတာပေါ့'

အာလူးကင်က သူဆင်ထားသော ဝှင်ထဲ ဝင်လာပြီးမှ ညစာ စားပွဲ ပြုလုပ်ရာ အခန်းထဲမှ လေဒီဘူဖေးကို ခေါ်ဆောင်လာခဲ့သည်။ ဒါပေမဲ့ လေဒီဘူဖေးဘေးတွင် ကိုယ်ရံတော်နှစ်ဦး ထက်ကြပ်မကွာ လိုက်ပါလာသည်။ အာလူးကင်လည်း ဟန်မပျက်ဘဲ ခေါ်လာရသည်။

'ဂျလောက်'

သော့ဖွင့်သံကြားရ၍ အတွင်းခန်းထဲတွင် ပုန်းနေသော မြတ်မွန်နှင့်သဥ္ဇာ ခုတင်အောက်တွင် ပြားပြားဝပ်နေသည်။ အသင့်ပါလာ သော ဒစ်ဂျစ်တယ်ကင်မရာကိုလည်း အသင့်ပြင်ထားသည်။

'ဘော့စ် တစ်ယောက်တည်းဖြစ်ပါ့မလား'

'ရပါတယ်၊ မင်းတို့အပြင်မှာသာ စောင့်နေ'

အာလူးကင်က လေဒီဘူဖေးကို ခေါ်လာသည်။ တံခါးကို ခြေထောက်ဖြင့် ခပ်ဖွဖွလေး ကန်ပိတ်လိုက်၏။

'မောင်လေး မမကို ဘာတွေပြောမှာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'ခဏလေး မမ ကျွန်တော် လက်ပ်တော့ထုတ်လိုက်ဦးမယ်'

အာလူးကင်က အိတ်တစ်ခုထဲမှ လက်ပ်တော့ထုတ်ရန် ပြင်ပြီး လေဒီဘူဖေး အငိုက်တွင် မေ့ဆေးအုပ်ထားသော လက်ကိုင်ပဝါကို ထုတ်၍ လေဒီဘူဖေးနှာခေါင်းဝကို ပိတ်လိုက်သည်။ လေဒီဘူဖေးမှာ အသံတောင်မထွက်နိုင်ဘဲ မေ့လဲသွားသည်။ ခုတင်အောက်မှ သဥ္ဇာနှင့် မြတ်မွန်တို့ထွက်လာကာ အာလူးကင်နှင့် လေဒီဘူဖေးရဲ့ အနေအထား အမျိုးမျိုးကို သဏ္ဍာန်လုပ် သရုပ်တူ ဓာတ်ပုံရိုက်လေသည်။ အာလူး ကင်က လေဒီဘူဖေးအင်္ကျီလေးချွတ်လိုက်ရင် ပိုသရုပ်ပေါ်မယ်ဆိုပြီး လုပ်သေး။ သဥ္ဇာတို့က မနည်းတားယူရသည်။ အပြင်ပြန်ထွက်ဖို့ နှင်းနှင်းဖုန်းကို ခေါ်ရသေးသည်။ အပြင်က ကိုယ်ရံတော်နှစ်ယောက် ဝင်ချလာမှာ လန့်ရသေးသည်။

'ဟဲလို မီးနူးမှ ဝိတ်တာ၊ ဝိတ်တာမှ ကောင်တာ ကောင်တာမှ ဘေလ် ကြားတယ်နော်၊ SOS အပြင်မှာ ပိတ်ထားသူတွေ ရှိ… ရှိ … ဟုတ်ပြီ'

နှင်းနှင်းက ဖုန်းကိုချလိုက်၍ အခန်းရှေ့သို့ ကြည့်ရာ ကျောက် ရုပ်တွေအလား စောင့်နေသော ကိုယ်ရံတော်အသားမဲနှစ်ယောက်ကို တွေ့ရသည်။

'အိုကေ… အိုကေ… တွေ့ပြီ၊ ပထမဆုံး ဝိတ်တာတစ် ယောက်ကို အကူအညီတောင်းရမယ်'

နှင်းနှင်းက ဝိတ်တာတစ်ယောက်ကို အကူအညီတောင်း သည်။ ဝိတ်တာက အခန်းစောင့်နေသော ကိုယ်ရံတော်တွေကို

'ဟာ… နောက်က ၂၈/…. ကားက အစ်ကိုတို့အားလား'

'ဘာဖြစ်လို့လဲ'

www.burmeseclassic.com

www.burmeseclassic.com



'အစ်ကိုတို့ ကားထဲက ပစ္စည်းတွေ ဖြုတ်ခိုးတဲ့ သူခိုးတစ်ယောက်ကို မိထားလို့ အဲဒါ ရုံးခန်းကို လာခဲ့ပါဦး'

'ဟေ'

'တာပေတူး မင်းလိုက်သွား၊ ငါ မမလေးကို သတင်းပို့လိုက်ဦးမယ်'

တာပေတူးဆိုတဲ့ ကိုယ်ရံတော် ပြေးထွက်သွားသည်။

နှင်းနှင်းက ကျန်ခဲ့သော ကိုယ်ရံတော်ရှေ့တွင် အီစီကလီပုံစံနှင့် ဖြစ်လျှောက်ပြသည်။ ကိုယ်ရံတော်ကလည်း တဏှာရောင်လွှမ်းနေသော ရာဂမျက်လုံးဖြင့် ကြည့်သည်။ နှင်းနှင်းက မျက်စိတစ်ဘက်မှိတ်ပြပြီး လက်ယပ်ခေါ်သည်။ ကိုယ်ရံတော်လည်း လောဘသားပေမို့ မနေနိုင်ဘဲ ဆန့်ငင်ဆန့်ငင်နှင့် ပါလာသည်။ နှင်းနှင်းက ခင်းပခုံးကို ဖိုင်၍ လှုပ်လီလှုပ်လဲ့ လုပ်သည်။

အဲဒီအချိန်တွင် သဥ္ဇာက ခေါင်းပြူထွက်ကြည့်သည်။ အခြေအနေကောင်းပြီမို့ သုံးယောက်သား ချက်ချင်းလစ်ပြေးကြသည်။ နှင်းနှင်းလည်း ကိုယ်ရံတော်ကို အချိုးအချက်တွေ လုပ်၍ လစ်ပြေးလေ၏။

ငှင်းအချိန်တွင် လေဒီဘူဖေး မေ့ဆေးပြယ်လာသလို ထားသွားကြည့်သော ကိုယ်ရံတော်လည်း အပေါ်ရောက်လာသည်။ ကြည်နူးနေသော ကိုယ်ရံတော်လည်း အခန်းတံခါးကြီးပွင့်နေ၍ ခုနက ကောင်မလေးပုံရိပ်တွေ ပျောက်သွားလေသည်။

ခင်းတို့နှစ်ယောက်စလုံး လေဒီဘူဖေး၏ နားရင်းအုပ်ခြင်းနှင့် လစာဖြတ်တောက်ခြင်းကို မရှုမလှ ခံလိုက်ရသည်။

၀

www.burmeseclassic.com

www.burmeseclassic.com

# ဘူပေးစစ်ဆင်ရေး (၂)

မြေအိုးမြီးရှည်အလှည့်။'

သူကျတော့ သိပ်လွယ်ကူသည်။ မြေအိုးမြီးရှည်က နဂိုက တည်းကမှ စီးပွားရေးဓာတ်ခံရှိသူမို့ လေဒီဘူဖေးအား ချဉ်းကပ်ရ လွယ်ကူသည်။ လေဒီဘူဖေးအား ကုမ္ပဏီ တိုးတက်ရာ တိုးတက် ကြောင်းတွေအတွက် အကြံကောင်း ဉာဏ်ကောင်းတွေ ပေးတတ်လာ သည်။ သူပေးသော အကြံတွေက ကြက်ကန်းဆန်အိုးတိုးသကဲ့သို့ တိုက်ရိုက်မှန်နေရာ လေဒီဘူဖေး သဘောခွေ့နေသည်။

သူနှင့်ကျတော့ သိပ်မပင်ပန်း။ ဓာတ်ပုံတွေလည်း အများကြီး ရသည်။ နှစ်ယောက်တည်း သွားလာလှုပ်ရှားနေပုံတွေကို အမိအရ ရိုက်နိုင်ခဲ့၏။ မြေအိုးမြီးရှည်ကတော့ နဂိုကမှ လူရည်လည်သူဆို တော့ လေဒီဘူဖေးဆီက ပါးပါးနပ်နပ်လေး ကြိတ်နေသည်။ သဗ္ဗာ တို့က အဖြစ်မှန်တွေ ပေါ်သွားမှာစိုး၍ မြေအိုးမြီးရှည်ကို ဘရိတ်အုပ် ရသည်။ ကိုယ်ကလိမ်နေရင်းနဲ့ ကိုယ့်ကို ပြန်လိမ်မှာလည်း စိုးရသည်။

မြေအိုးမြီးရှည်က လူနပ်ချမ်းသာတစ်ဦး။ သဗ္ဗာတို့ အဆက် ဖြတ်ခိုင်းချိန်မှာ လေဒီဘူဖေးဆီက ငွေသိန်းငါးဆယ်လောက် မပြီးနေ

www.burmeseclassic.com

www.burmeseclassic.com



ပြီ။ တစ်ခါတည်း လေဒီဘူဖေးကို နောက်ဆုံးပေါက်ကာရ အလွဲတွေ ညွှန်ပြပြီး ခြေရာဖျောက်သွားသည်။

လေဒီဘူဖေးမှာ စည်ကြီးကျိုးပျက်သွားပြီး သစ္စာဖောက်သွားသော လူယုံတော်ကို နာကျည်းလျက်ရှိသော ပန်ထွာဘုရင်မကြီးလို ဖြစ်သွား၍ မြေအိုးမြီးရှည်ကို ပိုက်စိပ်တိုက် လိုက်ရှာလေသည်။

ပါသွားသည့် ငွေထက် သူ့ဆီက ပရောဂျက်တွေကို မြေအိုးမြီးရှည်က အခြားပြိုင်ဘက်ကုမ္ပဏီတွေကို ဖြန့်ဝေမှာ စိုးသောကြောင့်။

၀

www.burmeseclassic.com

www.burmeseclassic.com

## ဘူဖေးစမ်းသင်ရေး (၃)

ဆလပ်ဆေ့ဘစ်က လေဒီဘူဖေးဆီ ဖုန်းဆက်သည်။ လေဒီဘူဖေးနာမည်ရင်းသည် မိုးပွင့်ဖြူအောင်ဖြစ်သည်။ ညအိပ်ရာဝင်ခါနီးအချိန်မို့ လေဒီဘူဖေး ဖုန်းကောက်ကိုင်သည်။

'ခေါ်မိုးပွင့်ဖြူအောင်လား မသိဘူး၊ ရတနာကုမ္ပဏီက မန်နေဂျင်းဒါရိုက်တာ ခေါ်မိုးပွင့်ဖြူအောင်လား'

'ဟုတ်ပါတယ်၊ ပြောပါ'

'ဪ… ကျွန်တော် အစ်မရဲ့ ဂုဏ်သတင်းကို ကြီးကျယ်ခမ်းနားစွာ ကြားပြီးပါပြီ'

'မင်းက ဘယ်သူလဲ၊ အသားလွတ် ချီးကျူးနေရအောင်'

'ကျွန်တော်က အစ်မကို လေးစားအထင်ကြီးသူတစ်ယောက်ပါ၊ အစ်မနဲ့ ကျွန်တော် တစ်နေရာမှာ ဆုံရအောင်'

'ရှင် ဘာသဘောနဲ့ ဘာတွေလာပြောနေတာလဲ'

'ကျွန်တော်က သဘောရိုးနဲ့ ပြောတာပါ၊ အစ်မ မတွေ့ချင်ရင်လည်း ရပါတယ်၊ တစ်ချက် အစ်မရဲ့ ဝက်ဘ်ဆိုဒ်နံပါတ်လေး သိလို့ရမလား'

'ရှင် ဘာလဲ ရူးနေလား'

www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော် မရှုးပါဘူး၊ ကျွန်တော် အဆိုတော်တစ်ယောက်ပါ၊ ကျွန်တော် စီးရီးခွေ ပရိုမိုးရှင်းပွဲကျရင် အစ်မကို ဖိတ်မလို့'

'ကျွန်မ သီချင်းနားထောင်ရတာ ဝါသနာပါဘူး'

'ရပါတယ်၊ အစ်မ ဝါသနာမပါပေမဲ့ ကျွန်တော်က အစ်မကို ကမ်းလှမ်းတာပါ၊ စိတ်မရှိပါနဲ့'

'ဒါ အိပ်ချိန်နော်၊ ရှင် နှောင့်ယှက်နေတာပဲ လွန်လှပြီ'

လေဒီဘူဖေးက စိတ်ဆိုးစ ပြုလာပြီ။ ဖုန်းသရဲတွေ နှောင့်ယှက်နေပုံရ၏။

'အစ်မ... အစ်မ... ဖုန်းချလိုက်ပြီလား'

'ပြော... ဘာပြောမှာလဲ'

'အစ်မနဲ့ ကျွန်တော် တွေ့ချင်တယ်'

'တကယ်တွေ့ချင်လို့လား၊ တွေ့ရမှာပေါ့၊ မနက်ဖြန် ဂျေဒိုးနပ်ကို လာခဲ့၊ လှည်းတန်းကနော်'

'ဝမ်းသာလိုက်တာဗျာ၊ စိတ်ချ'

'မင်းရဲ့ပုံသဏ္ဌာန်က'

ဆလပ်ဆော့စ်က ချောမောလှပသော ပုံစံတစ်မျိုးကို ပြောပြလိုက်သည်။ သူပြောပြသော ပုံစံသည် အဆိုတော်ပေါက်စတစ်ယောက်၏ ပုံပန်းသဏ္ဌာန်မျိုးဖြစ်သည်။

'ကျွန်တော် နေ့လည်၁၂နာရီအထိပဲ စောင့်မယ်နော်၊ ပရိုမိုးရှင်းပွဲ သွားစရာရှိလို့'

'စိတ်ချပါ၊ ကျွန်မ လာခဲ့ပါ့မယ်'

လေဒီဘူဖေးက ကောက်ကျစ်စွာ ပြုံးလိုက်သည်။ ဒီရက်ပိုင်းအတွင်း အရှုပ်အထွေးတွေ များလှချေပြီ။

၀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၆)

'ဟား... ဟား... ဟား... ဘွားတော်ကြီးတော့ တောက်လျှောက်ကို ခံနေရတာ၊ ငါတောင် သနားလာပြီ'

သဥ္စာက သနားစိတ်ဖြင့် ကျွတ်သပ်၍ ပြောသည်။ ဆလပ်ဆော့ကလည်း သူ့ အပီအပြင် သရုပ်ဆောင်လိုက်ကြောင်း ရွှန်းရွှန်းဝေ ပြောရာ နှင်းနှင်းက...

'နှင်က ဖုန်းလေးထဲကပဲ သရုပ်ဆောင်ရတာ'

'ဘာပဲပြောပြောလေ၊ ငါ့ကို ဒင်းကြီးက ဆော်ပလော်တီးဖို့ ချိန်ဆနေတာ အခု သူ့စရိတ်နဲ့ သူသွားပြီ'

'အေးဟာ၊ သူလည်း အလုပ်တွေ ရှုပ်နေတာနဲ့ ငါတို့ကို ဖွမ်ကိစ္စတောင် မေ့ပျောက်နေပြီ၊ သဥ္စာ တို့တတွေ ရပ်တန်းက ရပ်ရင် ကောင်းမယ်'

နှင်းနှင်းက ဆက်မလုပ်ရန် တိုက်တွန်းသည်။ ထိုစဉ် မြတ်ငြိမ်း တစ်ယောက် ဂျာနယ်တစ်စောင်ကိုင်ပြီး ရောက်လာသည်။

'ဟဲ့... ဟဲ့... ဒီမှာ ငါတို့လုပ်တာတွေ ဂျာနယ်ထဲပါလာပြီ'

www.burmeseclassic.com

www.burmeseclassic.com



အားလုံး အသည်းအသန်ဖတ်ကြည့်ရာ ထူးဆန်းသောသတင်း တစ်ပုဒ်ကို တွေ့ရသည်။ ဂျေဒိုးနပ်ဆိုင်တွင် အဆိုတော်ပေါက်စတစ် ယောက်အား လူနှစ်ဦးမှ ထိုးကြိတ်ကြခြင်း။ လူနှစ်ဦးအား စစ်ဆေးရာ စေခိုင်းသူမှာ ရတနာကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဒေါ်မိုးပွင့်ဖြူ အောင်ဖြစ်ပြီး သူ့မှာ အဆိုတော်လေးနှင့် တစ်ချိန်က မရှင်းမလင်း ဖြစ်ခဲ့ခြင်းကြောင့် ခုလိုကလဲ့စားချေရခြင်းဖြစ်သည်ဟု သတင်းက ဖွဲ့ထားသည်။

'ပြဿနာတွေကတော့ တစ်ဆင့်ပြီးတစ်ဆင့် တက်နေပြီ'

'ဟာ··· ဒုက္ခပဲ၊ အဲဒီအဆိုတော်ပေါက်စကလည်း မြာပွေတဲ့ ကောင်လေး လေဒီဘူဖေးကြီးတော့ ရှင်းရခက်သွားမှာပဲ'

'အေးဟာ၊ ငါတို့ဆက်မလုပ်တော့ရင် ကောင်းမယ်'

'ဒါပေမဲ့ ငါတို့ပစ္စည်းတွေကတော့ ပြန်ရမှဖြစ်မယ်'

'ငါတို့လိုချင်တာကလည်း အဲဒါ အဓိကပဲလေ'

'လာ··· နှင်းနှင်း၊ ငါတို့လေဒီဘူဖေးဝက်ဆိုဒ်ထဲ ခြိမ်း ခြောက်စာ ပို့ပြီး ငါတို့ပစ္စည်းတွေကို ပြန်တောင်းရအောင်'

နှင်းနှင်းက ဆလပ်ဆော့စ်နှင့် စကားပြောချင်သေးသော ကြောင့်

'သဉ္ဇာ မြတ်မွန်ကို ခေါ်သွားပါ၊ ဒင်းက စာစီတတ်တယ်'

'နှင်းနှင်း ငါသိပါတယ်ဟာ၊ ငါ နားလည်ပါတယ်'

ဆလပ်ဆော့စ်က တောင်ကြည့်မြောက်ကြည့်နှင့် ဟိုလိုလို ဒီလိုလို လုပ်နေရဲ့၊ သဉ္ဇာနှင့် မြတ်မွန်က အလျှင်စလို ထွက်သွား တော့ နှင်းနှင်းနှင့် ဆလပ်ဆော့စ်သာ ဝေါင်စင်းစင်း ကျန်ရစ်သည်။

'နှင်းနှင်းကို ပြောစရာရှိတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဘာ… နှင်းနှင်းလဲ ကျွန်မ နာမည် စကားဝါ'

'ထားပါတော့ စကားဝါရယ်၊ နှင်းနှင်းရယ် ဟိုလေ ကျွန်တော် အခု စီးရီးသွင်းဖို့ ပရိုဂျူဆာ တွေ့ထားတယ်'

'တစ်တိုင်းပြည်လုံးကို အသံနဲ့နှိပ်စက်ဦးမယ်'

'အဲဒီအခွေထဲမှာ နှင်းနှင်းကို ရည်ရွယ်ပြီး ရေးထားတဲ့ သီချင်းလေးတွေလည်း ပါတယ်'

'လုပ်ပြီ၊ လူသိမခံချင်ပါဘူးဆို'

နှင်းနှင်းက မျက်စောင်းထိုးသည်။ ဆလပ်ဆော့စ်အတွက်တော့ မျက်စောင်းလေးသည် ကမ္ဘာမြေသို့ တစောင်းကြွေကျလာသော ဥက္ကာခဲလေးတစ်ခု။

'နောက်တစ်ခု ပြောချင်သေးတယ်'

'ခိုးကူးခွေတွေ ရန်ကိုတော့ ကျွန်မလည်း မလုပ်ပေးနိုင်ဘူးနော်'

'အဲဒါ မဟုတ်ဘူး'

'ဟာမိုနီလိုက်ဖို့ကလည်း ကျွန်မ အသံမရဘူးနော်'

နှင်းနှင်းက တမင်တကာ ရှောင်လွှဲပြောနေရာ ဆလပ်ဆော့စ် ရှေ့ဆက်ဖို့ ခက်နေသည်။

'ဟိုဗျာ နှင်းနှင်းကို ကျွန်တော် ချစ်တယ်ပြောမလို့'

'ဟင့်… သီချင်းခေါင်းစဉ်ကြီးကလည်း တစ်မျိုးကြီး'

'ဟုတ်ပါတယ် နှင်းနှင်းရယ်၊ နှင်းနှင်းကို စကားဝါဘဝကတည်းက ချစ်ခဲ့တာပါ၊ ကျွန်တော့်ကို တစ်ခုခုတော့ ပြန်ပြောပြီးစားပေးပါ'

'တစ်ခုမက စဉ်းစားရင်ရော ရသလား'

www.burmeseclassic.com

www.burmeseclassic.com



'ချစ်တယ်ဆိုတဲ့ တစ်ခုလေးပဲ'

'ကျွန်မ စဉ်းစားပါရစေဦး၊ အင်္ဂလိပ်လို စဉ်းစားရင်ကောင်းမလား၊ မြန်မာလို စဉ်းစားရင်ကောင်းမလား'

'ဘယ်လိုပဲ စဉ်းစား စဉ်းစား အရေးကြီးတာက ကျွန်တော့်ကို ပြန်ချစ်ဖို့ပဲ'

'ရှင်ကလည်း ဒါတွေပဲထပ်တလဲလဲ ပြောနေ'

'မပြောမပြီး မတီးမမြည်ဆိုသလိုပဲ ကျွန်တော်ကတော့ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် နောက်မဆုတ်နိုင်ဘူး'

'ရှေ့ပဲတိုးမယ်ပေါ့၊ ကားတိုက်ခံရမှာ မကြောက်ဘူးလား'

'လေယာဉ်ပျံတိုက်မှာတောင် မကြောက်ဘူး'

'ရှင့်အခွေထွက်တဲ့နေ့ ကျွန်မ အဖြေပေးမယ်'

'ဝမ်းသာလိုက်တာ နှင်းနှင်းရယ်၊ ကျွန်တော် အခွေထွက်ဖို့ မြန်မြန်လေး ကြိုးစားမယ်'

'ရှင့်အခွေထွက်တာနဲ့ သေမှာကို မသိဘူးလား'

'ဟာ… ပေါက်တက်ကရ'

'ဟုတ်တယ်လေ၊ ကျွန်မ ပြောတာ ရှင့်ဗိုက်ထဲက အူခွေကို'

နှင်းနှင်းက သန့်စင်သော ငှက်ကလေးတစ်ကောင်ကဲ့သို့ ပွင့်လင်းလွတ်လပ်စွာ ရယ်သည်။ အချိန်တန်လျှင် သူ့အလိုလို ရိုးသားစွာ ပွင့်လာတတ်သည့် ပန်းပွင့်တွေမှာ ရင်ခုန်သံရနံ့သစ်တို့ ခိုအောင်းစမြဲ ပင်။

ကောင်းကင်ပြာကြီးက တဖြည်းဖြည်း အိကျလာ၍ တိမ်တိုက်တွေက အိုးမဲ့အိမ်မဲ့ဘဝဖြင့်လျှောက်ပြေးနေသည်။

www.burmeseclassic.com

www.burmeseclassic.com



သဉ္ဇာနှင့် မြတ်မွန် တိုင်ပင်ပြီး လေဒီဘူဖေးခေါ် မိုးပွင့်ဖြူ အောင်ထံသို့ အီးမေးမြို့ခြောက်စာ ပို့လိုက်သည်။

စာထဲတွင် သဉ္ဇာ၊ မြတ်မွန်နှင့် နှင်းနှင်းတို့၏ လျှို့ဝှက်ပစ္စည်းတွေကို မပေးလျှင် ဝက်ဘ်ဆိုဒ်ထဲထည့်ထားသော ဓာတ်ပုံများကို ဆရာကြီး၏ သားနှင့်အသိုင်းအဝိုင်းတွေသိအောင် ဖွင့်ပြောမည်ဖြစ်ကြောင်း၊ အရှက်တကွဲ အကျိုးနည်းခြင်းများမဖြစ်ပေါ်စေရန် ပစ္စည်းများကို ပြန်ပေးသင့်ကြောင်း ထည့်သွင်းရေးသားထားသည်။

'ငါတို့ အခုရိုက်ပြီး ပို့လိုက်တာတော့ မှန်တယ်၊ ဒင်းက စက်ကိုဖွင့်ကြည့်မှ သိမှာပေါ့'

'ဒါက လွယ်လွယ်လေးပါ၊ သူ့ဆီ ဖုန်းဆက်ပြီး စီးပွားရေးနဲ့ ပတ်သတ်တဲ့ အချက်အလက်တွေ ပို့ထားတယ် ပြောလိုက်မှာပေါ့၊ အဲဒီကျမှ ဒင်းဖွင့်ကြည့်မယ်၊ အဲဒီမှာ ဓာတ်ပုံတွေကိုသာ မြင်သွားရင် ငါတို့ကို သတ်ချင်စိတ်တောင် ဖြစ်သွားမယ်၊ အထူးသဖြင့် ငါ့ကို သူ့ပိုတင်းမှာဟ၊ ငါက သူ့ဘက်ကိုပြန်သစ္စာဖောက်ခဲ့တာကိုး'

သဉ္ဇာက အသံတိုးတိုးလေးနှင့် ပြောသည်။

'သဉ္ဇာကလည်း သူငါတို့ကို ပြန်မတိုက်ခိုက်နိုင်တော့ပါဘူး၊ ပိုသေချာအောင် ဒီပုံတွေနဲ့ စာကို ငါတို့ဝက်ဘ်ဆိုဒ်တွေထဲမှာလည်း ထည့်ထားမယ်၊ အကောင့်တွေအများကြီး ဖွင့်ပြီး နာမည်တစ်မျိုးစီနဲ့ ထည့်ထားမယ်၊ ဒင်း ဘယ်ဘက်မှ ပြေးလို့မရအောင်'

'အသေချာဆုံးတစ်ခုပေါ့'

'နှင် နံရိုးမီးတောက်ကို အဖြစ်မှန်တွေ ရှင်းပြပြီး တွေ့ခဲ့ တောင်းပန်သင့်တယ်၊ ငပိန်ခမျာ ဘူမသိ ကိုးမသိနဲ့ ခံနေရှာတာ'

'အေးဟ၊ ငါလည်း ဘယ်လိုမျက်နှာနဲ့ တွေ့ရမလဲ စဉ်းစား နေတာ'

www.burmeseclassic.com

www.burmeseclassic.com



'နင့်ဘက်က ရိုးသားစွာ တွေ့တာပဲ မြတ်မွန်ရာ'

'ငါကလည်း ကိုယ်လုပ်ထားတဲ့ ကိစ္စအတွက် လိပ်ပြာမလုံဘူး'

'နင့်လိပ်ပြာက ငါ့လောက်ပဲ လုံနိုင်ပါ့မလား'

သဉ္ဇာက သူနှင့်နှိုင်းယှဉ်၍ မြတ်မွန်ကို ပြောသည်။ မြတ်မွန်လည်းတွေတွေဝေဝေ ဖြစ်သွားသည်။ နံရိုးမီးတောက်ကို သူစိတ်ထဲကပဲ စွပ်စွဲထားတာ။ အပြင်မှာ တကယ်တရားခံဟု ပြောမထားပေ။

'အေးဟာ၊ ငါ ဒီကိစ္စတွေပြီးရင် သူ့ကိုသွားတွေ့မှာပါ'

'နင်ပြောတဲ့ စကားလေးလိုပဲ ငါပြောချင်တယ်၊ ဘာတွေဆက်ဖြစ်ချင်သေးလဲ'

မြတ်မွန်က ငြိမ်သွားသည်။ အရင်ဆို သွက်လက်နေကျကောင်မလေး အခုစဉ်းစားရ လေသွားသည်။

☞

'ဟဲလို. . . . ပြောပါ မြတ်မွန်ပါ'

'မမြတ်. . . မမြတ်မွန်လား၊ ကျွန်တော် မျိုးမင်းနောင်ပါ'

ဖြုန်းခနဲ မြတ်မွန် လန့်သွားသည်။ ထူးထူးဆန်းဆန်း နံရိုးမီးတောက်ပဲ။

'ဟိုလေ. . . ဟို'

'ရှင် ဘာဖြစ်နေတာလဲ၊ မြတ်မွန်နဲ့လည်း အဆက်အသွယ်မလုပ်ဘူး'

'ဟုတ်ဘူး၊ အားနာနေလို့၊ ကျွန်တော်က မြတ်မွန်ဆီက ချေးထားတဲ့ ငွေလေးတစ်သောင်း ပြန်မဆပ်နိုင်သေးလို့'

www.burmeseclassic.com

www.burmeseclassic.com



'ဒါတွေ အရေးမကြီးပါဘူး၊ အခု ဘာဖြစ်လို့ ဆက်တာလဲ'

'ဟိုဗျာ၊ ဘယ်ကနေစပြောရမှန်းကို မသိဘူး'

'ပြောရှင်၊ ထွေးနေတာပဲ'

မြတ်မွန်က အသံကျယ်ကျယ်ဖြစ်သွားသည်။

'ဟိုလေ မနက်က အမျိုးသမီးတစ်ယောက်က ကျွန်တော့်ဆီကို ပစ္စည်းတချို့ လာပေးသွားတယ်၊ မြတ်မွန်တို့ သူငယ်ချင်းတွေကို ပေးလိုက်ပါတဲ့၊ ဘာအထုပ်ကြီးလဲ မသိဘူး'

'ဘာ... အဲဒီအမျိုးသမီးက ဘယ်လိုပုံစံလဲ'

နံ့ရိုးမီးတောက်က အထစ်ထစ် အငေါ့ငေါ့နှင့် ရှင်းပြသည်။

'ဟာ... ဒါဆိုရင် လေဒီဘူဖေးပဲ၊ ငါတို့ပစ္စည်းတွေ ပြန်ပေးပြီထင်တယ်၊ ဟုတ်ပြီ၊ ရှင် အခု ဘယ်မှာလဲ'

'ဟို ကျောင်းထဲမှာ'

'ဟာ... ဒီအထုပ်ကို ဘယ်သူ့မှ မပြနဲ့နော်၊ ကျွန်မ ခုချက်ချင်းလာခဲ့မယ်၊ ရှင် မှတ်တိုင်က စောင့်နေ'

မြတ်မွန်လည်း ဖုန်းအမြန်ချပြီး အဝတ်အစားအမြန်လဲကာ ကျောင်းသို့ အသဲအသန်ထွက်ခဲ့သည်။ ကားပေါ်တွင် ငှားထားသော ဟမ်းဖုန်းဖြင့် သဉ္ဇာနှင့် နှင်းနှင်းကို ဖုန်းဆက်ခေါ်ရသည်။ အလွယ်တကူပင် ဖုန်းရ၍ သူတို့လည်း အလျင်အမြန် လိုက်လာကြသည်။

နံ့ရိုးမီးတောက်က အထုပ်ကလေး ပိုက်၍ မှတ်တိုင်မှာစောင့်နေသည်။ သူ့ပုံစံအူတူတူကို ကြည့်၍ မှတ်တိုင်တွင် ခါးပိုက်နှိုက်တစ်ယောက်က ချောင်းနေသည်။ အခွင့်အခါကို စောင့်နေခြင်း။ မြတ်မွန် ရောက်လာသည်။

ထိုအချိန်တွင် ခါးပိုက်နှိုက်က အူတူတူ နံ့ရိုးမီးတောက်ဆီက အထုပ်ကိုယူ၍ ထွက်ပြေးလေသည်။

www.burmeseclassic.com

www.burmeseclassic.com



'ခါးပိုက်နှိုက်··· ခါးပိုက်နှိုက်'

နံရိုးမီးတောက်က အသံပြုနှင့်အော်သည်။ မြတ်မွန်က လေအဟုန်ခွင်းကာ ခါးပိုက်နှိုက်နောက်သို့ အရှိန်မြင့်ပြေးလိုက်လေသည်။

သူ့နောက်မှ နံရိုးမီးတောက် လိုက်လာသည်။

မြတ်မွန် သိပ်လည်း မပြေးနိုင်။ နံရိုးမီးတောက်ကလည်း တစ်ဘက်လမ်းမကနေ လိုက်ရန် ပြင်ပြီး ကားလမ်းကို ဖြတ်အကူး ကားတစ်စီးက ဝင်တိုက်ရန် ပြင်စဉ် ဘရိတ်အုပ်လိုက်သဖြင့် နံရိုးမီးတောက်မှာ သူ့အရှိန်နဲ့သူ ကားကိုဝင့်တိုက်ပြီး နောက်ပြန်လိမ့်ကျသွားသည်။

'ဟာ··· ကားတိုက်ပြီဟေ့'

မြတ်မွန်မှာ ခါးပိုက်နှိုက် လွတ်သွားမှာစိုး၍ အတင်းပြေးလိုက်စဉ် နံရိုးမီးတောက် ကားတိုက်ခံရသည့် အခြေအနေကို မကြည့်အား။ သိပ်မကြာခင် လူအချို့ ဝိုင်းဝန်းဖမ်းဆီးပေးမှုကြောင့် ခါးပိုက်နှိုက်ကို မိလေသည်။ မြတ်မွန်က ဒီပစ္စည်းတွေက သူ့မပစ္စည်းတွေဖြစ်ကြောင်း ရှင်းပြပြောဆိုရသည်။

သဥ္ဇာနှင့်နှင်းနှင်းလည်း အူယားဖားယားရောက်လာကြသည်။ သူတို့ရောက်လာချိန်တွင် နံရိုးမီးတောက်ကို ဆေးရုံကားမှ ခေါ်ဆောင်သွားလေပြီ။ အခြေအနေကို ဘာမှမသိသေးသော သဥ္ဇာနှင့် နှင်းနှင်းက မြတ်မွန်ကိုမေးသည်။

'ဟဲ့··· မြတ်မွန် ဘာတွေဖြစ်ကြတာလဲ'

မြတ်မွန်က နံရိုးမီးတောက်ဆီ လက်ဆောင်ထုပ်ရောက်နေတာကစ၍ နံရိုးမီးတောက် ကားတိုက်ခံရသည်အထိကို အစေ့စိတ်ရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



'ငါလည်း ငါတို့ပစ္စည်းကို အာရုံရောက်မိသွားတာပါ'

'ဘယ်တတ်နိုင်မလဲဟာ၊ နင့်နှံရိုးက နင်နဲ့တွေ့တိုင်း တစ်ခု မဟုတ် တစ်ခု ကံကြမ္မာဖန်နေတာပဲ'

'အေးဟာ၊ အခု ငါတို့အထုပ်ပြန်ရပြီပေါ့၊ ဒါအရေးကြီး တယ်'

သဉ္ဇာက အလောတကြီးပြောသည်။ မြတ်မွန်က သူ့လက်ထဲ တွင် ကိုင်ထားသော အထုပ်ကို အသည်းအသန်ဖွင့်လေ၏။

အထုပ်ထဲတွင် အဖိုးတန်ပစ္စည်းများကို ပြန်လည်တွေ့ရှိရ သည်။ ပေါချာချာ ရိုက်ကူးထားသော ဓာတ်ပုံတွေ၊ ဗလွတ်ရွတ်တ ပေါက်ကရတွေ ရေးထားသော ကိုယ်ရေးများ၊ စီဒီချပ်တစ်ချပ်၊ စာချုပ် တွေနဲ့ လျှို့ဝှက်ချက်တွေရေးထားသော ဒိုင်ယာရီ၊ အသည်းခွဲစာရင်း တွေ အပြည့်အစုံ ပြန်တွေ့ရသည်။

'ဟေး··· ပျော်စရာ ကောင်းလိုက်တာ၊ ကိုယ့်ပစ္စည်းကို ပြန်ရပြီ'

နှင်းနှင်းက ဝမ်းသာအားရ အော်သည်။ ရှေးဟောင်းရတနာ သိုက်ကို တွေ့ရှိရသော သူတွေကဲ့သို့ အပျော်ကြီး ပျော်နေသေည်။ ကားပေါ်မှ လူတွေက အံ့သြစွာဖြင့် လှမ်းကြည့်သွားကြသည်။

သူတို့အတွက် အကြပ်အတည်းတစ်ခုမှ လွတ်မြောက်လာကြ သော သူရဲကောင်းတွေဖြစ်သကဲ့သို့ ခံစားရလေသည်။

○

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၇)

မြတ်မွန်တစ်ယောက် ဆေးရုံသို့ ရောက်ရှိသွားချိန်တွင် လက်ထဲတွင် ပန်းသီးငါးလုံး မုန့်တစ်ထုပ်တို့ ပါသည်။ နံ့ရှိးမီးတောက် ထားရာ အခန်းထဲသို့ မေးမြန်းပြီး ဝင်ရောက်လာသည်။ နံ့ရှိးမီးတောက်က ခေါင်းပတ်တီး အဖွေးသားနှင့် လဲလျောင်းနေ၏။

'ကိုမျိုးမင်းနောင်'

နံ့ရှိးမီးတောက် မျက်လုံးလေး ဖွင့်ကြည့်လိုက်သည်။ မြတ်မွန်ကို တွေ့တော့ ထိတ်လည်းထိတ် လန့်လည်းလန့်သွားသည်။

နံ့ရှိးမီးတောက်က ဒဏ်ရာမသက်သာသည့်ကြားမှာ ခေါင်းညိတ်ပြသည်။

'မြတ်မွန်လေ၊ ရှင့်အတွက် ဓာတ်စာတွေ ဝယ်လာတယ်'

မြတ်မွန်က ပန်းသီးအိတ်ကို စားပွဲပေါ်တင်ထားလိုက်သည်။

'ရှင် ပန်းသီးစားမလား'

'အင်း'

နံ့ရှိးမီးတောက်က ဝမ်းသာအားရ စားမည်ခေါင်းညိတ်သည်။

'ဓားမှမရှိတာ ဘယ်လိုခွဲမလဲ'

မြတ်မွန်က ဘေးဘီဝဲယာ ဓားရှာကြည့်သည်။ ဘေးမှစင်ရှိ အံဆွဲဖွင့်လိုက်ရာ ခုံပေါ်တင်ထားသော ပန်းသီးတွေ လှီးပြီး အောက်

www.burmeseclassic.com

www.burmeseclassic.com



ပြုတ်ကျကုန်သည်။ ပန်းသီးများမှာ အရှေ့အနောက် တောင်မြောက် တစ်နေရာစီ လိမ့်ဆင်းသွားသည်။ မြတ်မွန်မှာ ပန်းသီးတွေကို တစ်လုံးချင်း လိုက်ကောက်ရသည်။ ထိုအချိန်တွင် တံခါးဖွင့်၍ သူနာပြုဆရာမ ဝင်လာသည်။ ပန်းသီးတွေကို ကုန်းကောက်နေသော မြတ်မွန်ကို တည့်တည့်ဝင်တိုးမိရာ လန့်သွား၍…

'အောင်မလေး'

သူလက်ထဲတွင် ကိုင်ထားသော ဖိုင်တွဲကို လွှင့်အပစ် လူနာ နံရိုးမီးတောက်၏ ပေါင်နှစ်ဖက်ကြား ဘုန်းခနဲ ကျသွားသည်။

'အား'

ဆရာမက မြတ်မွန်ကို ငုံ့ကြည့်တုန်း ပန်းသီးကောက်ပြီးသည့် မြတ်မွန်ကလည်း အထ ဆရာမ မေးစေ့နှင့် မြတ်မွန်ခေါင်း ထပ်ဆောင့်မိသည်။

'အီး'

'သေပါပြီ'

ထိုအချိန်တွင် ကျင်ငယ်တွေထည့်ထားသော ဂန်ဖလားကို သွန်ရန် ဆေးရုံသန့်ရှင်းရေး အလုပ်သမား ဝင်လာသည်။ သူ့လက်ထဲတွင် တစ်ခန်းမှ သယ်လာသော ကျင်ငယ်နည်းနည်းနှင့် ဂန်ဖလား တစ်ခုလည်းပါသည်။ သူလည်း မထင်မှတ်ဘဲ ပန်းသီးတစ်လုံးကို ခြေထောက်နှင့် တက်နင်းမိသည်။

BURMESE CLASSIC

'အောင်မလေး'

သူ့လက်ထဲကိုင်ထားသော ဂန်ဖလားသည် လွတ်ထွက်သွားပြီး နံရိုးမီးတောက် ကိုယ်ပေါ်သို့ ဗွမ်းခနဲ ကျသွားသည်။ ကျင်ငယ်မှာ အနည်းငယ်ဆိုပေမဲ့ နံဟောင်ထသွားသည်။

'အီး… နံလိုက်တာ'

နံရိုးမီးတောက်မှာ ထလည်းပြေးလို့မရပေ။ ဒဏ်ရာကြီးနှင့် ကြိတ်မှိတ်ခံနေရသည်။ မြတ်မွန်ကလည်း ဘာလုပ်ရမှန်းမသိ။

www.burmeseclassic.com

www.burmeseclassic.com



'ဟဲ့... ကောင်မလေး ဘာလုပ်နေတာလဲ၊ နင့်ကြောင့် ဒီမှာ တော်တော်ရှုပ်ကုန်ပြီ'

'ကျွန်မ ပန်းသီးတွေ ပြုတ်ကျသွားလို့ ကောက်နေတာပါ'

သူနာပြုဆရာမက နှာခေါင်းပိတ်ပြီး ထွက်သွားသည်။ သေးနံ့ကြောင့် နံရိုးမီးတောက်ရော မြတ်မွန်မှာ အော်ဂလီဆန်၍ ဖို့တက်နေရဲ့။

'မမြတ်မွန်'

'ရှင်... အဲလေ ဘာလဲ'

'နှာခေါင်းလေး ပိတ်ထားပါလား'

'အင်း'

မြတ်မွန်က ယောင်ရမ်း၍ နှာခေါင်းပိတ်လိုက်သည်။

'ကျွန်တော် စကားလေးနည်းနည်းပြောချင်လို့'

'ပြောလေ'

'နည်းနည်းလေး နံတာတော့ သည်းခံပေးပါ'

'ရပါတယ် အော့'

'မြတ်မွန်ကို ကျွန်တော် ချစ်မိနေပြီ'

'ဝေါ့'

မြတ်မွန် မခံစားနိုင်တော့ပေ။

'ခဏ... ခဏ အပြင်ထွက်လိုက်ဦးမယ်'

'ကျွန်တော့်ပါ တစ်ခါတည်း ခေါ်သွားပါလား'

'ရှင်က လျှောက်နိုင်လို့လား'

'ရပါတယ်၊ ထိထားတာက ခေါင်းပဲ၊ ခြေထောက်မှ မဟုတ်တာ'

မြတ်မွန်က မတတ်သာဘဲ တွဲထူရလေသည်။

'ဒညင်းသီးတွေများ စားထားသလား မသိဘူး'

'စကားမများပါနဲ့၊ အပြင်ကိုသာ မြန်မြန်ထွက်'

'အောင်မလေး'

www.burmeseclassic.com

www.burmeseclassic.com



မြတ်မွန်မှာ အပြင်သို့ မြန်မြန်ထွက်ရာ လိမ့်နေသော ပန်းသီးတစ်လုံးကို တက်နင်းမိ၍ ဗိုင်းခနဲ ချော်လဲလေသည်။ မြတ်မွန်လဲတော့ သူကိုတွဲထားသော နံရိုးမီးတောက်လည်း လဲလေတော့သည်။

'အောင်မလေး မထနိုင်တော့ဘူးဗျ'

'သိပ်မအော်နဲ့၊ ရှင့်ကို ကျွန်မ အဖြေမပေးရသေးဘူး'

မြတ်မွန်တို့ကတော့ ဖြစ်လိုက်ရင် အသည်းအသန်ချည်းပဲ။

ကန်တော်ကြီးထဲတွင် ပျော်ပွဲစား ထွက်ကြသည်။ အန္တရာယ်တွေ အားလုံးကင်းစင်သွားပြီမို့ သူငယ်ချင်းတွေ လွတ်လွတ်လပ်လပ် ပျော်ရွှင်နေကြသည်။ ကန်ရေပြင်လေးသည် ကြည်စိမ်းလှပနေပြီး မိုးကောင်းကင်ကြီးသည် အတိုင်းအဆမဲ့ လင်းပွင့်နေသည်။ လေပြည်လေးတွေက ငြိမ်းချမ်းမှုရလာဒ်ကလေးတွေ ဖြစ်လျှင် သစ်ပင်လေးတွေက သာယာမှုကဗျာလေးတွေ ဖြစ်မည်။

သဥ္ဇာကတော့ တစ်ကိုယ်တော် တစ်ယောက်တည်းမို့ စားဖွယ်သောက်ဖွယ် အစုံအလင်ကို ပြင်ဆင်ခင်းကျင်းပေးရသည်။ နံရိုးမီးတောက်က ဆေးရုံမှ ဆင်းခါစမို့ ညှောင်နာနာဖြစ်နေသည်။ မြတ်မွန်က ချစ်သူတွေဖြစ်သွားတာတောင် သူ့နားသိပ်မကပ်ရဲ။ မတော်တဆတစ်စုံတစ်ခု ထပ်ဖြစ်သွားလျှင် ခွကျဦးမည်။ ဆလပ်ဆော့စ်ကတော့ သူရေးစပ်ထားသော သီချင်းကို ထပ်တလဲလဲ တီးပြနေသည်။ နှင်းနှင်းက ကြိမ်ဖန်များစွာ နားထောင်နေရသော သီချင်းကို နားငြီးသည်ဟု ဆို၏။

သဥ္ဇာက ပေါင်မုန့်တွေကို ထောပတ်နှင့် ယိုသုတ်ပြီး ဂျေးဖိ ဖျော်နေသည်။ နှင်းနှင်းက ပန်းသီးတွေကို ခွဲခြမ်းစိတ်ဖြာနေပြီး ဆလပ်ဆော့စ်က လက်ဖက်သုပ်ထဲက ပုစွန်ခြောက်တွေကို နှိုက်စားနေသည်။ မြတ်မွန်က ခေါက်ဆွဲကြော်ဘူးတွေကို ဖွင့်တင်ပေးနေပြီး နံရိုး

www.burmeseclassic.com

www.burmeseclassic.com



မီးတောက်က အသင့်စားခေါက်ဆွဲခြောက်ထုပ်ကို ရေနွေးဖျော်ထည့်နေသည်။

'သူငယ်ချင်းတို့ တို့တစ်တွေ ကျောင်းလည်းပြီးတော့မယ်၊ ပျော်ကြရဲ့လား'

'ပျော်တာပေါ့'

စကားတွေ အလ္လာပ သလ္လာပ ပြောဖြစ်ပြီး အရင်က ဟာသဖြစ်ခဲ့တာတွေကို တဝါးဝါး တဟားဟားနှင့် ပြန်ပြောကြသည်။

ထိုစဉ် နောက်ဆုံးပေါ်ကားတစ်စီး သူတို့နှင့် မလှမ်းမကမ်းတွင် ဆိုက်ရောက်လာသည်။ သူတို့အားလုံး ကား၏အရောင်တောက်ပြောင်မှုကြောင့် တစ်ချက်ငေးကြည့်ကြသည်။ ကားပေါ်မှ သစ်လွင်သပ်ရပ်စွာ ဝတ်စားဆင်ယင်လာသော ရုပ်ချောချော ကောင်လေးတစ်ယောက်ဆင်းလာသည်။ မျက်မှန်နက်လေးကို တပ်ဆင်ထားပြီး အရုပ်အမောင်းကောင်းသည်။ ရုပ်ရည်က အတော်ကလေးခန့်သည်။ သူက သဉ္ဇာတို့ရှိရာသို့ တစ်လှမ်းချင်း လျှောက်လာသည်။ ဆလပ်ဆော့စ်နှင့် နံရိုးမီးတောက်က ဒီကောင်ဘာကောင်လဲ အကြည့်နဲ့ ရှိုးနေကြသည်။

'ကျေးဇူးပြုပြီး စကားပြောခွင့်ရမလား မသိဘူး'

အသံကလည်း ချိုသာစူးရှလှသည်။

'ပြောပါ၊ ဘာကိစ္စရှိလို့လဲ မသိဘူး'

'သဉ္ဇာ၊ မြတ်မွန်၊ နှင်းနှင်း သုံးယောက်ဆိုတာ ဒီကလား မသိဘူး'

'ဟုတ်ပါတယ်'

မြတ်မွန်က ကြွပ်ဆတ်ဆတ်ဖြေသည်။

'အဲဒါဆို တဆိတ်လောက် ထပ်ခွင့်ပြုပါဦး'

ကောင်လေးက သူ့အင်္ကျီကြားထဲမှ ပန်းပွင့်စည်းလေး သုံးစည်းကို ထုတ်၍ သဉ္ဇာတို့သုံးယောက်ကို တစ်စည်းစီပေးသည်။

'ဒါ... ဒါဘာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါတော့ ကျွန်တော် မသိဘူး၊ ကျွန်တော့်ကိုပေးခိုင်းလို့လာပေးရတာပဲ'

'ဘယ်သူက ပေးခိုင်းတာလဲ'

မြတ်မွန်တို့ သုံးယောက်စလုံး ထိုင်နေရာမှ မတ်တပ်ထလိုက်ကြသည်။

'အဲဒါကတော့ ပြောပိုင်ခွင့် မရှိပါဘူး၊ ကျွန်တော်က တာဝန်နဲ့ ဝတ္တရားအရ လုပ်ဆောင်ရတာပါ'

ကောင်လေးက ခပ်သဲ့သဲ့လေး ပြုံး၍ ချာခနဲလှည့်ထွက်သွားသည်။ သုံးလှမ်းလောက်လှမ်းပြီးမှ ချက်ချင်းနောက်ပြန်လှည့်လာသည်။

'မေ့လို့ ဟောဒီမှာ စာတစ်စောင် ပေးလိုက်သေးတယ်'

ကောင်လေးက ပေးပြီးနောက် ကားပေါ် ပြန်တက်၍ ကားကို ဝူးခနဲ မောင်းထွက်သွားသည်။

'ဘာစာလဲ'

သဥ္ဇာက စာကို အရင်ဖောက်ဖတ်ကြည့်သည်။ စာထဲမှာ ရေးထားတာက...

*'မှုရင်းရှိသလို မိတ္တူလည်း ရှိနိုင်ပါတယ်။*

*လှို့ဝှက်ချက်တော်တော်များများက မိတ္တူထဲမှာလည်း ရှိနိုင်ပါတယ်။*

*နောက်မကျသေးပါ၊*

*ရှေ့မှာဖြစ်ခဲ့တဲ့ အရာတွေကို မမေ့ပစ်ပါနဲ့၊*

*မှုရင်းထက် မိတ္တူက ပိုကောင်းပြီး ထိရောက်သွားနိုင်တယ်'*

'ဟာ'

သဥ္ဇာ၊ မြတ်မွန်၊ နှင်းနှင်းတို့အတွက် အာမေဋိတ်အသံပြုရုံမှတစ်ပါး...

ချစ်မျှားရှင်

www.burmeseclassic.com